mgyoe.com

SAMPLE BOOK



ကမ်းကြားလေ

ဖိုးကျော်

mgyoe.com

mgyoe.com SAMPLE BOOK

ာတောင် ပင်နယန်ေ
ျိုးရိုးပြီး ကြီးတာကမှ ပို
ားပေါက အရေးမကြီးဘူးရယ်လို့ သတ်မှတ်ပေ
ုတ်ဘူး။ ပင်နယန်အသေးကလည်း သေးသာသေး
ယ်ပေမဲ့ နာရီဆိုတဲ့ ယန္တရားတစ်ခု ပုံမှန်လည်ပတ်နိုင်ဖို့အ
သက်ဆိုင်ရာတာဝန်ကို ယူထားရတာမို့ သူ့မှာလည်း သီးသ
အရေးပါမှုတစ်ခု ပိုင်ဆိုင်ထားတယ်။



ISBN 978-99986-52-71-2
K0549

mgyoe.com

COVER DESIGN LKH2025

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကဲ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - ဖေဖော်ဝါရီလ၊ ၂၀၂၅ ခုနှစ်၊ ကဲ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးနှင့် - အောင်သိန်းသန်း ပုံနှိပ်တိုက် (၀၀၄၃၅)
အတွင်းပုံနှိပ် အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးသရုပ်ဖော် - လွင်ကိုထိုက်

တန်ဖိုး - ၁၈၀၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK



ကြမ်းကြားလေ

ဖြိုးကျော်

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

ဝန်ခံချက် (၁)

ဤဝတ္ထုသည် သမိုင်းနောက်ခံ ဇာတ်လမ်းတစ်ပုဒ် ဖြစ်ပြီး ဤဇာတ်လမ်းပါ အကြောင်းအရာ အလုံးစုံ (အလုံးစုံ) သည် မြန်မာနိုင်ငံတွင် အမှန်တကယ် ဖြစ်ပျက်ခဲ့ဖူးသည်ဟု အတိအကျ အာမ မခံနိုင်ပါ။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

နိဒါန်း

အချိန်က ၁၉၄၄ ခု။ အဲဒီအချိန်မှာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးရာသီဥတုက အတွင်းရော အပြင်ပါ ဖြောင်းဆန်အောင် ဗလောင်ဆူ ပွက်လောရိုက်နေတယ်။ အပြင်ဆိုတာက လက်တွေ့ မြေပြင်အခြေအနေကို ပြောတာ။ ၁၉၄၄ ခုနှစ်၊ မတ်လမှာ နိပွန် တပ်မတော်ရဲ့ ဗိုလ်ချုပ်မူတာဂူချီ ဦးစီးတဲ့ တပ်မ (၁၅) က မြန်မာ-အိန္ဒိယ နယ်စပ်မှာ ရှိတဲ့ အင်ဖာမြို့နဲ့ ကိုဟီးမြို့ကို ဝင်တိုက်ခဲ့တယ်။ အဲဒီတိုက်ပွဲကပဲ နိပွန် တပ်မတော်ရဲ့ အနာဂတ်ကံကြမ္မာကို ဗုဒ္ဓမချပေးလိုက်သလို ဖြစ်သွားခဲ့တယ်။ ဘာဖြစ်လို့လဲ ဆိုတော့ မြန်မာ့စစ်မြေပြင်မှာ တိုက်တိုင်းအောင် ဆိုတဲ့ ဂုဏ်ပုဒ်နဲ့ လက်မထောင်နိုင်ခဲ့တဲ့ နိပွန်တပ်မတော်ဟာ အင်ဖာ-ကိုဟီးမ စစ်ဆင်ရေး (V-Go စစ်ဆင်ရေး လို့လည်း ခေါ်တယ်) ကနေ အစပြုလို့ နောက်ဆုံး အပြီးအပိုင် လက်နက်ချသွားတဲ့အထိ တိုက်ခဲ့သမျှ စစ်ပွဲအားလုံးမှာ တစ်ပွဲမှ နိုင်ပွဲမရှိတော့ဘဲ ဆက်တိုက် ကိုပဲ အရှုံးကြီး ရှုံးသွားခဲ့ကြတယ်။ ဂျပန်တွေ စိတ်ဓာတ်ကျပြီး အညွှန့်ကျိုးသွားတာကို အခွင့်ကောင်းယူပြီး အင်္ဂလိပ်အပါအဝင် မဟာမိတ်တပ်တွေကလည်း ၁၉၄၄ ခု နှစ်လယ်ပိုင်းမှာ မြန်မာပြည်ကို ပြန်သိမ်းဖို့ မြန်မာပြည်မြောက်ပိုင်း၊ အိန္ဒိယနယ်စပ်ကနေ စစ်ကြောင်းအသွယ်သွယ်နဲ့ မြန်မာပြည်ထဲကို စိမ့်ဝင်လာခဲ့ကြတယ်။ ဒီလိုနဲ့ ၁၉၄၄ ခု နှစ်လယ်ပိုင်းက စပြီး မြစ်ကြီးနား၊ ဗန်းမော်၊ ကသာ စတဲ့ မြို့ကြီးတွေ တစ်မြို့ပြီးတစ်မြို့ အင်္ဂလိပ်လက်အောက်ကို ပြန်လည် ကျရောက်သွားပြီး မဟာမိတ်တပ်တွေကလည်း ရွှေဘိုလွင်ပြင်အထိ ရောက်လို့ လာခဲ့တယ်။ ဂျပန်တွေကလည်း တပ်ဆုတ်ရင်း ဆုတ်ရင်းနဲ့ ၁၉၄၅ ခု နှစ်ဆန်းပိုင်းမှာ မန္တလေးမြို့ကနေ ခုခံဖို့ စောင့်ဆိုင်းနေကြရတဲ့ အဆင့်ကို ရောက်ရှိသွားတယ်။ ဒါက အပြင်ဘက်မှာ ဗလောင်ဆူနေတာ။

အတွင်းဘက်မှာလည်း ရေနွေးအိုးကို အဖုံးအုပ်ထားသလို ကျွက်ကျွက်ဆူနေသေးတယ်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ ဗမာ့လွတ်မြောက်ရေး တပ်မတော်၊ ဘီအိုင်အေက အင်္ဂလိပ်ကို တိုက်ဖို့အတွက် ဂျပန်တွေကို မြန်မာ့မြေပေါ် ခေါ်သွင်းလာခဲ့တယ် ဆိုပေမဲ့ ဂျပန်တွေရဲ့ လှည့်ဖြားမှုနဲ့ ဆိုးယုတ်တဲ့ အကျင့်

mgyoe.com

mgyoe.com SAMPLE BOOK

စရိုက်တွေကို တစ်နေ့တခြား ပိုပိုပြီး တွေ့မြင်လာရတာကြောင့် ဖက်ဆစ်ဂျပန်တွေကို လစ်တာနဲ့ ပြန်တော်လှန်မယ်လို့ အံတကြိတ်ကြိတ် ဖြစ်နေကြတာက လည်း အတုအယောင် ရွှေရည်စိမ် လွတ်လပ်ရေးရတဲ့ ၁၉၄၃ ခုနှစ်လောက် ကတည်းကပဲ။ အခု ၁၉၄၄ ခုထဲ ရောက်လာတော့ အထက်မြန်မာပြည်မှာက လည်း ဂျပန်နဲ့ အင်္ဂလိပ်တွေ (အမေရိကန်တွေရော၊ တရုတ်တွေရော ပါတယ်) က ဗျင်းနေကြပြီ ဆိုတော့ကာ မြန်မာမျိုးချစ်တွေလည်း သွေးဆူလာကြပြီပေါ့။ ဂျပန် ကို ပြန်တော်လှန်ဖို့ ကျိတ်ကြံလာကြပြီပေါ့။ ဒါပေမဲ့ ထုံးစံအတိုင်း မြန်မာပြည် မှာက အဖွဲ့တွေ အများကြီး ကွဲနေသေးတယ်။ ဂျပန်ရှပ်သေးအစိုးရကို ဦးဆောင် တဲ့ ဒေါက်တာဘမော်တို့လို ဝါရင့် နိုင်ငံရေးသမားကြီးတွေက တစ်ဖွဲ့၊ ဗမာ့ တပ်မတော်ကို ဦးဆောင်နေတဲ့ ဗိုလ်တေဇ ခေါ် ဗိုလ်ချုပ်အောင်ဆန်းတို့လို လူငယ် ခြေတက်တွေက တစ်ဖွဲ့၊ ဟိုးအစောကြီးကတည်းက ဖက်ဆစ်တွေကို မြန်မာ ပြည်ထဲ ခေါ်သွင်းဖို့ လုံးဝ သဘောမတူခဲ့ကြတဲ့အပြင် ဂျပန်တွေ ဝင်လာတော့ လည်း ဦးအောင် နှိပ်ကွပ်ခံခဲ့ကြရတဲ့ သခင်စိုး ဦးဆောင်တဲ့ ကွန်မြူနစ်ရဲဘော် တွေက တစ်ဖွဲ့။ ဘယ်လိုပဲ အဖွဲ့ကွဲကွဲ အားလုံးရဲ့ ဘုံရည်မှန်းချက်ကတော့ ဖက်ဆစ် ဂျပန်တွေကို တိုက်ထုတ်ဖို့ပဲ။

အရင်ကတော့ အင်္ဂလိပ်အခက် ဗမာ့အချက်ပေါ့။ အခုတော့ ဖက်ဆစ် အခက် ဗမာ့အချက် ဖြစ်သွားပြန်ပြီ။ အင်္ဂလိပ်၊ အမေရိကန်နဲ့ တရုတ် ချန်ကေရှိတ် တပ်တွေက မြန်မာပြည် မြောက်ပိုင်းကို သိမ်းလာလိုက်ကြတာ ၁၉၄၄ ခု နှစ်ကုန် ပိုင်းမှာ မြန်မာပြည် မြောက်ပိုင်းကို သိမ်းပြီးသလောက် ဖြစ်သွားခဲ့ပြီ။ ဒီတော့ ဗမာ့မျိုးချစ်လူငယ်တွေကလည်း ဂျပန်ကို ပြန်တိုက်ဖို့ တိတ်တဆိတ် လူစုပြီး ကြံဆောင်လာကြတော့တာပေါ့။ ဂျပန်တွေကလည်း ပြောင်းလဲလာတဲ့ နိုင်ငံရေး ချိန်ခွင်လျှာကို ရိပ်စားမိကြတာကြောင့် ဗိုလ်တေဇ အပါအဝင် မျိုးချစ်ခေါင်းဆောင် တွေရဲ့ အရိပ်အခြည်ကို တည့်တည့်တစ်မျိုး၊ ကွယ်ရာတစ်ဖုံ ချောင်းမြောင်း စောင့် ကြည့်နေခဲ့ကြတယ်။ ဒီတော့ ဗမာ့တပ်မတော်ရဲ့ စစ်သေနာပတိ ဖြစ်နေတဲ့ ဗိုလ်တေဇက တော်လှန်ရေးကိစ္စတွေကို ဘာမှ ပေါ်ပေါ်ထင်ထင် လုပ်လို့ မရခဲ့ဘူး။ အထူးသဖြင့် လူထုအင်အားကို အခြေခံထားတဲ့ ကွန်မြူနစ်ခေါင်းဆောင် သခင်စိုး နဲ့လည်း လူသိရှင်ကြား တွေ့ခွင့် မရဘူး ဖြစ်နေတယ်။

ဒီမှာ သခင်စိုး ခေါင်းဆောင်တဲ့ ကွန်မြူနစ်ရဲဘော်တွေရဲ့ လွတ်လပ်ရေး ကြိုးပမ်းမှုကို အနည်းအကျဉ်းလောက် ပြောဖို့ လိုလိမ့်မယ် ထင်တယ်။ သခင်စိုး က ကွန်မြူနစ်ခေါင်းဆောင် ဖြစ်နေတဲ့ အတွက်ကြောင့် ဂျပန်တွေ ဝင်လာကတည်း

mgyoe.com

mgyoe.com SAMPLE BOOK

က ဖမ်းဝရမ်း အထုတ်ခံထားရတဲ့ လူတစ်ယောက် ဖြစ်နေတယ်။ ဖက်ဆစ်ဂျပန်တွေက တရုတ်ပြည်မှာ အလူးအလိမ့် ခံထားခဲ့ရဖူးတော့ ကွန်မြူနစ်ဆိုရင် ကလေးသော၊ ခွေးသော ကြည့်မနေဘူး။ ကျူပင်ခုတ် ကျူငုတ်ပါမချန်ဘဲ အပြုံးကြီးကြီးနဲ့ ရှင်းပစ်ချင်နေခဲ့တာ။ ဒါကြောင့် သခင်စိုးက ဧရာဝတီတိုင်းထဲက ကျေးရွာတွေမှာ ဟိုရွှေ့ဒီပြောင်းနဲ့ ဂျပန်ခေတ် တစ်ခေတ်လုံး ခြေသလုံးအိမ်တိုင် နေထိုင်ခဲ့ရတယ်။ ဒါပေမဲ့ သူနဲ့ သူ့ရဲဘော်တွေက ကျေးရွာဇနပုဒ်တွေမှာ ဘာမှ မလုပ်ဘဲ အလဟဿ နေသွားခဲ့ကြတာတော့ မဟုတ်ဘူး။ ရောက်သမျှ ကျေးရွာတိုင်းမှာ တော်လှန်ရေး ဆွယ်တရား ဟောခဲ့တယ်။ ကွန်မြူနစ်သဘောတရားတွေ ဖြန့်ဝေခဲ့တယ်။ ပြီးတော့ ရရာလက်နက် စွဲကိုင်ပြီး ပြောက်ကျားတပ်တွေ ဖွဲ့လို့ စစ်ရေးလေ့ကျင့်မှုတွေ ပြုလုပ်ခဲ့တယ်။ နောက်ပိုင်းကျတော့ အဲဒီ ပြောက်ကျားတပ်တွေနဲ့ မြေအောက်ရဲဘော်တွေရဲ့ အကူအညီနဲ့ ဂျပန်တွေရဲ့ လှည့်ကင်းနဲ့ ကင်းစခန်းတွေကို အလစ်အငိုက် ဝင်တိုက်ခဲ့ကြတယ်။ ဒါပေမဲ့ လူအင်အား၊ လက်နက်အင်အားအရ ဘာမှ မပြောပလောက်တော့ ဂျပန်တွေကို အတိအလင်း တော်လှန်ပုန်ကန်နိုင်တဲ့ အဆင့်အထိတော့ ရောက်မလာခဲ့ဘူး။ ဒါပေမဲ့ ဧရာဝတီတိုင်းနဲ့ ပဲခူးတိုင်းထဲမှာတော့ ရွာတွေ ရွာတွေမှာ သူတို့ရဲ့ ပြောက်ကျားတပ်တွေ၊ မြေအောက်ရဲဘော်တွေနဲ့ အတော်လေးကို အင်အားကောင်းလာခဲ့တယ်။

ဒီတော့ ဂျပန်ကို တရားဝင် တော်လှန်ကြတော့မယ် ဆိုရင် မြေပေါ်က တပ်ဖြစ်တဲ့ ဗိုလ်တေဇရဲ့ ဘီဒီအေနဲ့ ပြည်သူလူထုအကြားမှာ စိမ့်ဝင်ပျံ့နှံ့နေတဲ့ သခင်စိုးရဲ့ ပြောက်ကျားတပ်က ပူးပေါင်းလုပ်ဆောင်နိုင်ဖို့ အလိုအပ်ကြီး လိုအပ်လာတော့တာပေါ့။ ဒါကြောင့် သူတို့နှစ်ဖွဲ့ရဲ့ ခေါင်းဆောင်တွေ ဖြစ်ကြတဲ့ ဗိုလ်တေဇနဲ့ သခင်စိုးတို့ဟာ တစ်နေရာမှာ လူချင်းတွေ့ပြီး ဖက်ဆစ်တော်လှန်ရေးအတွက် တိုင်ပင်ဆွေးနွေးကြဖို့ တိတ်တဆိတ် စီစဉ်ကြတော့တယ်။ နောက်ဆုံး ထွက်ပေါ်လာတဲ့ ဆုံးဖြတ်ချက်အရ ဆုံရပ်ကတော့ ပဲခူးမြို့ထဲက ဗိုလ်ကျော်ဇော်ရဲ့ နေအိမ်။ တွေ့ဆုံကြမယ့် အချိန်က ၁၉၄၄ ခု၊ ဩဂုတ်လ ၄ ရက်။ တွေ့ဆုံကြမယ့် လူတွေက ဗိုလ်တေဇ၊ ဗိုလ်လက်ျာ၊ သခင်စိုး၊ သခင်သန်းထွန်းနဲ့ ကိုဗဟိန်း။

အစောပိုင်းက ပြောခဲ့သလိုပဲ။ စစ်သေနာပတိ ဖြစ်တဲ့ ဗိုလ်တေဇကို ဂျပန် ကင်ပေတိုင်တွေက သင်္ကာမကင်း ဖြစ်လာကြလို့ မျက်စိဒေါက်ထောက်ပြီး ကြည့်နေခဲ့တာ ကြာပြီ၊ ဒီတော့ ဗိုလ်တေဇက သခင်စိုးနဲ့ တွေ့ဆုံပြီး ဂျပန် တော်လှန်ရေးအတွက် တိုင်ပင်နေကြပါတယ်လို့ သတင်းပေါက်ကြားသွားခဲ့ရင် ဗိုလ်တေဇရဲ့ ကံကြမ္မာ၊ မြန်မာပြည်ရဲ့ ကံကြမ္မာက ဘယ်သို့တယ်ပုံ ပြောင်းလဲသွားမလဲ ဆိုတာ

mgyoe.com

mgyoe.com SAMPLE BOOK

ကို စာရှုသူလည်း ခနဲ့မှန်းကြည့်လို့ ရမယ် ထင်တယ်။ ဒါကြောင့် ဒီတွေ့ဆုံပွဲက အထူးလျှို့ဝှက်ချက်ပဲ။ တစ်ဖွန်းတစ်စလေးတောင် ပေါက်ကြားလို့ မရတဲ့ လျှို့ဝှက်ချက်ပေါ့။ တကယ်ဆို ဩဂုတ်လ ၄ ရက်မှာ တွေ့ဆုံကြမယ်လို့ သဘောတူညီချက်ရဖို့တောင် အားလုံးက ခိုးကြောင်ခိုးဝှက် လုပ်ခဲ့ကြရတာ။ ပြောရရင် ဗိုလ်တေဇရဲ့ (ဗိုလ်ကျော်ဇော ဦးဆောင်တဲ့) မြေအောက်ရဲဘော်တွေနဲ့ သခင်စိုးရဲ့ မြေအောက်ရဲဘော်တွေက သတင်းတွေကို ဟိုနဲ့ဒီနဲ့ ကူးချိသန်းချို သယ်ယူပို့ဆောင်ပေးကြရင်း သဘောတူညီမှုတစ်ခု ရအောင် မနည်းကြိုး ကြိုးစားခဲ့ကြရတာ။ စာရှုသူပဲ စဉ်းစားကြည့်ပေါ့။ အဲဒီမြေအောက်ရဲဘော်ထဲက တစ်ယောက်ယောက်ကိုသာ ဂျပန်ကင်ပေတိုင်တွေ ဖမ်းမိသွားခဲ့ရင် ဘယ်လို လုပ်မလဲ။ ဖမ်းမိသွားပြီး တွေ့ဆုံပွဲ အစီအစဉ်ကို အနှံ့ရသွားခဲ့ရင် ဘယ့်နယ်လုပ်မလဲ။ အနှံ့ရသွားလို့ မျိုးချစ်ခေါင်းဆောင်တွေကို ကျိတ်ဖမ်းဖို့ ကြံစည်နိုင်ခဲ့ရင် ဘယ့်နယ်လုပ်မလဲ။ တကယ်တော့ တစိုးတစိလေးတောင် အမှားမခံနိုင်တဲ့ လုပ်ငန်းတွေပါ။ အဲဒီလို စာပေးစာယူ လုပ်ပေးနေတဲ့၊ ကြားထဲကနေ ကြားခံဆက်သွယ်ပေးနေတဲ့ မြေအောက်ရဲဘော်တွေသာ တစ်စုံတစ်ခု ချွတ်ချော်သွားခဲ့ရင် ဂျပန်တော်လှန်ရေးရဲ့ ရလဒ်ကလည်း တစ်မျိုးတစ်မည် ပြောင်းလဲသွားမှာတော့ အမှန်ပဲ။ နောက်ပြီး ဖဆပလလို့ နာမည်ကျော်လာမယ့် မျိုးချစ်အဖွဲ့ရဲ့ မူလသန္ဓေတည်ရာ ဖတပလ (ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်မြောက်ရေး) အဖွဲ့ဆိုတာလည်း ရှိလာနိုင်စရာ အကြောင်း မရှိတော့ဘူး။

အခု ဆက်လက်ဖော်ပြမယ့် ဇာတ်လမ်းက တကယ်တော့ အညတရရဲဘော်တွေရဲ့ အညတရ အဖြစ်အပျက်လေး တစ်ခုပါ။ ဒါပေမဲ့ နာရီတစ်လုံးမှာတောင် ပင်နယန်တွေက အကြိုး၊ အသေး အမျိုးမျိုးရှိပြီး ကြီးတာကမှ ပိုအရေးကြီးတယ်၊ သေးတာက အရေးမကြီးဘူးရယ်လို့ သတ်မှတ်လို့ ရတာမျိုး မဟုတ်ဘူး။ ပင်နယန်အသေးကလည်း ဒသေးသာသေး၊ ငယ်သာငယ်ပေမဲ့ နာရီ ဆိုတဲ့ ယန္တရားတစ်ခု ပုံမှန်လည်ပတ်နိုင်ဖို့အတွက် သက်ဆိုင်ရာ တာဝန်ကို ယူထားရတာမို့ သူ့မှာလည်း ဒီးသန့်အရေးပါမှုတစ်ခု ပိုင်ဆိုင်ထားတယ်။ အဲဒီ ပင်နယန်သေးသေးလေးကသာ သူ့တာဝန်ကို သူ မကျေပွန်ခဲ့ရင် နာရီဆိုတဲ့ ယန္တရားကြီး တစ်ခုလုံး ရပ်တန့်သွားမယ်။ ဒါမှမဟုတ် နောင့်နှေးသွားမယ်။ အဲဒီလိုပါပဲ။ ဖက်ဆစ်တော်လှန်ရေး ဆိုတဲ့ ယန္တရားကြီးတစ်ခုမှာလည်း မြေအောက်ရဲဘော် ဆိုတဲ့ အဲဒီ အညတရ ပင်နယန်လေးတစ်ခုသာ လွဲချော်သွားခဲ့ရင် ...

+

mgyoe.com

mgyoe.com SAMPLE BOOK

အပိုင်း (က)

အရှေ့လေ

mgyoe.com

mgyoe.com SAMPLE BOOK

အခန်း (၁)

(က)

နိုပွန်လေတပ်မတော်က ၁၉၄၁ ခု၊ ဒီဇင်ဘာလ ၂၃ ရက်နေ့မှာ ရန်ကုန်မြို့နဲ့ မော်လမြိုင်မြို့ကို စစ်ကြေညာတဲ့အနေနဲ့ အဦးဆုံး ဗုံးကြဲချခဲ့ကြတယ်။ နောက်တော့ ဒီဇင်ဘာလ ၃၁ ရက်နေ့မှာ နှစ်သစ်ကူးလက်ဆောင်အဖြစ်နဲ့ ပဲခူးမြို့ကို ဗုံးကြဲခဲ့ကြပြန်တယ်။ ပဲခူးမြို့ကို ဗုံးကြရာမှာတော့ လူနေအိမ်ခြေတွေကို ပစ်မှတ်ထားတာ မဟုတ်ဘဲ ပဲခူးဘူတာနဲ့ စစ်ရေးပစ်မှတ်တွေကိုပဲ ဦးတည်ပြီး ဗုံးကြဲသွားခဲ့တာ။ ဒါကြောင့် လူနေအိမ်ခြေတွေက လုံးဝနီးပါး မထိခိုက်သလောက်ပဲ။ ဒါပေမဲ့ ၁၉၄၂ ခု၊ မတ်လဆန်းမှာ အင်္ဂလိပ်တပ်တွေ အကုန်လုံး ပဲခူးမြို့ကနေ စွန့်ခွာကြတော့ မြေလှန်စနစ်အရ မြို့ကို မီးတိုက်ခဲ့ကြတယ်။ ဒီတော့ ဂျပန်ဗုံးကြဲလို့ မပျက်ခဲ့တဲ့ မြို့က အင်္ဂလိပ်မီးတိုက်လို့ ပြာပုံအတိ ဖြစ်သွားခဲ့ရတော့တာပေါ့။ ၁၉၄၄ ခုနှစ်ကို ရောက်လာတဲ့အချိန်မှာ ပဲခူးမြို့က ၁၉၄၂ ခုနှစ်ကလို ယမ်းနဲ့၊ ညှော်နဲ့၊ မီးခိုးနဲ့တွေ အုထမနေတော့ပေမဲ့ မြို့ရဲ့ တစ်ဝက်ကျော်လောက်ကတော့ အပျက်အစီးပုံတွေကြားကနေ နာလန်မထနိုင်ကြသေးဘူး။ ဘယ်နားကိုပဲ မျှော်ကြည့်လိုက် မျှော်ကြည့်လိုက် အုတ်ပုံတွေ၊ မီးကျွမ်းနေတဲ့ သစ်တိုသစ်စတွေ၊ အိမ်ပြိုအိမ်ပျက်တွေက အတုံးအရုံး စုပုံနေကြတုန်းပဲ။

ပဲခူးမြို့ဆိုတာ တစ်ချိန်က ဟံသာဝတီမြို့တော်ရယ်လို့ ဟည်းထအောင် ကြီးကျယ်ခမ်းနားခဲ့တဲ့ နေပြည်တော်ကြီးတစ်ခုပါ။ အဲဒီမြို့တော်ကြီးကလည်း လွန်ခဲ့တဲ့

mgyoe.com

mgyibe.com SAMPLE BOOK

နှစ်ပေါင်း နှစ်ရာ၊ ၁၇၅၇ ခုနှစ်မှာ အခုလိုပဲ မီးတိုက်ခံရလို့ ပြာပုံအတိ ဖြစ်သွားခဲ့ဖူးတာပဲ, မဟုတ်လား။ ဒါကိုက ပဲခူးမြို့ရဲ့ ကံကြမ္မာလို့ပဲ ဆိုရမလား မပြောတတ်တော့ဘူး။ အဲဒီလို ပြာပုံအတိ ဖြစ်သွားခဲ့တဲ့ မြို့ရဲ့ ကြမ္မာဆိုးနဲ့ လားလားမှ မပတ်သက်သလို ခန့်ခန့်စန့်စန့်ကြီး နေသွားနိုင်ခဲ့တဲ့ စံအိမ်ကြီးတစ်ခုတော့ ရှိခဲ့တယ်။ အဲဒီစံအိမ်ရဲ့ နာမည်က 'နေလ' စံအိမ် တဲ့။

အဲဒီ နေလစံအိမ်က နန်းတော်ရာရဲ့ အနောက်ဘက် တစ်မိုင်ပျော့ပျော့လောက် အကွာမှာ ရှိတယ်။ စံအိမ်ရဲ့ မြေဧရိယာက ၁၀ ဧကကျော် ရှိတာမို့ အတော်ကျယ်တဲ့ ခြံကြီးတစ်ခြံလို့ ပြောရလိမ့်မယ်။ ခြံထဲမှာက တစ်ထပ်အုတ်တိုက် နှစ်လုံးနဲ့ နှစ်ထပ်အုတ်တိုက် နှစ်လုံး၊ စုစုပေါင်း အုတ်တိုက် လေးလုံး ရှိတယ်။ အဲဒီအုတ်ထိုက် လေးလုံးစလုံးနဲ့ ခြံကြီးထဲက မုခ်ဦး၊ ရေပန်းခုံ၊ အပန်းဖြေဆောင်၊ ငါးကန်၊ ကနုတ်မီးတိုင် စတဲ့ အလှပြအဆောက်အအုံတွေက စစ်ဘေးစစ်ဒဏ်ကြောင့် ဘာတစ်ခုမှ ပျက်စီး ယိုယွင်းသွားတာ မရှိခဲ့ဘူး။ ပြောရရင် ကမ္ဘာစစ်ကြီးက သူနဲ့ လားလားမှ မသက်ဆိုင်ခဲ့သလိုပဲ။ ပဲခူးမြို့ကို ဝေဟင်အထက်ကနေ ငုံ့ကြည့်လိုက်မယ်ဆိုရင် နောက်(နွား) ချေးပုံထက်မှာ ပန်းတစ်ပွင့် ထိုးထားတဲ့အလား မခိုးမခန့်နဲ့ ပဲခူးမြို့သူ၊ မြို့သားတွေကို လှောင်ပြောင်နေတဲ့ အတိုင်း။

ဒါပေမဲ့ ပဲခူးမြို့သူ၊ မြို့သားတွေကတော့ အဲဒီ နေလစံအိမ်ကြီးကို ကွယ်ရာမှာ နေလစံအိမ်လို့ မခေါ်ကြဘူး။ မဖြစ်အိမ် တဲ့၊ အဲဒီစံအိမ်ကြီးထဲက အဆောက်အအုံတွေ၊ ရှုခင်းတွေ ဘယ်လောက်တောင်ပဲ လှပနေပါစေ၊ သူတို့က အဲဒီစံအိမ်ကြီးကို ပဲခူးမြို့ရဲ့ အမာရွတ်ကြီးလို့ ယူဆထားကြတာ။

ဘာကြောင့် မဖြစ်အိမ်လို့ ခေါ်ကြတာလဲ။ ဘာဖြစ်လို့ အမာရွတ်ကြီးလို့ မှတ်ယူထားကြတာလဲ။

ဒါက အဲဒီ နေလစံအိမ်ရဲ့ ပိုင်ရှင်အကြောင်းကို ပြောပြမှ ရလိမ့်မယ်။ ပိုင်ရှင်ရဲ့အကြောင်းကို မပြောခင်မှာ အဲဒီမဖြစ်အိမ် ... အဲ ... နေလစံအိမ်ရဲ့ တည်နေရာ ပတ်ဝန်းကျင်အကြောင်းကို အရင် စပြောရအောင်။ စောစောကလည်း ပြောခဲ့ပြီးပါပြီ။ နေလစံအိမ်က နန်းတော်ရာရဲ့ အနောက်ဘက်စူးစူးမှာ ရှိတယ်။ နန်းတော်ရာရဲ့ အနောက်ဘက် ဆိုတာ လူသတ်ကုန်း မဟုတ်လား။ အဲဒါ လွန်ခဲ့တဲ့ အနှစ်နှစ်ရာလောက်က ဆိုပေမဲ့ လူတွေက အစွဲကြီးကြတာကလား။ ဒီတော့

mgyibe.com

mgyoe.com SAMPLE BOOK

အဲဒီနယ်မြေ တစ်ဝိုက်ကိုလည်း လူတွေက လာဘ်မရှိဘူး၊ ကျတ်ကုန်း၊ ဖုတ်ကုန်း၊ သရဲကုန်း ဆိုပြီး ဟံသာဝတီ ပျက်ပြီးတာတောင် ဘယ်သူမှ မက်မက်စက်စက် မရှိခဲ့ကြဘူး။ ပြောရရင် အဲဒီပတ်ဝန်းကျင်မှာ ရှိတဲ့ စေတီပုထိုးတွေကိုတောင် ပြုပြင်မယ့်သူ မရှိလို့ အနှစ် နှစ်ရာနီးပါး ဒီအတိုင်း ပစ်ထားခဲ့ကြတာ အခုဆို ဘုရားအများစုက အုတ်ကမူသဉ္ဇာပဲ ကျန်တော့တယ်။ ပြီးတော့ အဲဒီနေရာက မြေနိမ့်ပိုင်း ဖြစ်လေတော့ မိုးဝင်ပြီ ဆိုတာနဲ့ အင်းကြီးတစ်အင်းလို ဘယ်နားကြည့်ကြည့် ရေတွေက ဖွေးဖွေးလှုပ်နေတယ်။ နောက်နှစ် တပို့တွဲ၊ တပေါင်းကို မရောက်မချင်း ရေက ခန်းသွားတယ်ရယ်လို့ မရှိဘူး။ ဒါကြောင့် အဲဒီနေရာမှာ. ဖားရှာ၊ ငါးရှာတဲ့ လူတဲချို့က လွဲလို့ တော်တန်ရုံလူက မနေရဲ၊ မလာရဲတာ နှစ်ပရိစ္ဆေဒ ကြာပေါ့။

ဒါပေမဲ့ အဲဒီအခြေအနေက နေလစံအိမ်ကြီး ရောက်လာတော့ အတော် အတန်. ပြောင်းလဲသွားတယ်။ အဲဒီ ဆယ်ဇကဲခြံကြီးကို ဘယ်တုန်းက ဘယ်လို ဝယ်လိုက်သလဲ ဆိုတာကို လူအများစု မသိလိုက်ကြပေမဲ့ အဲဒီခြံထဲမှာ နှစ်ထပ် တိုက်ကြီးတစ်လုံး ဟည်းထနေအောင့် စဆောက်တော့ လူတွေ သိသိသာသာ သတိထားမိသွားကြတယ်။ ပြီးတော့ ရေလွှမ်းနေတဲ့ အင်းကြီးကိုလည်း တာဖို့ပြီး ကျောက်လမ်းမကြီး ဖြူးနေအောင် ခင်းထားလိုက်သေးတာကိုး။ နောက်တော့ အဲဒီခြံကြီးရဲ့ ပိုင်ရှင်က ဘယ်သူဘယ်ဝါ ဖြစ်တယ် ဆိုတာကိုလည်း သိလိုက်ရရော လူတွေရဲ့ စိတ်ဝင်စားမှုက ဒီဂရီအမြင့်ဆုံးအထိ ရောက်ရှိသွားတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ အဲဒီခြံကြီးရဲ့ ပိုင်ရှင်က ဓားပြဗိုလ် ဗိုလ်မျက်ခုံး ဖြစ်နေလို့ပဲ။

ဗိုလ်မျက်ခုံးဆိုတာက ၁၈၈၀ – ၁၉၀၀ ပတ်ဝန်းကျင်လောက်မှာ ပဲခူးနယ်ထဲက ရွာသူရွာသားတွေ ဖိမ့်ဖိမ့်တုန်နေအောင် ကြောက်ကြရတဲ့ ဓားပြဗိုလ်ကြီးကိုး။ သို့ပေမဲ့ သူက အောက်ဘက် ပဲခူးခရိုင်ထဲမှာတော့ လှုပ်ရှားလေ့ မရှိဘူး။ အဓိကအားဖြင့် ပဲခူးတိုင်းမြောက်ပိုင်းမှာ သောင်းကျန်းနေခဲ့တာပေါ့။ အဲဒီ ဓားပြဗိုလ်ကြီးက ၁၉၂၀ ကျော်လောက်မှာ အခု နေလစံအိမ်လို့ ခေါ်ဆိုသမုတ်မယ့် ဆယ်ဇကဲခြံကြီးကို ပဲခူးဝန်ရှင်တော်မင်းကြီးဆီကနေ ဂရန်နဲ့ ဝယ်ယူလိုက်တယ်။ မိသားစုလိုက် ပြောင်းနေတာကတော့ ၁၉၂၅ ခုနောက်ပိုင်းမှ ဖြစ်မယ်။ ကြည့်ရတာ ဓားပြဗိုလ်ကြီးက စုမိဆောင်းမိ ရှိသွားပြီမို့ ပြီးတော့ အသက်ကလည်း ထောက်လာပြီမို့ ဓားပြဗိုလ်ဘဝကို စွန့်လွှတ်ပြီး တောသူဌေးကြီးဘဝကို ခံယူဖို့ ဆုံးဖြတ်လိုက်ဟန် တူပါရဲ့။ အဲဒီ ဗိုလ်မျက်ခုံး ဆိုတဲ့လူက ပဲခူးဝန်ရှင်တော်မင်းကြီးနဲ့

mgyoe.com

m gyee.com SAMPLE BOOK

ပဲခူးအရေးပိုင်ကို ဘယ်လောက်တောင် ဆို့ထား၊ ခွဲ့ထားလည်း မပြောတတ်ဘူး။ နေလစံအိမ်ကို ပြောင်းလာပြီး တစ်နှစ်အတွင်းမှာပဲ ဗိုလ်မျက်ခုံးက ပဲခူးမြို့ရဲ့ အရာရှိကလပ်တွေကို တက်ခွင့်ရတဲ့ မြို့မျက်နှာဖုံး သူဌေးကြီးတစ်ယောက် ဖြစ်သွားခဲ့ပြီ။

ဒါပေမဲ့ ဝင်္ဂမှာအမြဲ ငရဲမှာအပ မဟုတ်လား။ သူ့ခမျာ သက်တမ်းစေ့အောင် နေမသွားရဘဲ ထိုက်သင့်တဲ့ ဓမ္မရဲ့ ဒဏ်ခတ်မှုကို ခံသွားရရှာတယ်။ ၁၉၃၈ ခုနှစ်ရဲ့ မိုးညတစ်ညမှာ ခြံကြီးထဲကို လူတစ်အုပ် ရောက်ချလာပြီး တိုက်ကြီး နှစ်လုံးပေါ်မှာ နေနေကြတဲ့ ဗိုလ်မျက်ခုံးရဲ့ အိမ်သားတွေ အကုန်လုံးကို တစ်ယောက်မှ မကျန်အောင် သတ်ပစ်လိုက်ကြတယ်။ အသက် လေးနှစ်ပဲ ရှိသေးတဲ့ ဗိုလ်မျက်ခုံးရဲ့ မြေးအငယ်ဆုံးလေးကိုတောင် မချန်ဘဲ မညှာမတာ သတ်သွားခဲ့တာ။ ကလေးမပြောနဲ့ ခွေးကိုတောင် အလစ်မပေးကြဘူး။ ဒါနဲ့ အဲဒီ နေလစံအိမ်ကြီးက လူသူမနေတဲ့ တစပြင်ကြီး ဖြစ်သွားပါရော။

တိုက်ကြီးနှစ်လုံးက ဥရောပစတိုင်နဲ့ ဟည်းထနေအောင် သပ်သပ်ရပ်ရပ် ဆောက်လုပ်ထားတာ ဆိုတော့ တစ်ယောက်မဟုတ် တစ်ယောက်တော့ ဒီစံအိမ်ကြီးကို တစ်နည်းနည်း အသုံးချမှာပဲ၊ ဒီအတိုင်းတော့ ပစ်ထားမှာ မဟုတ်ဘူးလို့ အစက ထင်ထားခဲ့ကြတာ။ သို့ပေမဲ့ တစ်နှစ်ပြီး တစ်နှစ်သာ ကုန်ဆုံးသွားတယ်၊ ဘယ်သူကမှ အဲဒီစံအိမ်ကြီးကို မျက်စောင်းမထိုးဝံ့ခဲ့ကြဘူး။ အစောပိုင်းက ပြောခဲ့သလို ဒီစံအိမ်ကြီးက လူသတ်ကုန်းမှာ တည်ရှိနေလို့ပဲလား။ ဒါမှမဟုတ် စေတီအကျိုးအပျက်တွေ ကြားမှာ တည်ရှိနေတာမို့ ကျိန်စာသင့်မှာ ကြောက်ပြီး ဘယ်သူမှ မတို့မထိ ရဲတာလည်း ဖြစ်နိုင်တာပဲ။ အဲဒီလိုမှ မဟုတ်ရင်တော့ သွေးမြေ ကျထားခဲ့ဖူးတဲ့ နေရာမို့ လာဘ်မရှိဘူး၊ ဂြိုဟ်ဆိုးဝင်လိမ့်မယ် ဆိုပြီး ယူဆထားကြတာကြောင့်ပဲ နေမယ်။

အဲဒီလိုနဲ့ ဂျပန်ခေတ်ကို ရောက်လာခဲ့တယ်။

ဂျပန်တပ်တွေ ပဲခူးမြို့ကို သိမ်းပြီးသွားတဲ့နောက်မှာ မြို့ပေါ်မှာ အထိုင်ချထားတဲ့ ဆက်သွယ်ရေးတပ်ရင်းရဲ့ တပ်ရပ်မှူးဖြစ်တဲ့ ဗိုလ်မှူးစောလှက အဲဒီ နေလစံအိမ်ကြီးကို သတိထားမိသွားပြီး မျက်စိကျသွားတယ်။ ဒါနဲ့ သူ့ မိသားစုကို ပဲခူးခေါ်ပြီး အဲဒီစံအိမ်ထဲမှာ နေသွားတော့တာပေါ့။ သူက ဒီစံအိမ်ကြီးကို သဘောကျသွားရတဲ့ အကြောင်းကို ပြောရရင် ခြံနဲ့တိုက်ရဲ့ အပြင်ပန်းအာရုံတွေက ဖမ်းစား

m.gyee.com

mgyoe.com SAMPLE BOOK

သွားရုံကြောင့်တော့ မဟုတ်ဘူး။ ပြီးတော့ ဒီစံအိမ်ကြီးရဲ့ နောက်ကြောင်းရာဇဝင်ကို နားကန်းတစ်လုံးမှ မသိလို့ စိတ်ဝင်စားသွားတာလည်း မဟုတ်ဘူး။ တကယ်တော့ အဖြစ်မှန်က အဲဒါရဲ့ ဆန့်ကျင်ဘက်ပဲ။ ဒီစံအိမ်ကြီးရဲ့ ပိုင်ရှင်အကြောင်းကို ဂဃနဏ သိနေခဲ့လို့သာလျှင် ဒီစံအိမ်ကြီးကို အရူးအမူး ဖြစ်သွားခဲ့တာ။ တကယ်ဆို ရည်မှန်းချက်ကြီးကြီး ရှိနေခဲ့လို့သာပေါ့။ ဒီတော့ ဗိုလ်မှူးစောလှရဲ့ လက်ဝယ် ရောက်သွားတဲ့အခါမှာ နေလစံအိမ် တည်းဟူသော အမာရွတ်ကြီးက အရင်ထက် အခြေအနေ ပိုဆိုးသွားပြီးတော့ ပြည်တစိုစို၊ ယင်တလောင်းလောင်းနဲ့ ဖြစ်လာခဲ့တော့တယ်။

သို့ပေမဲ့ ခမျာမှာလည်း ရည်မှန်းချက်တွေ အထပ်မြောက် မသွားခဲ့ရှာဘူး။ သူလည်းပဲ၊ အတိအကျ ပြောရရင် သူ့မိသားစုလည်းပဲ ဗိုလ်မျက်ခုံးတို့ရဲ့ ခြေရာနောက် ထက်ကြပ်မကွာ လိုက်သွားခဲ့ရရှာတယ်။ ဟုတ်တယ်။ သူတို့ ပြောင်းနေပြီး တစ်နှစ်နီးပါးလောက်အကြာ ၁၉၄၃ ခု၊ အောက်တိုဘာလထဲမှာ သူတို့ တစ်မိသားစုလုံး ရက်ရက်စက်စက် အသတ်ခံလိုက်ရပြန်တယ်။ ဒီလိုနဲ့ ဒုတိယ အကြိမ်မြောက် သွေးမြေကျလို့ အပြီးမှာ နောက်ထပ် တစ်နှစ်ကျော်ကျော် လောက် အဲဒီတိုက်ကြီး နှစ်လုံးပေါ်ကို ဘယ်သူမှ မတက်ရဲ၊ မနေရဲကြတော့ဘူး။

ဒီလိုနဲ့ပေါ့။ ၁၉၄၄ ခု မိုးစပ်စပ် ရွာထားလို့ မြို့ခိုးမှုန်ဝေသီနေတဲ့ မလင်းတုံ့လင်းတုံ့ ညဉ့်သန်းခေါင်ယံအချိန်မှာတော့ လူအုပ်စုနှစ်စု တိတ်တဆိတ် ပေါက်ချလာပြီး တိုက်ကြီးနှစ်လုံးပေါ်ကို အလျှိုအလျှို တက်သွားကြတော့တယ်။

(ခ)

လူနှစ်သုတ်၊ ပထမတစ်သုတ်က အရှေ့တိုက်မှာ နေရာယူလိုက်ကြတယ်။ သူတို့ရဲ့ လူအင်အားက နည်းလှတာ မဟုတ်ဘူး။ ထရပ်ကားတစ်စီးစာ အပြည့်ပါလာတယ်။ ကားပေါ်က ဆင်းပြီး တိုက်ရှေ့ မြေကွက်လပ်မှာ နေရာယူလိုက်ကြတဲ့အခါ မြေပြင်တစ်ခုလုံး သူတို့အားလုံးနဲ့ ပြည့်နှက်သွားတော့တယ်။ အမှောင်ထုထဲမှာ လူအရေအတွက်ကို ရေတွက်ကြည့်လို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ရာဂဏန်း မပြည့်ရင်သာ ရှိမယ်။ လေး၊ ငါးဆယ်ထက်တော့ လျော့မယ် မထင်ဘူး။ သူတို့ လူအများစုက ငယ်ရွယ်တဲ့ စစ်သားလေးတွေပဲ။ တချို့က ကာဘိုင်သေနတ်တွေကို ပခုံးမှာ လွယ်လို့၊ တချို့က စက်ကိရိယာတွေကို လက်မှာ ဆွဲလို့၊ သူတို့ကိုခေါင်းဆောင်တဲ့

mgyi.com SAMPLE BOOK

သူက ဝဝပုပု လူကြီးတစ်ယောက်၊ ခါးပတ်မှာ မော်ဇာပစ္စတို တစ်လက်နဲ့ ကင်တိုဓားတစ်ချောင်း ချိတ်ဆွဲထားတယ်။ သူက ကင်ပေတိုင် စစ်ထောက်လှမ်းရေးအဖွဲ့ရဲ့ အရာရှိတစ်ဦး၊ နာမည်အတိအကျကို မှတ်တမ်းမှတ်ရာတွေမှာ ရှာမတွေ့နိုင်တော့ဘူး။ ဒါကြောင့် ခေါ်ရလွယ်အောင် ဗိုလ်ဝတုတ်လို့ပဲ ခေါ်ကြပါစို့။ ရဲဘော်တွေအနေနဲ့ သူတို့ရဲ့ အလုပ်တာဝန်ကို မလာခင်ကတည်းက ကြိုတင် သိထားကြပြီးပြီ။ ကားပေါ်က ဆင်းပြီးတာနဲ့ တိုက်ထဲဝင်ဖို့ ဗိုလ်ဝတုတ်ရဲ့ အချက်ပြအမိန့်ကို စောင့်ဆိုင်းနေကြတယ်။ လက်ပြလိုက်တယ် ဆိုရင်ပဲ စက်ကိရိယာတွေ ကိုင်ဆောင်ထားတဲ့ တပ်သား တစ်ဝက်လောက်က တံခါးမကြီးဆီကို သကြားခဲ ပုရွက်ဆိတ်အုံသလို စုပြုံရောက်ရှိသွားပြီး တိုက်ထဲကို တိုးဝှေ့ဝင်ရောက်သွားကြတယ်။ သေနတ်လွယ်ထားတဲ့ ကျန်ရဲဘော်တစ်ဝက်ကတော့ နေရာမှာ ရပ်မြဲအတိုင်း ရပ်နေကြတုန်းပဲ။ တိုက်ထဲကနေ ဗိုလ်ဝတုတ် ထွက်လာတဲ့အခါမှသာ သူနဲ့အတူ အရှေ့တိုက်ကနေ ထွက်ခွာသွားကြပြီး အမှောင်ထုထဲကို လျှိုးဝင် ပျောက်ကွယ်သွားကြတယ်။

နောက်တစ်နာရီခန့် ကြာပြီးတဲ့နောက်မှာ ဒုတိယအသုတ် လူတွေ ရောက်ရှိလာကြပြီး အနောက်တိုက်ထဲကို ဝင်သွားကြတယ်။ စုစုပေါင်း လူ ငါးယောက်၊ အမျိုးသား သုံးယောက်နဲ့ အမျိုးသမီး နှစ်ယောက်။ အားလုံးက စစ်တပ် အရာရှိတွေချည်းပဲ။ သူတို့အထဲမှာ ရာထူးအကြီးဆုံး ပုဂ္ဂိုလ်က ဗိုလ်ကြီးအောင်သူ။ တစ်ချိန်က ဒိုက်ဦးနယ်တစ်ဝိုက်ရဲ့ မြေအောက်လှုပ်ရှားမှုတွေကို ထောက်လှမ်းချေမှုန်းရတဲ့ တပ်စုတစ်စုရဲ့ တပ်စုမှူး ဖြစ်ခဲ့ဖူးတယ်။ နှစ်ဆန်းပိုင်းမှာ အဲဒီဒေသအတွင်း လှုပ်ရှားနေကြတဲ့ ဖက်ဆစ်တော်လှန်ရေး မြေအောက်တပ်သားတွေရဲ့ အဖွဲ့ငယ်တစ်ဖွဲ့ကို ဖမ်းဆီး သုတ်သင်ပေးနိုင်ခဲ့တာကြောင့် မြေအောက်လှုပ်ရှားမှု စုံစမ်းဖော်ထုတ်ရေး အဖွဲ့ရဲ့ အဖွဲ့ခေါင်းဆောင်လည်းဖြစ်၊ ဆက်သွယ်ရေး တပ်ရင်းရဲ့ တပ်ရင်းမှူးအသစ်လည်း ဖြစ်တဲ့ ဗိုလ်မှူးမောင်ကိုရဲ့ ချီးမြှောက်ခြင်းကို ခံခဲ့ရလို့ ရာထူးနှစ်ဆင့် တက်ပြီး ပဲခူးမြို့ စစ်ထောက်လှမ်းရေးအဖွဲ့ရဲ့ အဖွဲ့ခေါင်းဆောင် ဖြစ်လာခဲ့တယ်။ အခုအချိန်မှာ သူက လောလောလတ်လတ် ရာထူးတိုးမြှင့် ခံထားရတာကြောင့် ဘဝင်လေဟပ်ပြီး မြောက်ကြွမြောက်ကြွ ဖြစ်နေလေရဲ့။ ဒုတိယမြောက်ပုဂ္ဂိုလ်ကတော့ စစ်ရေးလျှို့ဝှက်ချက်တွေကို ကိုင်တွယ်စီမံရတဲ့ တပ်စိတ်မှူး တပ်ကြပ်ကြီးမျိုးဇော် ဖြစ်တယ်။ သူ့ထက် ရာထူးနိမ့်တဲ့ တတိယမြောက် ပုဂ္ဂိုလ်က အမျိုးသမီးတစ်ယောက်၊ ကြေးနန်း ဝှက်စာဌာနရဲ့

mgyi.com

mgyoe.com SAMPLE BOOK

ဌာနမှူး ချိုမာပဲ။ ဗိုလ်လေးထွန်းမြင့်ကို စတုတ္ထမြောက် ပုဂ္ဂိုလ်လို့ ခေါ်နိုင်သလို ပထမတန်းစား ပုဂ္ဂိုလ်အဖြစ်လည်း သတ်မှတ်နိုင်တယ်။ သူက ဗိုလ်မှူးမောင်ကို ရဲ့ ကိုယ်ရံတော်တပ်သားတစ်ဦး ဖြစ်တဲ့အပြင် အပါးတော်မြှလည်း ဖြစ်နေသေးတာကိုး။ ဒါကြောင့် သူ့ရဲ့ တရားဝင် ရာထူးအဆင့်က ဗိုလ်လေးမျှသာ ဆိုပေမဲ့ အရာရှိကြီးတစ်ဦးရဲ့ အနီးကပ်ဆုံးနေရာမှာ တည်ရှိနေတာကြောင့် သူ့ရဲ့ လုပ်ပိုင်ခွင့်က အကန့်အသတ်မဲ့သလို ဖြစ်နေတော့တယ်။ မြသန္တာက ချိုမာရဲ့ ဌာနလက်အောက်က ဝန်ထမ်းငယ်တစ်ဦးမျှပဲ။ ငယ်ရွယ်နုပျိုတယ်။ လှပကြော့ရှင်းတယ်။ ဆွဲဆောင်မှု အပြည့်ရှိတဲ့ ကညာပျိုတစ်ယောက် ဖြစ်နေတာကြောင့်လည်း အံ့မှောင်ထုထဲမှာတောင် လည်ပြန်ကြည့်ရလောက်တဲ့ ရုပ်ရည်ရုပကာမျိုးကို ပိုင်ဆိုင်ထားတယ်။

သူတို့ငါးယောက်က စစ်သုံး ဂျစ်ကားတစ်စီးနဲ့ ရောက်ရှိလာကြပြီးတော့ အမှောင်ထုရဲ့ ညဉ့်ခြုံလွှာကို အကာအကွယ်ယူရင်း လျှို့ဝှက်ကြံစည်မှု တစ်ခုအလား 'နေလ' စံအိမ်ထဲကို တိတ်တဆိတ် ဝင်ရောက်သွားကြတယ်။ အရှေ့ဥယျာဉ်ကို ဖြတ်ကျော်ပြီးသကာလ အနောက်ဥယျာဉ်ထဲကို ချွတ်နင်း ဝင်ရောက်ပြီးတော့ နှစ်ချီအောင် လူသူကင်းမဲ့နေခဲ့တဲ့ အနောက်တိုက်ပေါ်ကို တက်သွားကြတယ်။ ဒါကြောင့် တစ်ချိန်က (တစ်ကြိမ်မက) သွေးမြေကျခဲ့ဖူးတဲ့ ဒီတိုက်ကြီးဟာ အခု ဆိုရင် ပိုလို့တောင် အသည်းယားစရာ ကောင်းနေတော့တယ်။ သွေးစွန်းခဲ့ဖူးတဲ့ ဓားတစ်လက်ကို လူသတ်ခဲ့ဖူးတဲ့ သွေးဆာနေတဲ့ လူတစ်ယောက်ရဲ့ လက်ထဲထိုးထည့်ပေးလိုက်သလိုပဲ။

လျှို့ဝှက်ကြံစည်မှုက လျှို့ဝှက်လွန်း အားကြီးနေတော့ အဲဒီကြံစည်မှုမှာ ပါဝင် ပတ်သက်နေရသူတွေတောင် ၎င်းရဲ့ အသွင်သဏ္ဌာန်နဲ့ အကြောင်းအရာကို ဘယ်သူမှ မသိရှိကြဘူး။ သူတို့အားလုံးက ဒီနေရာကို ထွက်ခွာမလာခင်အထိ မိမိတို့ရဲ့ စက်ရာခုတင်တွေပေါ်မှာ လဲလျောင်း အိပ်စက်နေခဲ့ကြတယ်။ အပါးတော်မြ ဗိုလ်လေးထွန်းမြင့်က သူ့ရဲ့ အထက်အရာရှိဖြစ်သူ ဗိုလ်မှူးမောင်ကိုရဲ့ ဖုန်းခေါ်သံကြောင့် အိပ်ရာထက်ကနေ အဦးဆုံး နိုးထလာခဲ့ရတယ်။ အဲဒီနောက် ဗိုလ်လေးရဲ့ အမိန့်နဲ့ တပ်ကြပ်ကြီးမျိုးဇော်၊ ချိုမာ၊ မြသန္တာနဲ့ ဗိုလ်ကြီးအောင်သူ၊ ဒီလေးယောက်ကို အိပ်မက်အတွင်းကနေ ဆွဲထုတ်ခဲ့တယ်။ သူတို့ငါးယောက်ကို အရေးပေါ်စုစည်းပြီး ဂျစ်ကားပေါ် တင်လို့ အိပ်မက်ယောင်နေတဲ့အလား ဒီနေရာကို ရှုးကြောင်

mgyoe.com

 SAMPLE BOOK

မူးကြောင်နဲ့ ရောက်လာခဲ့ကြတာ။ အဘယ်အတွက်ကြောင့် ဒီနေရာကို ရောက်လာရသလဲ ဆိုတဲ့ အချက်ကို ဗိုလ်လေးထွန်းမြင့် အပါအဝင် ဘယ်သူမှ မသိကြဘူး။ သူတို့ကို ခေါ်ဆောင်လာသူကတော့ ပဲခူးရဲ့ဥာနအုပ် ဦးဟန်ထွန်းပဲ။ သူက လိုအပ်တာတွေကို နေရာချပေးပြီးတဲ့နောက်မှာ သူတို့ကို အတွင်းသတင်းတချို့ ဝေမျှပေးခဲ့တယ်။

"ဗိုလ်မှူးမောင်ကိုက လူကြီးမင်းတို့ကို စကားပါးလိုက်ပါတယ်"

ဦးဟန်ထွန်းက ပြောတယ်။

"ခင်ဗျားတို့ကို အင်မတန် အရေးကြီးတဲ့ တာဝန်တစ်ခု ပေးစရာ ရှိတယ်။ နောက်ရက်တွေကျရင် အိပ်ရေးကို ဝဝအိပ်ဖို့တောင် မလွယ်နိုင်တော့တဲ့ အခြေအနေမျိုး ဖြစ်လာနိုင်တာကြောင့် ဒီညမှာ အချိန်ရတုန်းလေး အိပ်ရေးဝအောင် အိပ်ထားကြပါ။ ဗိုလ်မှူးက မနက်ဖြန်ကျရင် ခင်ဗျားတို့ကို ခပ်စောစောလာတွေ့ပါလိမ့်မယ်"

ထိုညမှာ ဦးဟန်ထွန်းက သူ့ရဲ့ ဧည့်သည်တွေအားလုံးကို နေရာချပေးရင်း ရွှင်လန်းတက်ကြွနေတယ် ဆိုတာ သိသာထင်ရှားနေတယ်။ ထိုနေ့ညရဲ့ လုပ်စရာ တာဝန်အများကြီးထဲက အဲဒီလို နေရာချထားရေးတာဝန် တစ်ခုတည်းကိုသာ ပြုလုပ်ပေးရတဲ့ သူက အမှာစကားကို ပါးပြီးတာနဲ့တစ်ပြိုင်နက် အားလုံးကို နှုတ်ဆက်လို့ ထွက်ခွာသွားတော့တယ်။

မြသန္တာက ဦးဟန်ထွန်းရဲ့ နားလည်ရန် ခက်ခဲတဲ့၊ အလျင်စလိုနိုင်တဲ့ အမူအရာတွေကို ကြည့်ပြီး စိတ်ကသိကအောက် ဖြစ်နေတယ်။ ဒါနဲ့ သူရဲ့ သွယ်လျတဲ့ နှာခေါင်းနဲ့ ဟွန့်ခနဲ နှာမှုတ်လိုက်ပြီး ဝါးစပ်ကနေလည်း ဆဲဆိုသံ ထွက်ပေါ်လာတယ်။

"တကတဲမှပဲ၊ ဒီသူတောင်းစားကြီးက သူကိုယ်သူ ဘာကောင်များ မှတ်နေလဲ မသိဘူး"

အသံက ကျယ်လှတယ်တော့ မဟုတ်။ သို့ပေမဲ့ မာထန်နေတာကြောင့် သူ့ရဲ့ အပေါင်းအဖော်တွေတောင် လန့်ဖျပ်ပြီး ဇက်ပုကုန်ကြတယ်။

ဦးဟန်ထွန်းက ကင်ပေတိုင်အဖွဲ့နဲ့ ပန်စားတာကြောင့် သူမှာ အထူးလုပ်ပိုင်ခွင့်တချို့ ပိုင်ဆိုင်ထားတယ်။ သူနဲ့ ငြိစွန်းလို့ မဖြစ်ဘူး။ ဗိုလ်မှူးမောင်ကို ကိုယ်တိုင်တောင် ကင်ပေတိုင်အဖွဲ့ကို သတိထား ဆက်ဆံနေရတာ မဟုတ်လား။

mgyoe.com

mgyoe.com SAMPLE BOOK

ကင်ပေတိုင် ဆိုတာက ဂျပန်ခေတ်မှာ လက်စောင်းအထက်ဆုံး အဖွဲ့တစ်ဖွဲ့ပဲ။ လက်အောက်ခံ မြန်မာတွေကို မဆိုထားနဲ့၊ သူတို့ရဲ့ ဂျပန် စစ်ဘက် အရာရှိတွေကိုတောင် လိုအပ်ရင် အရေးယူနိုင်တဲ့ အခွင့်အာဏာတွေ သူတို့မှာ ပိုင်ဆိုင်ထားကြတယ်။ ဦးဟန်ထွန်းက ကင်ပေတိုင်ရုံးကို လစဉ်လတိုင်း အစီရင်ခံစာ တစ်စောင် ရေးပို့ပေးရတယ်။ အဲဒီ အစီရင်ခံစာထဲမှာ တပ်ရင်းမှူးရဲ့ တပ်တွင်း လှုပ်ရှားမှုတွေ အပါအဝင် မိန့်ခွန်းလို ပြောစကားတွေကိုလည်း ထည့်သွင်း ရေးသားရတယ်။ ဒါကြောင့် တပ်ရင်းမှူးပင် ဖြစ်နေလင့်ကစား ဤနယ်ပုဂ္ဂိုလ်မျိုးနဲ့ တတ်နိုင်သလောက် ပြဿနာတက်ခံနိုင်တဲ့ အခြေအနေမျိုးမှာ မရှိတာကြောင့် ဦးဟန်ထွန်းလို ပုဆိန်ရိုးတွေက ပိုလို့တောင် ဇောင်းကြွနေကြတယ်။

အဲဒီလို မြွေဟောက်မျိုးကို ဘယ်သူက စကားမာမာ ပြောရဲမှာတဲ့လဲ။ မျက်နှာချင်း ဆိုင်လျက်တော့ ဘယ်သူမှ မပြောရဲတာ သေချာတယ်။ ကွယ်ရာမှာ ပြောမယ်ဆိုမယ် ဆိုရင်တောင် နေ့ပြော နောက်ကြည့်၊ ညပြော အောက်ကြည့် ဆိုသလို အင်မတန်မှ သတိထားရမယ့် အနေအထားမျိုး။ တကယ်လို့သာ မသမာသူ တစ်ဦးတစ်ယောက်က ကြားသွားခဲ့ရင် ခြေထိုးခံရလို့ မာလကီးယားသွားနိုင်တယ်လေ။ ဒါကြောင့် မြသန္တာရဲ့ ခပ်မာမာ ပြောလိုက်တဲ့ စကားလုံးတွေကို အားလုံးက ဘာဘာ ဘာမှမသိသလို မကြားချင်ယောင် ဆောင်နေခဲ့ကြတယ်။ ဘာမှ မဖြစ်ခဲ့သလို ပုံစံမျိုးနဲ့ ကိုယ့်အခန်းကိုယ် ထွက်ခွာသွားကြတော့တယ်။

အားလုံး ခွဲခွာသွားကြပြီးတဲ့နောက်မှာ ပြန်စုလိုက်ကြပြန်တယ်။

ဗိုလ်ကြီးအောင်သူရဲ့ အခန်းမှာ စုလိုက်ကြပြီး အပြန်အလှန် မေးခွန်း ထုတ်နေကြတယ်။ ဗိုလ်မှူးမော့ဂိုက သူတို့အားလုံးကို ညကြီးသန်းခေါင် နှိုးပြီး အဘယ်အတွက်ကြောင့် ဒီနေရာကို ပို့ခဲ့ရပါသလဲ။

တစ်ဦးဦးတော့ သိလိမ့်မယ်လို့ ယူဆထားကြတယ်။ သို့ပေမဲ့ အပြန် အလှန် မေးခွန်းထုတ်ပြီးတဲ့ နောက်မှာလည်း သိသူ ဘယ်သူမှ မရှိဘူး ဖြစ်နေ တယ်။ အကြောင်းမသိတော့ ရမ်းသန်းမှန်းစမ်း လုပ်ကြည့်ကြရုံပေါ့။ ဒီလို ဖြစ်နိုင်လား။ ဟိုလို ဖြစ်နိုင်လား။ ဒီဟာကြောင့်လား။ ဟိုဟာကြောင့်လား။ ... ဖြစ်နိုင်ခြေတွေက များပါဘိတောင်း။ သတ္တုချလိုက်ရင် တောင်တွေး မြောက်တွေးရင်း အဖြစ်မှန်နဲ့ နီးစပ်တဲ့ အဖြေကို ဖော်ထုတ်နိုင်ဖို့ ခက်ခဲနေကြဆဲပဲ။ သို့ပေမဲ့ ဘယ်သူမှ တော့ လက်မလျှော့ချင်ကြသေးဘူး။ ဆက်ပြီး၍သာ တွေးဆချင်နေကြတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဗိုလ်ကြီးအောင်သူ တစ်ယောက်ကတော့ ခြွင်းချက်။ သူက တစ်နေကုန်လုံးနီးပါး တပ်အတွင်းမှာ အလုပ်ရှုပ်နေခဲ့တယ်။ ညစာထမင်းဝိုင်းမှာ မျှစ်စားထားလို့ သွေး တက်နေတာက တစ်ကြောင်း၊ အရက်ကို လစ်မစ်လွန်အောင် သောက်ထားခဲ့ မိတာက တစ်ကြောင်းကြောင့် အလွန်အမင်း အိပ်ချင်နေပြီ။

"အိပ်စို့၊ အိပ်စို့"

သူက လူစုခွဲဖို့ လောဆော်လိုက်တယ်။

"ဘာတွေ လျှောက်တွေးနေကြတာလဲ။ မင်းတို့က ဗိုလ်မှူး ဗိုက်ထဲက ပုဏ္ဍားလေးလဲ မဟုတ်ဘူး။ အကြားအမြင် ရနေတာလဲ မဟုတ်ဘဲနဲ့ လျှောက်တွေး နေလဲ အပိုပဲ"

ဒီနောက် သူ့ရဲ့ လေသံက ရုတ်တရက် ပြောင်းလဲသွားတယ်။

"မင်းတို့ သိလား။ ငါ အခု ဘယ်မှာ နေနေရသလဲ ဆိုတာ။ ဗိုလ်မှူး စောလှက အရင် ဒီအခန်းမှာ နေခဲ့တာတဲ့ဟာ။ သူက ဒီခုတင်ပေါ်မှာ အသတ်ခံခဲ့ရ တာ"

မြသန္တာက ခုတင်ရဲ့ အနားစွန်းမှာ နဂိုက ထိုင်နေခဲ့တာ။ ဒါပေမဲ့ သူ့ရဲ့ စကားကိုလည်း ကြားလိုက်ရော ခုတင်ပေါ်ကနေ ထခုန်လုမတတ်ဖြစ်ပြီး ဆတ်ခနဲ မတ်တတ်ထရပ်လိုက်တယ်။

ဗိုလ်ကြီးအောင်သူက တဟားဟားရယ်ရင်း စကားဆိုတယ်။

"ကြောက်စရာ မလိုပါဘူး ကောင်မလေးရာ။ နင့်လိုသာ ကြောက် နေရရင် ငါ ဒီည ဘယ်လို အိပ်ရပါတော့မလဲ။ အိပ်စရာ ရှိတာတော့ အိပ်ရမှာပဲ။ တစ္ဆေတွေက လူကို ကြောက်သတဲ့။ နင် ကြောက်မနေစမ်းပါနဲ့။ အဲဒီလူက အသက်ရှင်လျက် ရှိနေမှသာ နင် ကြောက်ရမှာ။ သူက အချောအလှဆိုရင် အလွတ်ပေးတာ မဟုတ်ဘူးတဲ့ဟာ"

မြသန္တာက ပြန်ပြောတယ်။

"ဗိုလ်ကြီးက ဘာတွေ လျှောက်ပြောနေတာလဲ"

နှုတ်ခမ်းကလည်း စူလို့ ပြူလို့၊

တပ်ကြပ်ကြီး မျိုးဇော်လည်း စကားထဲ ဝင်ပါလာတယ်။

"တို့ဗိုလ်ကြီးက ခင်ဗျားကို ချီးမွမ်းနေတာပါဗျာ။ ခင်ဗျားကို ချောတယ်၊ လှတယ်လို့ ပြောနေတာ"

mgyoe.com

mgyoe.com SAMPLE BOOK

မြသန္ဘာက ဆတ်ဆတ်ထိမခံဘဲ ဝင်ပြောဖို့ နှုတ်ခမ်းပြင်နေတာကို တွေ့ရတဲ့ အခါမှာ ဗိုလ်ကြီးအောင်သူက သူ့ကို လက်ကာပြပြီး မေးခွန်းထုတ်လိုက်တယ်။

"ဗိုလ်မှူးစောလှကို ဘယ်သူ သတ်သွားတာလဲ၊ နင် သိလား။ ဒီစံအိမ်ထဲမှာ သူနဲ့ အတူနေသွားခဲ့ဖူးတဲ့ တစ်ယောက်ယောက်ပဲ"

သူ့ရဲ့ စကားက နက်နဲနေတာကြောင့် ရှင်းချက်ထုတ်ဖို့ လိုအပ်လာတယ်။

"ဒီနေရာက အရင်တုန်းက မားပြဗိုလ်ကြီး တစ်ယောက်ရဲ့ ရတနာသိုက်ပဲ။ ဘိုးတော်ကြီး ပိုင်ဆိုင်ထားတဲ့ ရွှေငွေရတနာတွေနဲ့ ပဲခူးမြို့ တစ်မြို့လုံးကို တောင် ဝယ်ပစ်လို့ ရတယ်လို့ အဆိုရှိတယ်။ အဲဒီရတနာတွေက ဘယ်ရောက်ကုန်သလဲ သိလား။ တစ်ဆင့်စကားအရတော့ ဒီတိုက်ကြီးထဲမှာ မြှုပ်ထားတာတဲ့။ နယ်နိမိတ်ကို နည်းနည်း ထပ်ချဲ့ပြီး ပြောရရင်တော့ ဒီခြံကြီးထဲမှာပဲ ဆိုပါတော့။ အဲဒီလို အကြောင်းတွေရှိလို့ပေါ့။ ရတနာတွေကို မတူးမဖော်နိုင်သေးခင်မှာ ပိုင်ရှင်တွေက တစ်ယောက်ပြီးတစ်ယောက် ပြောင်းနေတယ်၊ အကုန်လုံးက အဲဒီရတနာတွေကို ရှာဖို့ပဲ အားသန်နေကြတာ။ ဗိုလ်မှူးစောလှလဲ တစ်ယောက်အပါအဝင်ပဲ။ ဒါပေမဲ့ ခမျာမှာ ရတနာမတွေ့ခင် အသက်ပျောက်သွားရှာတယ်"

အဲဒီအကြောင်းကို သူတို့အားလုံး ကြားဖူးကြပြီးသား။

ဗိုလ်ကြီးအောင်သူက မတ်တတ်ထရပ်ပြီး တဟားဟား ရယ်မောနေတယ်။

"အိပ်မယ်၊ အိပ်မယ်။ အခန်းပြန်ကြတော့။ အရည်မရ အဖတ်မရနဲ့ ဘာတွေ လျှောက်ပြောနေကြမှန်း မသိဘူး။ မင်းတို့ အဲဒီလို ရုပ်စဉ်းစားနေလို့ကော ဘာထူးလာမှာမို့လဲ။ ဘိုးတော်ကြီး ရွှေမြှုပ်ထားခဲ့တဲ့ နေရာကို စဉ်းစားတာကမှ အရေးအရာ ရှိဦးမယ်။ ဟား ဟား ဟား ... အိပ်တော့ အိပ်တော့။ ဘယ်အချိန် ရှိနေပြီလဲ။ မဟုတ်လဲ မနက်ဖြန်ကျရင် ဗိုလ်မှူး ရောက်လာမှာပဲ။ အဲဒီအခါကျတော့ သိရလိမ့်မပေါ့"

အားလုံး ကိုယ့်အခန်းကိုယ် ပြန်သွားကြတယ်။

အချိန်က သန်းခေါင်ကျော်လို့ တစ်နာရီတိတိ ယွန်းသွားခဲ့ပြီ။

mgyoe.com

mgyee.com SAMPLE BOOK

(၈)

ဒုတိယမြောက်နေ့ နေမင်းကြီး ထွက်ပြူလာတဲ့ အခါမှာ ကန်ရေပြင်ထက်က မြူခိုးတွေအားလုံး လွင့်စဉ်ပျောက်ကွယ်သွားတယ်။ ဗိုလ်မှူးမောင်ကိုရဲ့ အနက်ရောင်ကားကလေးက တာရိုးလမ်းမထက်မှာ တစ်စီးတည်းထီးတည်း လှုပ်လိ လှုပ်လဲ့နဲ့ ရွေ့လျားနေတယ်။

အနက်ရောင်ကားကလေးက တာရိုးအတိုင်း ကွေ့ရင်းပတ်ရင်း၊ ဝဲ့ရင်း ဝိုက်ရင်းနဲ့ နေလစံအိမ်ဆီကို တန်းတန်းမတ်မတ် မောင်းနှင်လာတယ်။ ဟွန်း အနည်းငယ် တီးပြီးတဲ့နောက်မှာ တံတိုင်းအမြင့်ကြီး ကာရံထားတဲ့ ဂိတ်ပေါက်ဝ ကို ရောက်ရှိလာတယ်။ ဟွန်းတီးတယ် ဆိုတာကလည်း တကယ်တော့ လမ်းသွား လမ်းလာတွေ ရှိနေလို့ မဟုတ်ဘူး။ ဒီနေရာက လူပြတ်တော့ တောကောင်လေး တချို့နဲ့ ဘေးမဲ့လွတ်နေတဲ့ နွားတွေ စည်းမဲ့ကမ်းမဲ့ သွားလာနေတတ်တာ ကြောင့်ပါ။ အခုဆို ဂိတ်ပေါက်ဝကို သဲသဲကွဲကွဲ လှမ်းမြင်နေရပြီ။ ပင်မဝင်ပေါက် ကြီးရဲ့ အပြင်ဘက်မှာ သေနတ်ကိုင် လုံခြုံရေးတပ်သားတွေ စောင့်ဆိုင်းနေကြ တယ်။ အစောင့်တွေက ဂိတ်ပေါက်ကို ဖွင့်ပေးလိုက်တဲ့အချိန်မှာ နံနက် ခုနစ်နာရီ ခွဲပြီ။ သူက ဒီနေရာကို စောနိုင်သမျှ စောအောင် ကြိုးစားပြီး ရောက်ရှိလာခဲ့ခြင်းပဲ။

သူ့အရှေ့မှာ အနက်ရောင်အုတ်ကြွပ် မိုးထားတဲ့ တိပုံသဏ္ဌာန် မီးခိုး ရောင် အုတ်တိုက်ကြီးတစ်လုံးက ထီးထီးမားမား ရပ်တည်နေတယ်။ ဝိတိုရိယ စတိုင် ရှေးအဆောက်အအုံနဲ့ အတော်လေး ဆင်တူတယ်။ ခမ်းနားလှပပေမဲ့ လက်တွေ့မကျတဲ့ သံပန်းတံခါးက အလွယ်တကူ ကျော်ဝင်သွားနိုင်လောက် အောင် မမြင့်မားတာကြောင့် ရည်ရွယ်ချက်ရှိရှိ ဝင်ရောက်လိုသူ တစ်ယောက်ကို ဘယ်လိုမှ တားဆီးထားနိုင်ဖို့ မဖြစ်နိုင်ဘူး။ ဒီနေရာ၊ ဒီဌာနမှာပဲ မျက်နှာပြောင် တိုက်ပြီး ဆောင်ကြာမြို့တစ်ခု ဖွင့်ထားခဲ့တာ။ လူကြားကောင်းအောင့် ပြောရရင် တော့ အပန်းဖြေရိပ်သာပေါ့။ အခုချိန် တံခါးဝမှာ ချိတ်ဆွဲထားတဲ့ ဆိုင်းဘုတ် ပေါ်မှာ ရှိတဲ့ 'အရာရှိရိပ်သာ' ဆိုတဲ့ စာသားကလည်း အဲဒီပြယုဂ်ကို ဘယ်လိုမှ ဖုံးဖိကွယ်ကာ မထားနိုင်တော့ဘူး။

အရာရှိရိပ်သာရဲ့ မျက်နှာစာမှာ ရှိတဲ့ မြက်ခင်းပြင်ကြီးကို ကွေ့ပတ် မောင်းနှင်ပြီးသကာလ ညာချိုးလို့ ခြံဝင်းရဲ့ အနောက်ဘက်ကို ဦးတည်လာခဲ့

mgyee.com

mgyoe.com SAMPLE BOOK

တယ်။ ဒီနောက်မှာတော့ မော်တော်ကားက ထီးရိုးဝါးတွေ ထူထဲစွာ ပေါက်ရောက်နေတဲ့ ဝါးရုံတောကြားက လမ်းကျဉ်းလေးအတိုင်း မောင်းနှင်သွားတယ်။ ဗိုလ်မှူးမောင်ကိုက အံ့ရှေ့နဲ့ အနောက် အပြိုင်ရှိနေကြတဲ့ တိုက်ကြီးနှစ်လုံးကို ခေတ္တမျှ ငေးကြည့်နေမိတယ်။ မြက်ရိုင်းပင်တွေနဲ့ ပြည့်နှက်နေတဲ့ တောင်ကမူလေးတစ်ခုကို ဖြတ်ကျော်လိုက်တာနဲ့ အနောက်တိုက်ရဲ့ ပေါ်တီကိုအောက်မှာ မတ်တတ်ရပ်လျက် စောင့်ဆိုင်းနေတဲ့ ဦးဟန်ထွန်းကို ဘွားခနဲ တွေ့မြင်လိုက်ရတယ်။

ဂိတ်ပေါက်မှ ရဲဘော်ရဲ့ သံတင်းပေးချက်အရ ဦးဟန်ထွန်းက ဒီနေရာမှာ တရိုတသေ လာရောက် စောင့်ကြိုနေတာ ဖြစ်တယ်။ သူ့ရဲ့ အနောက်မှာ ကာဘိုင်သေနတ် ကိုင်ထားတဲ့ လုံခြုံရေးတပ်သားတစ်ဦး ရပ်နေတယ်။ အဲဒီ အစောင့်ရဲ့ ကျောဘက်မှာတော့ မကြာသေးခင်ကမှ ချိတ်ဆွဲထားတဲ့ သစ်သားဆိုင်းဘုတ် တစ်ခု။ 'တပ်မြေ၊ အပြင်လူ မဝင်ရ' တဲ့။ ဒီအရာတွေအားလုံးကို ဦးဟန်ထွန်းက ညကမှ လောလောလတ်လတ် ပြုလုပ်ထားခဲ့တာ။ ထူးဆန်းနေတဲ့ အချက်ကတော့ ဗိုလ်မှူးမောင်ကိုရဲ့ ကားဆရာကို အပြင်လူအဖြစ် သတ်မှတ်ထားခြင်းပဲ။ သူက ဗိုလ်မှူးနဲ့အတူ အထဲလိုက်ဝင်ဖို့ တံခါးဝဆီကို လှမ်းလျှောက်လာစဉ်မှာ လုံခြုံရေးတပ်သားက သူ့ကို ယဉ်ယဉ်ကျေးကျေး ဆီးတားလိုက်တယ်။

"အားတော့ နာပါတယ်။ မျဉ်းဖြူရဲ့ အပြင်ဘက်ကနေ စောင့်ပေးပါ"

လုံခြုံရေးတပ်သားက ပြောတယ်။

ကားဆရာက မြေပြင်ကို ငုံ့ကြည့်လိုက်တယ်။ ဟုတ်ပ။ မြေပြင်ပေါ်မှာ တကယ်ပဲ အသစ်စက်စက် မျဉ်းဖြူတစ်ကြောင်း ရှိနေတယ်။ တိုက်ကြီးတစ်တိုက်လုံးကို ဝိုင်းပတ်ပြီး ဆွဲထားတာ။ သရဲတစ္ဆေတွေရဲ့ ဘေးရန်ကနေ ကာကွယ်တားဆီးဖို့အတွက် ပရိတ်ထုံး တားထားတဲ့ အတိုင်းပဲ။

တိုက်ပေါ်ရှိ လူအားလုံးက အိပ်ရာဝင် နောက်ကျကြတာက တစ်ကြောင်း၊ ဗိုလ်မှူးမောင်ကိုကို ဤမျှစောစော ရောက်လာလိမ့်မယ်လို့ မျှော်လင့်မထားကြတာက တစ်ကြောင်းကြောင့် သူတို့ ငါးယောက်စလုံး အိပ်ရာထ နောက်ကျကြတယ်။ သူ ရောက်လာတဲ့အချိန်မှာ မြဿန္တာက ခုတင်ပေါ်ကနေတောင် ထရသေးတာ မဟုတ်ဘူး။ ဤသို့ဤနှယ် နံနက်စောစောအချိန်မှာ ဗိုလ်မှူးတစ်ယောက်က သူတို့ကို လာရောက် တွေ့ဆုံတာက ဂုဏ်ယူစရာ ကိစ္စတစ်ခုလို ဖြစ်နေတယ်။ သို့ပေမဲ့ ဒီအချက်ကို ကြည့်ခြင်းအားဖြင့် သူတို့ရဲ့ မစ်ရှင်က ဘယ်ရွေ့ဘယ်မျှ

mgyoe.com

mgyoe.com SAMPLE BOOK

အရေးကြီးကြောင်း ပေါ်လွင်သွားတော့တာပေါ့။ နံနက်စာ စားဖို့ တိုက်ထဲကနေ အုပြင်ကို ထွက်လိုက်ကြတဲ့အခါမှာ အပြင်မှာ ရပ်စောင့်နေကြတဲ့ လုံခြုံရေးတပ်သားတွေနဲ့ တိုက်ရဲ့ ပတ်ပတ်လည်မှာ ရေးဆွဲထားတဲ့ အဖြူရောင်မျဉ်းကြောင်းကို တွေ့မြင်လိုက်ရတယ် ဆိုရင်ပဲ ယင်းသို့သော ခံစားချက်က တစ်ပြန်မက ပိုမို အားကောင်းလာတော့တယ်။

တိုက်ထဲကနေ သူတို့ ထွက်လာခဲ့ကြရတဲ့ အကြောင်းက နံနက်စာ စားဖို့။ စားသောက်ခန်းက ခြံရှေ့ ဧည့်ခန်းမဆောင်ထဲမှာ ရှိတယ်။ ဦးဟန်ထွန်းက အိမ်ရှင်လိုလို၊ အခိုင်းစေလိုလိုနဲ့ သူတို့အားလုံးကို လမ်းပြ ခေါ်ဆောင်သွားတယ်။ ယမန်နေ့ညက ကောင်းကောင်းမွန်မွန် အိပ်စက်ခြင်း မပြုရသေးပေမဲ့ ဦးဟန်ထွန်းကတော့ လန်းဆန်း တက်ကြွနေတယ်။ သူ့ရဲ့ မျက်နှာက သွေးရောင်လွှမ်းနေပြီး အဝေးရောက် အထူးဧည့်သည်တော်တွေကို ဧည့်ခံနေရတဲ့အလား မြူးထူးနေတယ်။ ဒီအချက်က သူတို့ရဲ့ အရေးပါမှုနဲ့ တာဝန်ရဲ့ လေးနက်မှုကို ဖော်ပြနေသယောင် ဖြစ်နေတော့တယ်။ ဘာကြောင့်လဲဆိုတော့ ဦးဟန်ထွန်းက တော်တန်ရုံမျှနဲ့ ဒီလို အသေးအမွှား ကိစ္စမျိုးတွေကို ကိုယ်တိုင်ကိုယ်ကြပ် ပြုလုပ်လေ့ ရှိတာ မဟုတ်ဘူး။

အနောက်တိုက်ထဲကနေ သူတို့အားလုံး ထွက်လာကြတဲ့အခါမှာ မျက်နှာချင်းဆိုင်မှာ ရှိတဲ့ အရှေ့တိုက်ထဲကနေလည်း လူနှစ်ယောက် ထွက်လာကြတယ်။ အရပ်ဝတ် ဝတ်ထားပြီး လက်ထဲမှာတော့ ကိရိယာတန်ဆာပလာတွေ ထည့်ထားတဲ့ သေတ္တာတစ်လုံးစီ ကိုင်ဆောင်ထားကြတယ်။ ဗိုလ်ဝတုတ်ရဲ့ ဦးဆောင်မှုနဲ့အတူ တိုက်တွင်း၊ တိုက်ပြင်နဲ့ တိုက်ပေါ်၊ တိုက်အောက်ကို လှည့်ပတ် စစ်ဆေးနေကြတယ်။ ကြည့်ရတာ ဝါယာကြိုးတွေကို စစ်ဆေးနေပုံပဲ။ ဗိုလ်မှူးမောင်ကိုက နံနက်စာ စားပြီးပြီမို့၊ အဲဒီလူတွေနဲ့ တိုက်အနှံ့ လိုက်လံအကဲခတ်ဖို့ လိုက်သွားလေရဲ့။

(ဃ)

ၚင်းမှာ ဥရောပဟန် ရှေးဟောင်းတိုက်တစ်လုံး ဖြစ်ပြီး နှစ်ထပ်ခွဲမြင့်တယ်။ အပေါ်ဆုံးမှာက လေသာထပ်ခိုးတစ်ခု ရှိတယ် ဆိုပေမဲ့ အခုတော့ တက်မရအောင် အသေပိတ်ထားတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အပေါ်ထပ်မှာ အခန်းလေးခန်း ရှိတယ်။ တစ်ခန်းကို သော့ခတ်ထားတာကြောင့် အခန်းသုံးခန်းပဲ အသုံးပြုနိုင်တယ်။ တပ်ကြပ်ကြီး မျိုးဇော်က လျှောက်လမ်းရဲ့ အဆုံးမှာ ရှိတဲ့ အခန်းမှာ နေကြောင်း ခန့်မှန်းကြည့်နိုင်တယ်။ ၎င်းမှာ အခန်းကျဉ်းလေး တစ်ခန်း ဖြစ်ပြီး ၇ သို့မဟုတ် ၈ စတုရန်းမီတာသာ ကျယ်ပေလိမ့်မယ်။ သို့ပေမဲ့ နှစ်ယောက်အိပ် ခုတင်တစ်လုံး ထည့်ထားတဲ့ အတွက်ကြောင့် အမြင်အားဖြင့် ပိုလို့တောင် ကျဉ်းကျပ်သွားစေတယ်။ အဲဒီ အခန်းရဲ့ မျက်နှာချင်းဆိုင်မှာက အိမ်သာနဲ့ ရေချိုးခန်း ရှိတယ်။ ဘေးကပ်လျက် အခန်းမှာ မြသန္တာနဲ့ ချိုမာတို့ နေကြရတယ်။ တစ်ယောက်အိပ် ခုတင်နှစ်လုံး၊ ကြိမ်ကုလားထိုင် နှစ်လုံးနဲ့ စာရေးစားပွဲ တစ်လုံး ပါရှိတယ်။ အရင်ကတော့ ဒီအခန်းက ဗိုလ်မှူးစောလှရဲ့ စာကြည့်ခန်း ဖြစ်တယ်လို့ ဆိုတယ်။ မျက်နှာချင်းဆိုင် အခန်းက နောက်ထပ် အိပ်ခန်းတစ်ခန်း ဖြစ်ပြီး အခုတော့ သော့ခတ်ထားတယ်။ ဒီနောက် ဆက်လျှောက်သွားရင် လှေကားလက်ရန်းကို တွေ့နိုင်တယ်။ လှေကားကနေ ရှေ့ဆက်လျှောက်ရင် အခန်းကျယ်ကြီး တစ်ခန်းကို တွေ့ရတယ်။ အခု အဲဒီအခန်းမှာ ဗိုလ်ကြီးအောင်သူ နေနေတယ်။ ဒီအခန်းက အသားနား အသပ်ရပ်ဆုံးသော ဧည့်ခံအခန်းကြီး တစ်ခန်းပဲ။ မျက်နှာစာဘက်မှာ သေးငယ်တဲ့ လသာဆောင် တစ်ခု၊ ကျောဘက်မှာတော့ စကျင်ကျောက်တိုင်တွေနဲ့ ထောက်ကန်ထားတဲ့ ဝရန်တာကျယ်တစ်ခု (အောက်ဘက်မှာ ကားဂိဒေါင်) ရှိပြီး အလှန္တယ်ပင်တွေ စိုက်ပျိုးထားတယ်။

လွန်ခဲ့တဲ့ နှစ်အနည်းငယ် ဗိုလ်မှူးစောလှ တာဝန်ယူထားစဉ် ကာလက ဗိုလ်မှူးမောင်ကို သူနှင့်အတူ ဒီနေရာသို့ လာရောက် စစ်ဆေးခဲ့ဖူးတယ်။ အဲဒီတုန်းက အခန်းထဲမှာ ရှုပ်ပွခတ်လို့။ ကြမ်းခင်းပြားတွေက ကွာတာက ကွာ၊ လန်တာက လန်နဲ့။ ပရိဘောဂ ပစ္စည်းတွေကလည်း ဟိုဟိုဒီဒီ ပြန့်ကျဲနေကြတယ်။ နံရံတွေက အက်ကြောင်းလိုက်နေပြီး မျက်နှာကြက်တွေကလည်း ဟိုတစ်ပေါက် ဒီတစ်ပေါက်။ ဗုံးမိုး ရွာခံထားရတဲ့ တိုက်တစ်လုံးလိုပဲ။ သို့ပေမဲ့ ၎င်းရဲ့ ခမ်းနားထည်ဝါမှုကတော့ သူ့ကို အံ့အားသင့်စေခဲ့တာ အမှန်ပဲ။ ပိတောက် လျှာထိုးကြမ်းခင်းတွေ၊ မဟော်ဂနီသားနဲ့ ပြုလုပ်ထားတဲ့ ပရိဘောဂပစ္စည်းတွေ၊ ကြေးနီခုတင်ကြီး၊ အနောက်တိုင်းပုံစံ သားရေဆိုဖာကြီးတွေ၊ ကတ္တီပါမှိန်အုံးတွေ၊

mgyoe.com

mgyaye.com SAMPLE BOOK

ဖန်မီးအိမ်ပန်းဆွဲတွေ၊ အရောင်လက်နေတဲ့ ပါကေးပြားတွေ၊ ရေဆွဲဗိုလ်ထိုင် အိမ်သာတွေ ... ဒါတွေအားလုံးက အကောင်းစား၊ တန်ဖိုးကြီးပေ့ ဆိုတဲ့ ပစ္စည်းတွေချည်းပဲ။ ဗိုလ်မှူးစောလှက အဲဒီအရာတွေ အားလုံးကို ပြန်လည်ပြုပြင်ခဲ့ပြီးတဲ့နောက် သူ ဒီနေရာကို နောက်တစ်ကြိမ် ပြန်ရောက်လာခဲ့သေးတယ်။ အင်မတန်မှ သားနား ခန့်ထည်လွန်းလှပါကော။ အရာရှိရိပ်သာ အတွင်းမှာ ရှိတဲ့ တစ်ခုတည်းသော ဗိုလ်ချုပ် နားနေဆောင်ထက်တောင် အပုံကြီး သာလွန်ကောင်းမွန်နေတယ်။ ဒီအခန်းက သူ့ကို ဒီမျှ ဆွဲဆောင်နေခဲ့တာကြောင့် ဗိုလ်မှူးစောလှ ကွယ်လွန်ပြီးနောက်မှာ သူ့လက်အောက် ငယ်သားတွေက သူ့ကို ဒီနေရာပြောင်းနေဖို့ တိုက်တွန်းပြောဆိုကြတဲ့ အခါမှာ သူ့ခမျာ ငိုချင်လျက်လက်တို့ ဖြစ်နေခဲ့တယ်။ သို့ပေမဲ့လည်း အပြန်ပြန် အထပ်ထပ် တွေးဆကြည့်ပြီးတဲ့ နောက်မှာတော့ သူက သူ့ရဲ့ စိတ်ကူးကို ပယ်ဖျက်ပစ်လိုက်တယ်။

လွန်ခဲ့တဲ့ လအနည်းငယ်ခန့်က သူ ဒီနေရာကို လူတချို့ စေလွှတ်ပြီး အဖိုးတန်တဲ့ ပစ္စည်းပစ္စယတွေ အားလုံးကို အရှေ့ဘက် ဧည့်ခန်းမဆောင်ဆီ ပြောင်းရွှေ့ပစ်ခဲ့တယ်။ တချို့ကို သိမ်းဆည်းတန် သိမ်းဆည်းပြီး တချို့ကိုတော့ ဗိုလ်ချုပ် နားနေဆောင်ထဲကို ရွှေ့ပြောင်းနေရာချခဲ့တယ်။ ကျန်တာတွေကိုတော့ ဧည့်သည်နားနေဆောင်အဖြစ် ပြောင်းလဲအသုံးချဖို့ အမိန့်ပေးခဲ့တယ်။

ဒီတိုက်နှစ်လုံးကို ဧည့်သည်နားနေဆောင်တွေအဖြစ် ပြုပြင်ပြောင်းလဲပစ်ရတဲ့ အကြောင်းအရင်းက နှစ်ခု ရှိတယ်။ ပထမအချက်က ဒီအဆောက်အအုံနှစ်လုံးကို ဒီအတိုင်း မသုံးမစွဲဘဲ ပစ်ထားရမှာကို ဝန်လေးနေတာကြောင့်ပဲ။ ဒုတိယအချက်ကတော့ အရာရှိရိပ်သာမှာ ဖြစ်ပျက်နေသမျှသော ဟော့ဟော့ရမ်းရမ်း ကိစ္စတွေအပေါ် အမြင်မကြည်၊ အရှက်ရနေတာကြောင့်ပါ။ သူက ဗိုလ်မှူးစောလှလို မဟုတ်ဘူး။ ပညာတတ်တစ်ယောက် ဖြစ်တဲ့အပြင် ဒီလို ညစ်ညမ်းတဲ့ ကိစ္စမျိုးကို အူထဲ အသည်းထဲက ရွံရှာမုန်းတီးနေခဲ့သူလည်း ဖြစ်တယ်။ ပြီးတော့ ဒီခြံကြီးရဲ့ မနီးမဝေးမှာက စေတီပုထိုးတွေပဲ ရှိတာ မဟုတ်လား။ တကယ်တမ်း ခြေခြေမြစ်မြစ် နောက်ကြောင်းလိုက်ကြည့်မယ် ဆိုရင် ဒီနေရာက ဘုရားဝတ္တရာမြေတောင် ဖြစ်ချင် ဖြစ်နေဦးမှာ။ ဒီတော့ ဗုဒ္ဓဘာသာဝင် တစ်ယောက် ပီပီ ဒီလိုနေရာမျိုးမှာ ဆိုးယုတ်ညစ်ပတ်တဲ့ လုပ်ရပ်မျိုးတွေ ရှိနေတာကို သူ စိတ်ပျက်နေခဲ့တယ်။ သူ့လို ဒီကိစ္စတွေကို အမြင်မကြည်လင်တဲ့ နောက်ထပ် လူ

mgyaye.com

mgyoe.com SAMPLE BOOK

တစ်ယောက် ထွက်ပေါ်လာပြီးတော့ အထက်လူကြီးတွေကို တိုင်လား တောလား လုပ်လာခဲ့ရင် သူ့ရဲ့ ပခုံးထက်က အပွင့်တချို့ပါ လွင့်စဉ်သွားနိုင်တာကို သူ စိုးရိမ်နေခဲ့တယ်။ သို့ပေမဲ့ အရာရှိရိုပ်သာကို ပိတ်ပစ်လိုက်ရင်လည်း နိပွန် ဘုရင့် တပ်မတော်က အရာရှိတချို့ရဲ့ အငြိုအငြင်ကို ခံရနိုင်စရာ အကြောင်းကလည်း ရှိနေပြန်သေးတယ်။ အဲဒီလိုဆိုပြန်ရင်လည်း သူ့ဘဝက ကျီးလန့်စာ စားနေရဦးမှာ။

ဒီတိုက်နှစ်လုံးကို အသွင်ပြောင်းခဲ့ရတဲ့ သူ့ရဲ့ မူလရည်ရွယ်ချက်က ခြံအရှေ့ပိုင်းမှာ နဂိုက ရှိနေခဲ့တဲ့ ဆောင်ကြာမြိုင်နဲ့ ၎င်းရဲ့ မျက်စိရှက်ဖွယ် ကိုးရိုးကားယား လုပ်ငန်းဆောင်တာတွေကို ခြံအနောက်ဘက်ဆီ ရွှေ့ပြောင်းပစ်လိုက်ခဲ့ခြင်း ဖြစ်တယ်။ အဲဒီလို လုပ်လိုက်ခြင်းအားဖြင့် ယင်းသို့သော ပရမ်းပတာ ကိစ္စတွေကို လူမြင်ကွင်းကနေ ကွယ်ဖျောက်ထားနိုင်လိမ့်မယ်။ ဒီအစီအစဉ်ကို ဘယ်သို့သော ကြီးကြီးမာစတာကမှလည်း ကန့်ကွက်မှာ မဟုတ်ကြောင်း သေချာလှတယ်။ ဒီလိုဆိုရင် နှစ်ဦးနှစ်ဖက် ရှဉ့်လည်း လျှောက်သာ၊ ပျားလည်းစွဲသာ ဖြစ်ပေတော့မပေါ့။

အဲဒါက ကောင်းတဲ့ စိတ်ကူးတစ်ခုပေပဲ။ ဒါပေမဲ့ မှန်းချက်နဲ့ နှမ်းထွက် မကိုက်ခဲ့ဘူး။ ခြံရှေ့ပိုင်းက ပြည့်တန်ဆာတွေဟာ ဒီနေရာမှာ ဖြစ်ပွားသွားခဲ့တဲ့ လူသတ်မှုကြောင့် မျက်ပြူးဆန်ပျာ ဖြစ်ကုန်ကြတယ်။ လူသတ်မှု ဖြစ်ပွားပြီးတဲ့ နောက်မှာ သူတို့အများစုက အခင်းဖြစ်ရာ နေရာကို လာရောက်ကြည့်ရှုခဲ့ကြတယ်။ အသစ်ရောက်လာကြတဲ့ လူနည်းစုက မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ဖူးခြင်း မရှိပေမဲ့ ဟိုလူပြော ဒီလူပြောနဲ့ နားထောင်ရပြီးတဲ့နောက်မှာ စိတ်မှန်းနဲ့ ရော်ရမ်းကာ ပိုလို့တောင် ကြောက်ရွံ့နေခဲ့ကြတယ်။ ကိုယ်တွေ့မြင်ဖူးသူထက်တောင် အကြားသက်သက် မမြင်ဖူးသူတွေက လေဖမ်းဒန်းစီးလို့ ပိုပြီး ထိတ်လန့်နေကြတော့တာ။ ကြောက်ရွံ့စိတ်က ကူးစက်တတ်တဲ့ သဘောသဘာဝ ရှိတယ် မဟုတ်လား။ တထိတ်ထိတ် တလန့်လန့်နဲ့ ကာလကြာရှည်လာတာနဲ့အမျှ ဒီအကြောင်းအရာကို မပြောဘဲ နေပြန်ရင်လည်း ရင်ထဲမှာ ကလိကလိနဲ့ ထိုင်ရအခက်၊ ထရအခက်။ ပြောပြန်ရင်လည်း ကျောထဲက ယားကျိကျိ။ ဒီတော့ ပြောလည်း မဟုတ်၊ မပြောလည်း မဟုတ်။ နေ့ခင်းကြောင်တောင်မှာတောင် ခြံအနောက်ဘက်ကို တစ်ယောက်တည်း သွားရဲတဲ့သူ မရှိတော့ဘူး။ မူခင်းကြီးက သူတို့အနားမှာတင်

mgyoe.com

mgyi.com SAMPLE BOOK

ဖြစ်ပျက်သွားခဲ့တာ မဟုတ်လား။ ဘာမှ ကြာလိုက်သေးတာ မဟုတ်ဘူးလေ။ မျက်လုံးထဲမှာ အားလုံးကို မြင်ယောင်နေသေးတုန်းပဲ။ တစ္ဆေရဲ့ ဝိညာဉ်က ဝါးရုံတောထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်လို့။ သူတို့က ခပ်လှမ်းလှမ်း တစ်နေရာကနေ အလုပ်လုပ်နေကြရတာ ဆိုပေမဲ့ ဧည့်လာသည် ဖြစ်စေ၊ ဧည့်ပါးသည် ဖြစ်စေ၊ တစ္ဆေတောထဲမှာ နေထိုင်ရတဲ့ တစ်ညတာက ရှည်လျားလွန်းလှချည့်။ ဒီလိုဆိုရင် သူတို့ကို မသေမချင်း ညှဉ်းဆဲနေတာနဲ့တောင် တူနေတော့တယ်။ သူတို့ရဲ့ ကိုယ်ခန္ဓာမှာ အညစ်အကြေးတွေနဲ့ စွန်းထင်းညစ်ပေနေတယ်။ တစ်ပါးသူတွေကို ပျော်တော်ဆက်နေကြရတာ မဟုတ်လား။ ဂုဏ်သိက္ခာရယ်လို့ သူတို့မှာ တစ်ပြားသားမှ မရှိတော့ဘူး ဆိုပေမဲ့ အသက်ကိုတော့ သူတို့ စာနဖိုးထားကြတုန်းပဲ။ ယီးတီးယားတား လုပ်လို့တော့ ဘယ်ဖြစ်မလဲ။

မသွားဘူး။

လုံးဝ လုံးဝ မသွားဘူး။

အလုပ်ဖြုတ်ချင် ဖြုတ်ပစ်၊ လုံးဝ မသွားဘူး။

ဒီလိုနဲ့ အဆောက်အအုံကို ပြင်ဆင်လို့ ပြီးစီးသွားပေမဲ့ လူကိုတော့ ပြင်ဆင်လို့ မရခဲ့ဘူး။ ဒါ့အပြင် အချိန်တိုအတွင်းမှာတော့ ဘယ်လိုမှ ပြင်ဆင်လို့ ရနိုင်စရာအကြောင်း မရှိတော့ဘူး။ တစ်ဖွဲ့လုံးကို လူလဲပစ်ဖို့ပဲ ရှိတော့တယ်။ ဒါလည်း လွယ်လှတဲ့ ကိစ္စမှ မဟုတ်တာ။ လက်နက်အပြည့်အစုံ ပါတဲ့ တပ်တစ်တပ်ကို ဖွဲ့စည်းရတာထက်တောင် ခက်နေတယ်။ တပ်တစ်တပ်မှာက လူမပြည့်ရင် ပေါ်တာဆွဲလို့ ရနိုင်သေးတယ်။ ဖမ်းခေါ်လာရင်လည်း ပြစ်မှုမမြောက်ဘူး။ နေ့ခင်းကြောင်တောင်မှာတောင် စိတ်ထင်တိုင်း လုပ်လို့ ရတယ်။ သို့ပေမဲ့ ဒီမိန်းမတွေကို ဖမ်းခေါ်လို့ ရနိုင်မှာတဲ့လား။ ဖမ်းလို့မဖြစ်။ လိင်ကျွန်အဖြစ် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်တာက ဘာသာရေး အကြောင်းတရားကို ခဏာဖယ်ထားလိုက်ဦး၊ ဗမာ့တပ်မတော်သားတစ်ယောက် အတွက်တော့ အင်မတန်မှ ကြီးလေးတဲ့ ပြစ်မှုတစ်ခုပဲ။ ရှိစေတော့။ ရှိစေတော့။ ဒီတိုက်ကြီးကို ဒီအတိုင်း ဟောင်းလောင်းသာ ပစ်ထားကြပေတော့။ တစ်နည်းဆိုရရင် ပိုက်ဆံနဲ့သာ ပြဿနာ အဖြစ်ခံမယ်။ လူနဲ့တော့ ပြဿနာ အဖြစ်ခံလို့ မတော်ဘူး။ ဒီလိုနဲ့ ဗိုလ်မှူးမောင်ကိုရဲ့ ရှဉ့်လည်း လျှောက်သာ၊ ပျားလည်း စွဲသာတဲ့ မဟာစီမံကိန်းကြီးက အဆုံးမှာ သဲထဲ ရေသွန် ဖြစ်သွားခဲ့ရတယ်။ ငွေပင်ငွေရင်း အမြောက်

mgyi.com

mgyoe.com SAMPLE BOOK

အမြားသာ အသားလွတ် စိုက်ထုတ်ခဲ့ရတယ်။ ဘာမှ ဖြစ်မလာတာကြောင့် တိုက်ကြီး နှစ်လုံးစလုံးကို အမြင်ကတ်ကတ်နဲ့ ဖြိုချလို့သာ ပစ်လိုက်ချင်တော့တယ်။

ယမန်နေ့ညက အခြေအနေ အရပ်ရပ်ကို ကြားသိရပြီးတဲ့နောက်မှာ ဒီလူအုပ်အတွက် နေရာတစ်နေရာ ရှာပေးရတော့မယ်လို့ သဘောပေါက်လိုက်တာနဲ့ တစ်ပြိုင်နက် ဘူ ဒီနေရာကို ချက်ချင်း သတိရသွားခဲ့တယ်။ အဲဒီတိုက်ကြီးတွေကို လက်တွေ့အသုံးချခွင့်ရပေတော့မယ်လို့လည်း ကျေနပ်ဝမ်းမြောက်စိတ်တောင် ဖြစ်ပေါ်လာခဲ့တယ်။ လက်ရှိ အခြေအနေကို သုံးသပ်ကြည့်ရသလောက်တော့ သူ့ရဲ့ အစီအမံက 'တိုင်း၍ရက်သည့် ပက္ကလာ မိုးရွာသည်နှင့် အခန့်သင့်ပဲ' ဆိုသလို အံဝင်ခွင်ကျ ဖြစ်နေတော့တယ်။ ပင်ပန်းခဲ့ရကျိုး နပ်သွားပြီပေါ့။ ကုန်ခဲ့ရကျိုး နပ်သွားပြီပေါ့။ တိုက်နှစ်လုံးနဲ့ အဖွဲ့နှစ်ဖွဲ့။ တစ်ဖက်မှာ တစ်ဖွဲ့စီနေ။ ကိုယ့်အစီအမံနဲ့ကိုယ်၊ နီးလည်း မနီးလွန်း ဝေးလည်း မဝေးလွန်း၊ ကျဉ်းလည်း မကျဉ်းကျပ် လျော့လည်း မလျော့ရဲ့။ အလောတော်ပဲ။ သို့ပေမဲ့ သူ့အတွက် နားလည်ရခက်နေတာက ဘာကြောင့်မို့ သူတို့ကို ဦးဟန်ထွန်းက အဲဒီလို နေရာချပေးထားရသလဲ ဆိုတဲ့ အချက်။ အပေါ်ထပ်မှာ အခန်းလေးခန်း ရှိတာကြောင့် တစ်ယောက် တစ်ခန်း နေလို့လည်း ဖြစ်နေသားပဲ။ ဘာကြောင့် အခန်းတစ်ခန်းကို သော့ခတ်ထားရတာလဲ။ ဘာကြောင့် ချိုမာနဲ့ မြသန္တာကို အခန်းတစ်ခန်းထဲမှာ အတူတူ ထားထားရတာလဲ။

အပါးတော်မြဖြစ်တဲ့ ဗိုလ်လေးထွန်းမြင့်ကတော့ အောက်ထပ်မှာ နေတယ်။

အောက်ထပ်မှာက ဧည့်ခန်းရယ်၊ မီးဖိုချောင်ရယ်နဲ့ ထမင်းစားခန်းကလွဲရင် အခန်းလို့ ခေါ်လို့ရတာ ဆိုလို့ အခန်းကြီး တစ်ခန်းနဲ့ အခန်းငယ် နှစ်ခန်းပဲ ရှိတော့တယ်။ အခု ဗိုလ်လေးထွန်းမြင့်နဲ့ လုံခြုံရေးတပ်သားက အခန်းငယ် တစ်ခန်းစီမှာ နေနေကြတဲ့။ ကျယ်တဲ့အခန်းကိုတော့ အစည်းအဝေးခန်းမ အဖြစ် ပြောင်းလဲပြင်ဆင်ထားတယ်။ အဲဒီအခန်းထဲကို ဝင်သွားတော့ အစည်းအဝေးခန်းမရဲ့ အပြင်အဆင်ကို မြင်လိုက်ရမှ ဗိုလ်မှူးမောင်ကို သတိရသွားတယ်။ ဒီနေ့ သူ့ရဲ့ လာရင်းကိစ္စက သူတို့နဲ့ စည်းဝေးပွဲတစ်ခု လုပ်မလို့ပေပဲ။ ဒီတော့ အစည်းအဝေးခန်းမ တစ်ဆောင်တော့ ရှိရတော့မှာပေါ့။ ဒါပေမဲ့ အပြင်ဘက်မှာ ရှိတဲ့ ဧည့်ခန်းကလည်း တော်တော်ကြီး ကျယ်ပြန့်တာပါ။ ကြိမ်ကုလားထိုင်

mgyoe.com

mgyb.com SAMPLE BOOK

တစ်ပတ်လည်နဲ့ လက်ဖက်ရည်တင် စားပွဲတွေ ဘာတွေလည်း ရှိနေပြီးသားမို့ အဲဒီနေရာမှာ စည်းဝေးပွဲလုပ်လည်း ဘာမှ အခက်အခဲ ရှိမှာ မဟုတ်ဘူး။ ဘာကြောင့်မို့ အခန်းသတ်သတ် ပြင်ဆင်ထားရတာလဲ။ ဦးဟန်ထွန်းက ဘယ်လို စိတ်ကူးနဲ့ ဒါတွေ လျှောက်လုပ်ထားတာလဲ ဆိုတာကို နားမလည်နိုင်အောင် ဖြစ်နေတယ်။ သူက အစည်းအဝေးစားပွဲ လုပ်ထားတဲ့ စားပွဲရှည်ရှည်ကြီးကို တစ်ပတ် ပတ်ကြည့်ရင်း သတိထားမိသွားတယ်။ လက်စသတ်တော့ စားပွဲ နှစ်လုံးဆက်ပြီး အပေါ်ကနေ စားပွဲခင်းတစ်ခု ခင်းထားတာကိုး။ အခုလို သေသပ် ပီရိအောင် ပြင်ဆင်ထားပုံထောက်ရင် ဦးဟန်ထွန်းမှာ သူ့အကြံအစည်နဲ့သူ ရှိနေလိမ့်မယ် ဆိုတာကို ဗိုလ်မှူးမောင်ကို သဘောပေါက်လာတယ်။ အဲဒီလူကို လျှော့တွက်လို့ မရဘူး ဆိုပြီးတော့လည်း နားလည်လာတယ်။ အဲဒါ ဦးဟန်ထွန်း အပေါ် ထားတဲ့ ဗိုလ်မှူးမောင်ကိုရဲ့ အခြေခံသဘောထားပဲ။ သူ့အပေါ် တတ်နိုင် သလောက် အကောင်းမြင်စိတ် မွေးပြီး တတ်နိုင်သလောက် မဆန့်ကျင်မိဖို့ အရေးကြီးတယ်လေ။

နောက်ဆုံးတော့ ဗိုလ်မှူးမောင်ကိုက စားပွဲရဲ့ အရှေ့ဆုံးထိုင်ခုံမှာ ထိုင်ချလိုက်ပြီး လက်ဆွဲအိတ်ထဲက အမှုဖိုင်တွဲ တချို့ကို ဆွဲထုတ်လိုက်တယ်။ စည်းဝေးပွဲအတွက် ကိစ္စဝိစ္စတွေကို ကြံဆတွေးတောနေတယ်။ ဘယ်လို အစည်း အဝေးမျိုးကို ကျင်းပရမလဲ ဆိုတာ စဉ်းစားမိသွားတော့ သူ့မျက်နှာပေါ်မှာ အပြုံး တစ်စ ယှက်သန်းလာတယ်။ ဒါပေမဲ့ အဲဒီအပြုံးထဲမှာပဲ ရွံမုန်းစိတ် အနည်း အကျဉ်းက ရောစွက်နေပြန်သေး။

(c)

သူတို့တွေ နံနက်စာစားပြီး ပြန်လာကြတော့ အစည်းအဝေးကို စတင်ကြတယ်။

အစည်းအဝေးရဲ့ အခမ်းအနားမှူးက ဦးဟန်ထွန်းပါ။ အဓိက စကား ပြောတဲ့ သူကတော့ ဗိုလ်မှူးမောင်ကိုပေါ့။ ဗိုလ်မှူးမောင်ကိုက အဖွင့်အမှာစကား အနေနဲ့ လတ်တလောအချိန်မှာ မြေအောက်တော်လှန်ရေးသမားတွေကို ရှာဖွေ ဖော်ထုတ်ရတဲ့ ကိစ္စနဲ့ တိုက်ခိုက်နှိမ်နင်းရတဲ့ အလုပ်တာဝန်တွေရဲ့ ခက်ခဲပင်ပန်းမှု အတိုင်းအတာနဲ့ အရေးတကြီး ဆောင်ရွက်ဖို့ လိုအပ်တဲ့ အကြောင်းတွေကို နိဒါန်းပျိုးနေတယ်။ သူ အထူးတင်ပြတဲ့ အချက်က အခုချိန်မှာ ဂျပန်ကို တော်လှန်

mgyb.com

mgyoe.com SAMPLE BOOK

တိုက်ခိုက်တဲ့ လူပ်ရှားမှုတွေက ပုံစံအသစ်နဲ့ ပြောင်းလဲ လူပ်ရှားလာကြောင်း၊ ကွန်မြူနစ်အဖွဲ့ဝင်တွေရဲ့ မြေအောက်လူပ်ရှားမှုတွေက တောနယ်က ရွာငယ်လေးတွေအထိ ပျံ့နှံ့နေပြီး မြေပေါ်မှာလည်း မဟာဗမာအစည်းအရုံး အပါအဝင် နိုင်ငံရေးအဖွဲ့အစည်းတွေက လက်ရှိ ဒေါက်တာဘမော်အစိုးရကို လက်တွဲဟူးပေါင်းနေသလိုလိုနဲ့ တစ်စုံတစ်ရာ ကျိတ်ကြံနေကြတာကြောင့် သူတို့ရဲ့ လူပ်ရှားမှုကိုလည်း မျက်ခြည်မပြတ်သင့်ကြောင်း ပြောဆိုခဲ့တယ်။

ဗိုလ်မှူးရဲ့ အသံနေအသံထားအရ သူ ဒီနေ့ စိတ်လက်ပေါ့ပါးနေတယ်ဆိုတာကို လူတိုင်း သတိထားမိနိုင်တယ်။ သူ ပြောနေတဲ့ အကြောင်းအရာက ဝမ်းသာစရာ စကား မဟုတ်ပေမဲ့ (ခေါင်းခဲစေမယ့် စကားပါ) မျက်နှာပေါ်မှာ ပြုံးယောင်သန်းနေတယ်။ လေသံကလည်း တက်ကြွ လန်းဆန်းနေတယ်။ အားပြည့်မာန်ပြည့်နဲ့ပါ။ သူက အားလုံးကို တရင်းတနှီး ပြောလာတယ်။

"ခင်ဗျားတို့အားလုံး သိထားကြပြီးသားပါပဲ။ မနေ့ညနေက ရန်ကုန်ကနေ လှို့ဝှက်ကြေးနန်း တစ်စောင် ကျွပ်တို့ဆီ ပို့လာတယ်။ ကြေးနန်းစာထဲမှာ ဘာရေးထားသလဲ ဆိုတော့ ဖိုးစိလို့ နာမည်ဝှက်ပေးထားတဲ့ ကွန်မြူနစ်ခေါင်းဆောင်တစ်ယောက်က ဇရာဝတီ ဒေးဒရဲဘက်ကနေ ထွက်လာပြီ။ ဒီနှစ်ရက်လောက် အတွင်းမှာ ကျွပ်တို့ရဲ့ ပဲခူးကို ရောက်လာလိမ့်မယ်။ သူ ဘာကိစ္စနဲ့ ဒီကို လာသလဲ ဆိုတာကို ခင်ဗျားတို့လဲ သိပြီးလောက်ရောပေါ့။ တော်လှန်ရေးကိစ္စ ဆွေးနွေးတိုင်ပင်ကြဖို့ပဲ။ ကွန်မြူနစ်တွေရဲ့ တော်လှန်ရေး ဆိုတာတွေကို ကျွပ်တို့ ကြုံခဲ့ပေါင်းများပြီ။ ဒီတော့ အထူးအဆန်းတော့ မဟုတ်ဘူး။ ဒါပေမဲ့ ဒီတစ်ခေါက်လူပ်ရှားမှုက တော်တော်လေး ကြီးကျယ်လိမ့်မယ်။ စီစဉ်ထားပုံက တော်တော်ကို အကွက်ကျတယ်။ ဖြစ်ပေါ်လာနိုင်တဲ့ အကျိုးရလဒ်က ဆိုးရွားပြင်းထန်နိုင်တယ်။ ဒါကြောင့် ကျွပ်တို့အနေနဲ့ တစ်ကွက်ကလေးမှ လစ်ဟာမသွားအောင် စောင့်ကြည့်နိုင်ဖို့ လိုလာတယ်။ ရန်ကုန်ကြေးနန်းက ကျွပ်တို့ကို သတိပေးထားတယ်။ ဖိုးစိဟာ သခင်စိုးရဲ့ ကိုယ်စားလှယ်အဖြစ်နဲ့ ဒီလ ၉ ရက်နေ့ ညဉ့်သန်းခေါင်မှာ ... ပြောရရင်တော့ နောက်လေးရက်အကြာ ည ၁၁ နာရီမှာ ဘုရားကုန်းရပ်ကွက်ထဲက စားသောက်ဆိုင်တစ်ဆိုင်မှာ လှို့ဝှက်အစည်းအဝေးတစ်ခု ကျင်းပလိမ့်မယ်။ ခင်ဗျားတို့ပဲ စဉ်းစားကြည့်ကြည့်ပေါ့။ အဲဒီ လှို့ဝှက်အစည်းအဝေးသာ လုပ်ခွင့်ရသွားခဲ့ရင် သူတို့ရဲ့ စုပေါင်းလူပ်ရှားမှုတစ်ခုက အကောင်အထည် ပေါ်သွားနိုင်

mgyoe.com SAMPLE BOOK

တယ်။ ဒါဆို ဘာတွေ ဆက်ဖြစ်လာနိုင်သလဲ။ ကွန်မြူနစ်တွေရဲ့ ကမ္ဘာ့ရှုံးထိုး စိတ်ဓာတ်ကို ခင်ဗျားတို့လဲ သိထားပြီးသားပဲ။ ဒါပေမဲ့ တိကျပြတ်သားတဲ့ ဦးဆောင်မှုတစ်ခု ရှိမနေဘူး ဆိုရင် ကျုပ်တို့အတွက် ဘာမှ စိုးရိမ်နေစရာ မရှိဘူး။ အရင်လို ပြောက်တိပြောက်ကျား တိုက်ခိုက်နေတာလောက်တော့ ကျုပ်တို့ မမှုဖါဘူး။ အခု သူတို့ ခေါင်းဆောင်တွေ စုမိသွားလို့ တိကျပြတ်သားတဲ့ ဦးဆောင်မှုတစ်ခု ရသွားခဲ့ရင် ကျုပ်တို့အတွက် အရာရာကို ထိန်းချုပ်ရတာ အင်မတန် ခက်ခဲသွားလိမ့်မယ်။ သူတို့ရဲ့ မြေပေါ်မြေအောက် လှုပ်ရှားမှုက ပိုပြီး အသက်ဝင်လာမှာမို့ ကျုပ်တို့အတွက် တွေးဆမရနိုင်လောက်အောင် ကျပ်တည်းသွားနိုင်တယ်။ ဒါကြောင့် ကျုပ်တို့ သတင်း ကြိုရတာကပဲ ကံကောင်းသလို ဖြစ်နေတယ်"

စကားစကို ခဏရပ်ပြီး ဘေးဘီဝဲယာကို တစ်ချက် ဝေ့ကြည့်လိုက်တယ်။ ပြီးတော့ ဆက်ပြောတယ်။

"မနေ့က ကျုပ်အတွက် ရက်ရာဇာပေါ့ဗျာ။ အဲ ... ဒီက လူကြီးမင်းတို့အတွက်လဲ နေ့ထူးနေ့မြတ်ပါပဲ။ ညနေပိုင်းမှာ ရန်ကုန်က ကြေးနန်းတစ်စောင် ရတယ်။ အဖိုးအနှုတ်ထိုက်တဲ့ ကြေးနန်းပေပဲ။ ညလဲ ရောက်ရော ..."

သူက ဦးဟန်ထွန်းကို လက်ညှိုးထိုးပြတယ်။

"ကျုပ်တို့ရဲ့ ဦးဟန်ထွန်းက ကျုပ်ကို အထူးလက်ဆောင်တစ်ခု လာပေးပြန်တယ်။ ဘာလက်ဆောင်လဲ။ ကြည့်ကြည့်လေ ... ဟောဒါပဲ"

ပြောပြီး ခပ်ထူထူ၊ ပေပွညစ်ပတ်နေတဲ့၊ ချဲ့အိုင်ထဲက ကောက်လာသလားလို့တောင် ထင်မှတ်ရတဲ့ စာအုပ်ထူတစ်အုပ်ကို စားပွဲပေါ် တင်ပြီး အားလုံးကို ပြလိုက်တယ်။

"ဟောဒါ ဘာလဲ သိလား။ ဟံသာဝတီ စာအုပ်တိုက်က ထုတ်တဲ့ ဇီနတ္ထပကာသနီပဲ။ ခင်ဗျားတို့အိမ်မှာလဲ ဒါမျိုး ရှိကောင်း ရှိနိုင်ပါတယ်။ ခင်ဗျားတို့ကတော့ စဉ်းစားနေမှာပဲ၊ ဒါကိုများ ဘာကြောင့် အထူးလက်ဆောင်လို့ ပြောရတာလဲပေါ့။ ဟုတ်ပါတယ်။ ကျုပ်လဲ အဲဒီအချိန်တုန်းက အခုလို စဉ်းစားခဲ့မိတာပဲ။ ဒါပေမဲ့ ဦးဟန်ထွန်းက ကျုပ်ကို ပြောတယ်၊ ဒါက ရိုးရိုးကျမ်းစာအုပ် တစ်အုပ် မဟုတ်ဘူး။ ဒီအထဲမှာ ဧရာမ လျှို့ဝှက်ချက်ကြီးတစ်ခု ရှိနေတယ်တဲ့။ ကံဆိုးရှာတဲ့ ကွန်မြူနစ်တစ်ယောက်က အဖမ်းမခံရခင်မှာ အဲဒီစာအုပ်ကို ပြတင်းပေါက်ကနေ အပြင်လွှင့်ပစ်ခဲ့တယ်။ သက်သေ ဖျောက်ဖျက်ချင်တဲ့ သဘောပေါ့"

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီအချိန်မှာ ဗိုလ်မှူးက စကားစဖြတ်ပြီး ဦးဟန်ထွန်းကို လှမ်းမေးတယ်။

"ဦးဟန်ထွန်း၊ အဲဒီလို မဟုတ်လားဗျ"

ဦးဟန်ထွန်းက ခေါင်းညိတ်ပြပြီး ဆက်လက် ရှင်းလင်းပြောဆိုတယ်။

"ကွန်မြူနစ်သူပုန်က အမျိုးသားကျောင်းရဲ့ အပေါ်ထပ် ရုံးခန်းထဲမှာ စတည်းချနေတယ်။ ရုံးခန်းမှာက ပြတင်းပေါက် တစ်ပေါက်ပဲ ရှိတယ်။ ကျုပ်က သူ့ကို ပြတင်းပေါက်ကနေ ခုန်ချထွက်ပြေးသွားမှာ စိုးရိမ်တာကြောင့် သူ့ကို အပေါ်တက်ပြီး မဖမ်းခင် ပြတင်းပေါက် အောက်တည့်တည့်မှာ အစောင့် တစ်ယောက် ချထားခဲ့တယ်။ နောက်ဆုံးတော့ လူက ထွက်မပြေးခဲ့ဘူး။ အချိန်လဲ ရမှ မရတော့တာ။ ဒါပေမဲ့ ဟောဒီဟာကို ပြတင်းပေါက်ကနေ အပြင်ကို ပစ်ထုတ်ခဲ့တယ်။ ကံကောင်းစွာနဲ့ပဲ ကျုပ်လူက ပြန်ရှာနိုင်ခဲ့တယ်။ ကွန်မြူနစ်သူပုန်က သေရမှာတော့ မကြောက်ဘူး။ ဒီပစ္စည်းကိုတော့ ကျုပ်တို့လက်ထဲ ရောက်သွားမှာ ကြောက်နေတယ် ဆိုတော့ ဒီအထဲမှာ တစ်ခုခုတော့ ပါရတော့မှာပဲ"

ဗိုလ်မှူးက စကားဆက်တယ်။

"ဟုတ်တယ်။ ကျုပ်လဲ အဲဒီလို တွေးမိတာပဲ။ ဒီအထဲမှာ တစ်ခုခုတော့ ပါကို ပါရမဲ့ယ်။ သူ လွှင့်ပစ်တာက ဇီနတ္ထပကာသနီ မဟုတ်ဘူး။ ဒီစာအုပ်ထူကြီး ထဲမှာ ဝှက်ထားတဲ့ တစ်စုံတစ်ခုကိုပဲ။ ဒါကြောင့် ကျုပ်က ဒီစာအုပ်ကို တစ်ရွက်ချင်း လှန်လှောရှာကြည့်ခဲ့တယ်။ ဒါပေမဲ့ အစကနေ စလှန်လို့ အဆုံးသာ ရောက်သွားတယ်။ မျက်လုံးတွေ နောက်ပြီး ခေါင်းသာ မူးဝေသွားတယ်။ ဘာရယ်လို့ ရှာမတွေ့ခဲ့ဘူး။ အဲဒီအထဲမှာ ဘာစာလုံးမှ အပိုမပါသလို ဘာမှ ထူးခြားတာ မတွေ့ခဲ့ဘူး။ နောက်တော့ ကျုပ် အညောင်းအညာပြေ လမ်းထွက်လျှောက်တယ်။ အပြင်မထွက်ခင်မှာ လက်ထဲက လက်ဖက်ရည်ပန်းကန်လုံးကို ဒီအတိုင်း တင်ထားခဲ့လိုက်တာ။ ကျမ်းစာအုပ်ပေါ် တင်ထားခဲ့မိမှန်းတောင် ကိုယ့်ကိုယ်ကိုယ် သတိမထားမိခဲ့ဘူး။ အိမ်ပြန်ရောက်လို့ ဇီနတ္ထပကာသနီကို ပြန်လှန်ကြည့်တဲ့ အခါမှာ ထူးခြားတာတွေ ဖြစ်ပေါ်လာတယ်။ ရေခဲစာရွက် အလွတ်ပေါ်မှာ ခပ်မှုန်မှုန် စကားလုံးတွေကို မြင်လာရတယ်။ အားလုံးက အင်္ဂလိပ် ဂဏန်းအက္ခရာတွေ၊ စက်ဝိုင်းပုံစံနဲ့ ရှိနေကြတယ်။ တံဆိပ်တုံး တစ်တုံးနဲ့ ဖိနှိပ်ထားတဲ့ အတိုင်းပဲ။ လက်နဲ့ ပွတ်ကြည့်တော့ အဲဒီနေရာက ခပ်နွေးနွေးလေး ရှိနေတုန်းပဲ။ ကျုပ် သံဘောပေါက်လိုက်ပြီ။

mgyoe.com

mgyade.com SAMPLE BOOK

စောစောက လက်ဖက်ရည်ခွက်ကို ဒီပေါ် တင်ထားခဲ့မိတာကြောင့် စာလုံးတွေ ပေါ်လာတာပဲ ဖြစ်ရမယ်။ ဟုတ်ပြီ။ လျှို့ဝှက်ချက်က ဒီရေခဲစာရွက်ပေါ်မှာ ရှိကို ရှိရမယ်လို့ ကျုပ် ချက်ချင်း နားလည်သွားတယ်။ နောက်ထပ် အပူနည်းနည်း ထပ်ပေးလိုက်ရင် အကုန်လုံးကို မြင်နိုင်လာလိမ့်မယ်။ ဒီလိုနဲ့ ကျုပ် ရေနွေးအိတ်ရှာပြီး ရေဆုံးမြေဆုံး လိုက်တော့တာပဲ။ နောက်ဆုံးတော့ ဒီမယ်ကြည့်... အခုလို ဖြစ်သွားတော့တာပဲ"

ဗိုလ်မှူးက စာအုပ်ထူကြီးကို ကောက်ကိုင်ပြီး သားရေအဖုံးကို အားလုံး မြင်အောင် လှန်ပြလိုက်တယ်။

နံ့သာရောင် ရေခဲစာရွက်ပေါ်မှာ အဖြူရောင် အင်္ကလိပ် ဂဏန်းအက္ခရာတွေနဲ့ ပြည့်နှက်နေတာကို အားလုံး တွေ့ကြရတယ်။ ဂဏန်းတွေက သူ့အစုနဲ့သူ ရှိနေကြတယ်။ ဂဏန်းတချို့က အနည်းငယ် ပုံပျက်နေပေမဲ့ ဘာဂဏန်းလဲ ဆိုတာကိုတော့ ခွဲခြားဖို့ မခက်လှဘူး။

120 3201 009 2117 477 1461 ...

741 8816 187 5661 273 4215 ...

အဲဒီလိုမျိုး စုစုပေါင်း ဆယ်လိုင်းနီးပါး ရှိတယ်။

ဗိုလ်မှူးက အဲဒီဂဏန်းတွေကို လက်ညှိုးညွှန်ပြရင်း အားလုံးကို မေးလိုက်တယ်။

"အဲဒါ ဘာတွေလဲ"

သူက အဖြေကို စောင့်မနေဘဲ သူ့ဟာသူ ပြန်ဖြေလိုက်တယ်။

"ခင်ဗျားတို့က ကျုပ်ထက် ပိုပြီး နားလည်မှာပါပဲ။ ဒါတွေက ကုတ်တွေ၊ လျှို့ဝှက်ကုတ်နံပါတ်တွေ။ တစ်နည်းပြောရရင် ဒါက ဝှက်စာဂဏန်းတွေပဲ။ ဘာကြောင့် ကွယ်ဝှက်ထားရတာလဲ။ ဘာဖြစ်လို့လဲဆိုတော့ ဒီအထဲမှာ အရေးပါတဲ့ သတင်းတစ်ခု ပါနေလို့ပေါ့။ ကွန်မြူနစ်သူပုန်တွေက ဒီဟာကို ကျုပ်တို့ လက်ထဲ ရောက်သွားမှာ ကြောက်နေကြတယ်။ တော်တော်ကြီး ကြောက်နေကြတယ်။ နယ်ကုန်ပြောရရင် သူတို့ရဲ့ အသက်နဲ့ခန္ဓာ အိုးစားကွဲမှာကို မကြောက်ပါဘဲနဲ့ ဒီဟာ ကျုပ်တို့လက်ထဲ ရောက်သွားမှာကို ပိုပြီး ကြောက်နေကြတယ်။ အဲဒါ ဘာကို ဆိုလိုနေသလဲ။ ဘာကို ဆိုလိုနေသလဲ ဆိုတော့ ဒီအထဲမှာပါတဲ့ သတင်းအချက်အလက်က ကျုပ်တို့အတွက် အလွန်အင်မတန်မှ အရေးပါနေ

mgyade.com

mgyoe.com SAMPLE BOOK

တယ်။ ကျုပ်တို့တစ်တွေ အရူးအမူး သိချင်နေတဲ့ သတင်းတစ်ခုခုပဲ ဖြစ်ရတော့မှာ ပေါ့။ ဟုတ်တယ် မဟုတ်လား"၊

အားလုံးကို ဝေ့ကြည့်ပြီး သူ့ဘာသာသူပဲ အဖြေပေးလိုက်တယ်။

"ဟုတ်တယ်၊ ဒီတော့ အခုဆို ခင်ဗျားတို့လဲ သဘောပေါက်လောက်ရောပေါ့။ ကျုပ်က ခင်ဗျားတို့ကို ညကြီးသန်းခေါင် လှုပ်နှိုးပြီး ဒီကို ဘာကြောင့် လာစုခိုင်းရသလဲ ဆိုတာ။ ခင်ဗျားတို့ကို ဒီဝှက်စာ ဖော်ခိုင်းမလို့ပဲ"

လူတိုင်းရဲ့မျက်နှာတွေက အနည်းငယ် အံ့အားသင့်နေတဲ့ပုံ ပေါက်နေကြတယ်။ မြသန္တာဆို ပါးစပ်ကနေတောင် တစ်ခုခုကို ရေရွတ်လိုက်သလိုပဲ။

ဗိုလ်မှူးက မမြင်ယောင်၊ မကြားယောင်ပြုပြီး သူ့အတွေးထဲမှာပဲ ဆက်လက် နှစ်မျောနေတယ်။ သူက သက်ပြင်းရှည်ကြီး ချပြီး ပြောတယ်။

"ကံကြမ္မာကတော့ ကိုယ့်ဘက်မှာ ရှိနေတာပဲ"

သူက မတ်တတ်ထရပ်ပြီး ခြေလှမ်းကို စလှမ်းလိုက်တယ်။ လမ်းလျှောက်နေရင်း ဆက်ပြောတယ်။

"ဒီတော့ ကျုပ်အတွက် ခင်ဗျားတို့ရဲ့ အကူအညီတွေ လိုအပ်နေတယ်။ ကံကောင်းထောက်မစွာနဲ့ သဲလွန်စတော့ ရလာခဲ့ပြီ။ ဒါပေမဲ့ ဒီလောက်နဲ့ မဖြစ်သေးဘူး။ မလုံလောက်သေးဘူး။ ရေဆုံးမြေဆုံး လိုက်မှ ဖြစ်မယ်။ လျှို့ဝှက်ချက်မှန်သမျှ တစ်စမကျန် ဖော်ထုတ်နိုင်မှ ဖြစ်မယ်။ ကျုပ်အထင် ပြောရရင် ဒီဟာက ဖိုးစီရဲ့ လှုပ်ရှားမှုနဲ့ သက်ဆိုင်လိမ့်မယ်လို့ ယူဆတယ်။ အဲဒီလိုသာ ဆိုရင်တော့..."

အဲဒီနေရာမှာ သူ့စကားကို ရပ်လိုက်ပြန်တယ်။ သူ့ရဲ့ ထိုင်ခုံနေရာကို ပြန်လျှောက်သွားပြီး အားမာန်အပြည့်နဲ့ စကားဆက်လိုက်တယ်။

"ဒီကိစ္စက ပေါ့သေးသေး မဟုတ်ဘူး။ ကျုပ်တို့ အဲဒီဝှက်စာကို ဖော်နိုင်မှ ဖြစ်မယ်"

တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်ကုပ်ကုပ် နားထောင်နေကြတဲ့ ပရိသတ်ကို သူက ကြည့်ပြီး ပြုံးပြလိုက်တယ်။ နေရာမှာ ထိုင်ချလိုက်ပြီးတဲ့နောက်မှာ တတ်နိုင်သမျှ အေးဆေးတဲ့ လေသံနဲ့ စကားဆက်ပြန်တယ်။

"ကျုပ် အခုချိန်မှာ ခင်ဗျားတို့ရဲ့ အကူအညီကို ခါတိုင်းအချိန်ထက် အများကြီး ပိုလိုအပ်နေတယ်။ ခင်ဗျားတို့က ဝှက်စာဖော်တဲ့ ကျွမ်းကျင်ပညာရှင်တွေ မဟုတ်ဘူး ဆိုပေမဲ့၊ မြေအောက်သူပုန်တွေရဲ့ ဝှက်စာစနစ်ကို အပြည့်အဝ

mgyoe.com

mgyoe.com SAMPLE BOOK

နားလည်မထားဘူး ဆိုပေမဲ့ ခင်ဗျားတို့က ကျုပ်ရဲ့ မျှော်လင့်ချက်ကို အလဟဿ ဖြစ်အောင် လုပ်မှာမဟုတ်ဘူး ဆိုတာကိုတော့ ကျုပ် ယုံကြည်တယ်။ ဘာကြောင့်လဲ ဆိုတော့ ... ဘယ်လို ပြောရမလဲ။ တစ် အချက်က ဒီဝှက်စာက အရမ်းကြီး ခက်မှာ မဟုတ်ဘူးလို့ ကျုပ် ယူဆတယ်။ ခက်တယ်ဆိုရင်တော့ ကွန်မြူနစ်သူပုန်တွေက အဲဒါကို အသေခံပြီး ကာကွယ်သွားစရာ အကြောင်း မရှိဘူး။ ဖော်လို့မှ မရတာပဲ ဥစ္စာ။ ဘာကြောင့် လွှင့်ပစ်နေဦးမလဲ။ နှစ် အချက်က ဒီမှာ ထိုင်နေကြတဲ့ လူပုဂ္ဂိုလ် တိုင်းမှာ ကိုယ့်အားသာချက်နဲ့ ကိုယ် ရှိနေကြတယ်။ ထောက်လှမ်းရေးအဖွဲ့ ခေါင်းဆောင်ဖြစ်တဲ့ ဗိုလ်ကြီးအောင်သူက သူပုန်တွေရဲ့ လှုပ်ရှားမှုတွေနဲ့ ပတ်သက်ပြီး ခရေစေ့တွင်းကျ သိထားတဲ့သူပဲ။ ပြောရရင် သူပုန်အကြောင်း ဘာမေးမေး သိတဲ့ အတိုင်ပင်ခံတစ်ယောက်လို ဖြစ်နေတယ်။ တပ်ကြပ်ကြီးမျိုးဇော်နဲ့ ဒေါ်ချိုမာတို့ကလဲ ဝါရင့်ပညာရှင်တွေ။ လျှို့ဝှက်ကြေးနန်းတွေနဲ့ အလုပ်လုပ်လာတာ အံတိုနေကြပြီ။ အဲ... မြသန္တာလေးကတော့ လူကသာ ငယ်တာ။ ပညာကိုတော့ အထင်သေးလို့ မရဘူး။ ဖြတ်ထိုးဉာဏ် ကောင်းတယ်။ အကြံပိုင်တယ်။ တွေးရဲ ပြောရဲတဲ့ သတ္တိရှိတယ်။ ဆိုရိုးစကား ရှိတယ် မဟုတ်လား။ သုံးယောက်ပေါင်း လောင်းကျော်တဲ့။ ခင်ဗျားတို့ လေးယောက်ကိုသာ ပူးပေါင်းလိုက်မယ် ဆိုရင် ဝှက်စာဖော်တဲ့ တကယ့်ပညာရှင် တစ်ယောက်ထက်တော့ သာကို သာရမယ်လို့ ကျုပ် ပြောရဲတယ်။ အချုပ်ကတော့ ကျုပ် ခင်ဗျားတို့အပေါ် ယုံကြည်ချက် အပြည့် ရှိတယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် ဗိုလ်ချုပ်မတ်စုအိုက ဒီဝှက်စာကိစ္စနဲ့ ပတ်သက်ပြီး တော်တော်ကြီး အလေးအနက် ထားပုံရတယ်။ ကျုပ် သူ့ကို အစီရင်ခံလိုက်တော့ သူက ဝှက်စာဖော်ဖို့အတွက် ပညာရှင်တွေ လွတ်ပေးမယ်လို့ ပြောလာတယ်။ အခု ဆို သူတို့ လမ်းပေါ်တောင် ရောက်နေလောက်ပြီ။ ဒါပေမဲ့ ကျုပ်အနေနဲ့ ကျုပ်လူတွေရဲ့ အစွမ်းအစကိုလဲ မြင်ချင်သေးတာ အမှန်ပဲ။ ဟုတ်တယ်၊ ခင်ဗျားတို့ပဲ။ ခင်ဗျားတို့ရဲ့ အစွမ်းအစတွေကို ကျုပ်ကို ပြဖို့၊ ပြီးတော့ ဗိုလ်ချုပ်မတ်စုအိုကို ပြဖို့ တကယ့် မဟာအခွင့်အရေးကြီးပဲ။ ဒီမှာ ခင်ဗျားတို့ရဲ့ အပြင်ဗာဟီရကိစ္စတွေကို ခဏာပစ်ထားပြီး အာရုံကို စုစည်းလို့ ဒီဝှက်စာကို အမြန်ဆုံး ဖော်နိုင်ဖို့ ကြိုးစား ကြစေချင်တယ်။ ခင်ဗျားတို့ရဲ့ လုပ်ရည်ကိုင်ရည်ကို သက်သေပြလိုက်နိုင်တဲ့ တစ်ချိန်တည်းမှာပဲ ကျုပ်တို့ ဆက်သွယ်ရေးတပ်ရင်းရဲ့ ဂုဏ်သတင်းကို မြှင့်တင်

mgyoe.com

mgyoe.com SAMPLE BOOK

ပေးရာလဲ ရောက်သွားနိုင်တယ်။ ကိုယ့်ရဲ့ တက်လမ်းကို ဖြောင့်ဖြူးသာယာအောင် လုပ်ပေးလိုက်သလိုလဲ ဖြစ်သွားလိမ့်မယ်”

ဗိုလ်မှူးရဲ့ ပြောစကားတွေကြောင့် အားလုံး အူတိအူကြောင် နားဝေတိမ်တောင်တွေ ဖြစ်ကုန်ကြတယ်။ ပထမဆုံးအနေနဲ့ ဒီဝှက်စာရဲ့ မူလဇာစ်မြစ်က သူတို့ကို ထိတ်လန့်အံ့သြစေတယ်။ နောက်ပြီး သူတို့လေးယောက်ကို ဒီနေရာမှာ စုပြီး ဝှက်စာဖော်ခိုင်းတဲ့ ကိစ္စက ထူးဆန်းအံ့သြဖို့ ကောင်းနေပြန်တယ်။ ဝှက်စာဖြေရတာ ခက်သလား ဆိုတော့ ခက်တယ်လို့ပဲ ပြောရမှာပဲ။ သူတို့လေးယောက်ထဲမှာ ဘယ်သူကမှ ဝှက်စာဖော်တတ်တဲ့ ကျွမ်းကျင်ပညာရှင်တွေ မဟုတ်ကြဘူး။ ရန်သူရဲ့ ဝှက်စာကို ဖတ်ဖူး၊ ဖော်ထုတ်ဖူးတဲ့ အတွေ့အကြုံလည်း ဘယ်သူမှ မရှိကြဘူး။ သူတို့အားလုံးက ပုံမှန်ဆိုရင် သူတို့ရဲ့ ကြေးနန်းစာတွေကိုပဲ ပုံမှန်စာအဖြစ် အဓိပ္ပာယ်ဖော်ပေးကြရတာ။ ပြောရရင် သာမန် ဘာသာပြန်ပေးရုံ အဆင့်လောက်ပဲ။ သူတို့ကို ဘာကြောင့် အဲဒီလောက် အယုံအကြည် လွန်ကဲနေရတာလဲ။ တကယ်လို့ အဲဒီဝှက်စာကို ဖော်ရတာ လွယ်တယ် ဆိုရင်လည်း သူတို့ကို ဘာကြောင့် ခိုင်းနေဦးမလဲ။ ဘာကြောင့် သူတို့ကို တကူးတက ခေါ်ပြီး ဒီလို တက်လမ်းရှိတဲ့ အခွင့်အရေးမျိုးကို ပေးနေဦးမလဲ။ ဘာကြောင့် ဒီလောက် ရေးကြီးခွင့်ကျယ် ဇာချနေဦးမလဲ။ ပြီးတော့ ဒီနေ့ ဗိုလ်မှူးရဲ့ အမူအရာနဲ့ လေသံက အရင်နဲ့မတူ တစ်မူထူးခြားနေတယ်။ သူတို့ကို ဖိအားပေးနေတာလည်း မဟုတ်သလို သူတို့ကို အလျှော့ပေး လိုက်လျောနေတာမျိုးလည်း မဟုတ်ဘူး။ အကျပ်ကိုင်နေတာ မဟုတ်သလို တော်ရိလျော်ရိ ဆက်ဆံနေတာလည်း မဟုတ်ဘူး။ အားလုံးကို ပွင့်ပွင့်လင်းလင်း ရှင်းပြနေသလိုလိုနဲ့ တစ်ခုခုကို ထိမ်ချန်ထားနေသလိုပဲ။ သူ့မျက်နှာက လျှို့ဝှက်သည်းဖို ဝတ္ထုတစ်ပုဒ်လို နားလည်ရ ခက်နေတယ်။ ဗိုလ်မှူးက လူသစ်တစ်ယောက်အဖြစ် ပြောင်းလဲသွားသလိုပဲ။ သူပြောခဲ့တဲ့ စကားတွေက တကယ်ပြောချင်တဲ့ စကားတွေပဲ မဟုတ်သလိုလို။ စကားလုံးတွေထဲမှာ ပဟေဠိတွေနဲ့၊ ဝိရောဓိတွေနဲ့။ ဗိုလ်မှူးက ဆက်ပြီး ပြောကြားလိမ့်ဦးမယ်လို့ သူတို့ ထင်ထားခဲ့တာ။ နောက်ပြောမယ့် စကားတွေထဲမှာ သူတို့ရဲ့ ရင်ထဲက ပဟေဠိတွေကို အဖြေညှိပေးနိုင်မယ့် သဲလွန်စတွေ ပါလာနိုင်မလားပေါ့။

ဒါပေမဲ့ ဗိုလ်မှူးမှာ ပြောစရာ ဘာမှ မကျန်တော့ဘူး။ သူ ဆက်ပြောတဲ့ စကားက နှုတ်ဆက်စကားပဲ။ ပြောပြီးတာနဲ့ လစ်ရော။ အားလုံးရဲ့ နေရေးထိုင်ရေးနဲ့

mgyoe.com

mgyoe.com SAMPLE BOOK

လုံခြုံရေးကို အထူးသတိထားဖို့ သူက အပါးတော်မြဲ ဗိုလ်လေးထွန်းမြင့်နဲ့ ဦးဟန်ထွန်းကို သီးသန့် မှာကြားသွားတယ်။ ပြောပြီးတာနဲ့ လက်နှစ်ဖက် နောက်ပစ်ပြီး ကားဝေါ် တက်သွားတော့တာပဲ။ ဗိုလ်ကြီးအောင်သူနဲ့ ကျန်သုံးယောက်ကတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း အူကြောင်ကြောင်နဲ့ ကျန်ရစ်ခဲ့ကြတယ်။ ဘယ်လောက်ထိ အူကြောင်ကြောင့် နိုင်လွန်းနေသလဲဆိုရင် ဘာဆက်လုပ်ရမှန်း မသိနိုင်အောင်ကို ရင်ထဲ ဟာတာတာ ဖြစ်ကျန်ရစ်ခဲ့တာမျိုး။

နောက်နာရီဝက် ကြာတော့ ဝှက်စာကို သူတို့ အလွယ်တကူပဲ ဖော်ထုတ်နိုင်လိုက်ကြတယ်။ စောစောက နားဝေတိမ်တောင် အူတိအူကြောင် ဖြစ်ခဲ့ရတဲ့ ကိစ္စက အခုဆိုရင် အရေခွံလှန်ခံထားရတဲ့ အသားစိုင်တစ်ခုလို သွေးအလိမ်းလိမ်းနဲ့မို့ မြင်ရသူအားလုံး ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြတယ်။

(စ)

ဗိုလ်မှူး ပြောခဲ့သလိုပါပဲ။ ဝှက်စာက ဖော်ရမခက်လှဘူး။ အတော်ကြီးကို လွယ်တယ်လို့တောင် ပြောလို့ရတယ်။ လွယ်လွန်လွန်းလို့ ဝှက်စာလို့တောင် ကင်ပွန်းတပ်ဖို့မသင့်တော့ဘူး။ ဝှက်စာရဲ့ အခြေခံသဘောတရားကို နားလည်ထားရုံနဲ့တင် ဖော်လို့ ရနေတယ်။

တကယ်တော့ ဗိုလ်မှူးက သူ့လူတွေကို အပျော်သက်သက် သွေးပူလေ့ကျင့်ခန်းလေးတစ်ခု လုပ်ပေးလိုက်ရုံ သက်သက်ပါပဲ။ ဂဏန်းတွဲ တစ်တွဲမှာ စာမျက်နှာနံပါတ်၊ စာကြောင်းရေနဲ့ စာလုံးရေကို ကိုယ်စားပြုတဲ့ ဂဏန်းတန်ဖိုးတွေ ပါနေတယ်။ အဲဒီဂဏန်းတန်ဖိုးတွေနဲ့ ဇိနတ္ထပကာသနီ စာအုပ်ထဲမှာ လှန်ရှာလိုက်ရုံပေါ့။ 'စာမျက်နှာ ၁၄၅၊ စာကြောင်းရေ ၂၀၊ စာလုံးရေ ၅ မှာ ရှိနေတဲ့ စကားလုံးက 'ဒီ' ဆိုတာမျိုး။

တစ်လုံး ဖော်နိုင်သွားတော့ ဒုတိယအလုံး၊ နောက်တော့ တတိယအလုံး... စသည်ဖြင့် စာကြောင်းအပြည့်အစုံက အောက်ပါအတိုင်း ထွက်လာတယ်။

ဒီဝှက်စာက အလကား
သူလျှိုရှိတာတော့ အမှန်
မင်း ဘယ်လောက်ပုန်းပုန်း
ပြေးလို့ကတော့ မလွတ်

mgyoe.com

mgyoe.com SAMPLE BOOK

ဟဲ့ မြွေပွေးကောင်
ခါးပိုက်တော့ ဆောင်မထားဘူး။
အောင်မျိုးမြချို ဒီလေးယောက်
ဘယ်သူမြွေပွေးလဲ
ဒီဝက်စာကို ရအောင်ဖော်မယ်
ဝန်ခံလာရင်တော့ အကောင်းဆုံးပဲ
မောင်မောင်ခေါ်လို့မှ ဗျာမထူးရင်
ဒူးနဲ့မျက်ရည် သုတ်ရမယ်မှတ်။

ကဗျာတော့ ကဗျာပဲ။ ဘာကဗျာ အမျိုးအစားလဲတော့ မပြောတတ်ဘူး။ စပ်ထားတာကတော့ တော်တော်ကို ဆိုးဆိုးဝါးဝါးပါ။ ဒါမှမဟုတ် တပ်ထဲအနေကြာသွားလို့၊ တိုက်ပွဲတွေနဲ့ချည်း လုံးပန်းနေရလို့ပဲ ကဗျာစည်းကမ်းတွေ မေ့လျော့သွားလေသလား မပြောတတ်ဘူး။ ကာရန်တွေ၊ နဘေတွေ ဘယ်လောက်ပဲ စုတ်ပဲ့စုတ်ပဲ့၊ အဓိပ္ပာယ်ကတော့ အရှင်းကြီး။ အခု ဖတ်နေတဲ့ ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ ထပ်ပြီး ရှင်းပြနေစရာ မလိုလောက်အောင် ပေါ်လွင်နေတယ်။ ဒီတော့ အောင်မျိုးမြချို ဆိုတဲ့ ဗိုလ်ကြီးအောင်သူ၊ တပ်ကြပ်ကြီးမျိုးဇော်၊ ချိုမာနဲ့ မြသန္တာတို့ လေးယောက် မပြောနဲ့၊ အတွင်းဝန်ဗိုလ်လေးတောင် ကြက်သီးထသွားတယ်။ ကာယကံရှင် လေးယောက်ကိုတော့ ထည့်ပြောနေစရာ မလိုလောက်တော့ဘူး။ သူတို့တွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ကျောချမ်းနေကြလေရဲ့။

❑

mgyoe.com

mgyoe.com SAMPLE BOOK

အခန်း (၂)

(က)

အီအီးပါချင်တာလိုလို ရှူရှူးပေါက်ချင်တာလိုလို၊ နေမထိ ထိုင်မသာ၊ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လို့၊

မျှော်တော့ မျှော်နေတာပဲ။ ဘာကို၊ ဘယ်သူ့ကို မျှော်လို့ မျှော်နေမှန်း တောင် ကိုယ့်ကိုယ်ကိုယ် နားမလည်နိုင်ကြတော့ဘူး။

နေမစောင်းခင် အချိန်မှာပဲ ဗိုလ်မှူးမောင်ကိုရဲ့ ကားကလေးက ခြံဂိတ်ဝရဲ့ လုံခြုံရေးတဲရှေ့ကို ပြန်ရောက်လာတယ်။ ဟိုကွေ့ဒီဝိုက်နဲ့ မောင်းလာလိုက်တာ ဒီတစ်ခေါက် အနောက်တိုက်ကို ရောက်မလာဘူး။ အရှေ့တိုက်ဆီကိုပဲ တည့်တည့် မောင်းသွားတယ်။ ကားရပ်သွားပြီ ဆိုတာနဲ့ ဗိုလ်မှူးက ကားထဲကနေ အလောတကြီး ဆင်းလာပြီး အနောက်ခန်းတံခါးကို အလျင်အမြန် ဖွင့်ပေးလိုက်တယ်။ ပြီးတော့ အလေးပြုတဲ့ပြီး ကားထဲက လူတစ်ယောက် ထွက်အလာကို စောင့်မျှော် နေတယ်။

အဲဒီလူရဲ့ အဝတ်အစားကတော့ သာမန် အရပ်ဝတ် အရပ်စားပါပဲ။ ရိုးရိုး ရှပ်လက်ရှည်ကို လည်ပင်းအထိ ကြယ်သီးတပ်ထားတယ်။ လမ်းလျှောက်တဲ့ ပုံစံက မြောက်ကြွမြောက်ကြွနဲ့၊ လေထဲပဲ ဝဲပျံတော့မှာလိုလို။ သူ့ရဲ့ အသက်က ၄၀ တောင် မပြည့်တတ်သေးဘူး။ အရပ်က ပုတုတု၊ အသားက ဖြူတူတူ၊ လူပုံက ပြည်တည်တည်၊ လက်ခြေလှုပ်ရှားတဲ့ ပုံစံက နဲ့တဲ့တဲ့။ ဗိုလ်မှူးမောင်ကိုရဲ့

mgyoe.com

mgyoe.com SAMPLE BOOK

အသက်အရွယ်က သူ့အဖေတောင် လုပ်လို့ရနေပြီ ဆိုပေမဲ့ သူ့ကို တရိုတသေ ရိုရိုကျိုးကျိုး ဆက်ဆံနေလိုက်တာများ သားတစ်ယောက်က သူ့မွေးသဖခင်ကို ဆက်ဆံနေတဲ့ အတိုင်းပဲ။ စစ်ဝတ်စုံကို ချွတ်ထားပေမဲ့လည်း လက်တစ်ဆစ်လောက်ပဲ ရှိတဲ့ နူတ်ခမ်းမွေးက သူ့ရဲ့ ဇာတိရုပ်ကိုတော့ ဖုံးကွယ်ပေးမထားနိုင်ဘူး။ ဂျပန်ငပုပဲ။

တကယ်လည်း သူက ဂျပန်လူမျိုးတစ်ယောက်ပါ။ နာမည်က ဟိဟာရ။ သူက တခြားဂျပန်တွေနဲ့ မတူဘူး။ သူက ၁၉၂၅ ခုမှာ သွားစိုက်ဆရာဝန် မစ္စတာကိုကူဘူနဲ့ အတူ ရန်ကုန်မြို့ကို ပထမဆုံးအကြိမ် ရောက်ခဲ့ဖူးတာ။ တကယ်တော့ သွားစိုက်ဆရာဝန် မစ္စတာကိုကူဘူက မြန်မာပြည်အရေးကို လျှို့ဝှက် ထောက်လှမ်းဖို့ ရောက်တဲ့ ရေတပ်ဗိုလ်ကြီးဟောင်း တစ်ယောက်ပါ။ အဲဒီတုန်းက ဟိဟာရရဲ့ အသက်က ၂၀ တောင် မပြည့်တတ်သေးဘူး။ နောက်တော့ ဗိုလ်မိုးကြီးလို့ လူသိများတဲ့ မစ္စတာဆူဇူကီးနဲ့အတူ မြန်မာပြည်ကို ၁၉၄၀ မှာ ဓာတ်ပုံသတင်းထောက် အဖြစ်နဲ့ ဒုတိယအကြိမ် ပြန်ရောက်လာခဲ့တယ်။ သူကလည်း မစ္စတာဆူဇူကီးလို အထူးလျှို့ဝှက်ထောက်လှမ်းရေး တစ်ယောက်အနေနဲ့ မြန်မာပြည်မှာ အချိန်ကြာကြာ နေခဲ့ဖူးတာကြောင့် မြန်မာလူမျိုးတွေရဲ့ ဘာသာစကားနဲ့ ယဉ်ကျေးမှု ဓလေ့စရိုက်တွေကို အတော်ကြီး တီးမိခေါက်မိ ရှိတယ်။ ဗမာစကား မပြောနဲ့၊ ရှမ်းလို ပြောရင်တောင် သူက ၇၀ ရာခိုင်နှုန်းလောက် နားလည်တယ်။ ဂျပန်တွေ မြန်မာပြည် စဝင်ခါစက တနင်္သာရီစစ်ကြောင်း ထားဝယ်မြို့သိမ်းတပ်ဖြစ်တဲ့ အိုကီတပ်ရင်းက ဗိုလ်ကဝါရှိမာရဲ့ စကားပြန်အဖြစ်နဲ့ တတိယအကြိမ် မြောက် ပြန်လည် လိုက်ပါလာခဲ့တယ်။ လွန်ခဲ့တဲ့ တစ်နှစ်လောက်ကစပြီး အမှတ် (၁၁) အထူးစစ်ဆင်ရေးတပ်ဖွဲ့ရဲ့ စစ်ရေးအကြံပေးအဖြစ် ရာထူးတိုးမြှင့်ခံခဲ့ရတယ်။ ပြောမယ်ဆိုရင် ဒုတိယဗိုလ်မှူးကြီး အဆင့်ပေါ့။ သူ့ရဲ့ အဓိကတာဝန်က ပဲခူးတိုင်းရဲ့ မြေအောက်လှုပ်ရှားမှုတွေကို ဖော်ထုတ်ရာမှာ ကြီးကြပ်ကွပ်ကဲဖို့ပဲ။ အခုဆို ဗိုလ်ချုပ်မတ်စုအိရဲ့ အားအထားရဆုံး လက်ရုံးတစ်ယောက် ဖြစ်နေပြီ။ ပြီးတော့ သူက ဦးဟန်ထွန်းတို့လို ဂျပန်အလိုတော်ရိတွေရဲ့ နောက်ကွယ်က ကြိုးကိုင်ရှင် အစစ်ပေါ့။ သူ အခုလေးတင် ရန်ကုန်ကနေ ရောက်လာခဲ့တာ။ ဗိုလ်ချုပ်မတ်စုအိရဲ့ လျှို့ဝှက်အမိန့်စာကို ယူပြီး ဒီမှာ အမှုလာစစ်တာပဲ။

mgyoe.com

mgyee.com SAMPLE BOOK

တိုက်ထဲရှိတဲ့ ဦးဟန်ထွန်းက သူ့သခင် ရောက်လာတာလည်း မြင်ရော အမြီးနှန့်ပြီး အပြေးကလေး လာကြိုတယ်။ ကပ်ပါးရပ်ပါး စကားတွေကို နားထောင်ပြီးတဲ့ နောက်မှာ ဟိဟာရက ဦးဟန်ထွန်းကို မေးတယ်။

"ဟိုလူတွေကို ဘာဖြစ်လို့ ဒီမှာ ဖမ်းချုပ်ထားရတာလဲ။ ဒီမှာက လူတွေ ဝင်လိုက် ထွက်လိုက်နဲ့ အတော်ကြီးကို လွယ်ကူနေပါရောလား"

အဲဒီလို နူးညံ့ညင်သာတဲ့ လေသံ၊ ပြုံးစစ မျက်နှာပေးက အလုပ်ကို နည်းနည်းလေးမှ အမှားအယွင်းမခံတဲ့ သူ့လိုလူမျိုးနဲ့ လုံးဝ လိုက်ဖက်မနေဘူး။ နောက်ပြီး သူ့လို ဂျပန်အရာရှိတစ်ယောက်ရဲ့ ရာထူးဌာနန္တရနဲ့လည်း ပန်မသင့်ဘူး။

ဗိုလ်မှူးမောင်ကိုက ဦးအောင် ဝင်ပြောလိုက်တယ်။

"ဦးဟန်ထွန်းက ပြောတယ်။ အခုလို နေရာချထားမှ သားကောင်ကို ကျုံးသွင်းနိုင်မှာတဲ့"

ဦးဟန်ထွန်းကလည်း ဝင်ရောက်ထောက်ခံတယ်။

"ဟုတ်ပါတယ် မာစတာ။ ကျွန်တော် ဒီနေရာကို ရွေးထားရတဲ့ အဓိက အကြောင်းအရင်းက တခြားကြံရာပါတွေကိုပါ ကျုံးသွင်းနိုင်အောင်လို့ပါ။ ဒီနေရာက ဆင်ကျုံးတစ်ခုလိုပါပဲ"

သူက လက်နှစ်ဖက်ဆန့်တန်းပြီး ဘယ်ညာဝိုက်ပြလိုက်တယ်။ ဒီခြံကြီး တစ်ခုလုံးနီးပါးကို သူ့ရင်ခွင်ထဲ ဆွဲသွင်းလိုက်တဲ့အလားပဲ။

ဟိဟာရက သူ့ကို တစ်ချက်လှမ်းရှိုးတယ်။ ဘာမှတော့ မပြောဘူး။

ဦးဟန်ထွန်းက ထပ်ပြီး ရှင်းပြတယ်။

"ကျွန်တော် ယူဆတာက တကယ်လို့သာ သူတို့ကို အတင်းအကျပ်ကြီး စောင့်ကြပ်ထားမယ်ဆိုရင် ဘယ်သူကမှ သူတို့အနားကို ချဉ်းကပ်ရဲကြမှာ မဟုတ်တော့ဘူး။ ဒီလိုဆိုရင် ကျွန်တော်တို့လဲ သူ့ရဲ့ အပေါင်းအဖော်တွေကို ဖမ်းဆီးနိုင်ဖို့ အခွင့်အလမ်း ရှိမှာ မဟုတ်တော့ဘူး။ ကျွန်တော်က တမင်သက်သက် ကယ်ပေါက် ဖွင့်ပေးထားတာပါ။ သူတို့အတွက် အခွင့်အရေး ရှိလောက်တယ်လို့ ယူဆထားရင် သူတို့ အဲဒီကယ်ပေါက်ထဲကို တိုးမဝင်ဘဲ နေမှာ မဟုတ်ဘူး။ ဒါပေမဲ့ ဘယ်အချိန်မှာပဲဖြစ်ဖြစ် စောင့်ကြည့်နေတဲ့ လူတွေကတော့ အမြဲ ရှိနေပါတယ်။ ပေါ်တင်ပဲဖြစ်ဖြစ်၊ မမြင်ကွယ်ရာမှာပဲ ဖြစ်ဖြစ်၊ အကုန်လုံး ကျွန်တော်တို့ လက်ခုပ်ထဲကနေ

mgyee.com

mgyoe.com SAMPLE BOOK

ပြေးမလွတ်ပါဘူး။ သူတို့ နေတဲ့ အခန်းတိုင်းမှာ အသံဖမ်းစက် တစ်လုံးစီ ကျွန်တော် တပ်ထားတယ်။ သူတို့ အခန်းထဲကနေ မထွက်ဘူး ဆိုရင်တောင်မှ ကျွန်တော်တို့ သူတို့အသံကို နားထောင်နေလို့ ရတယ်။ သူတို့ အပြင်ထွက်လာပြီး ထမင်းစား တဲ့အပဲ ဖြစ်ဖြစ်၊ တခြား ဘာပဲလုပ်လုပ် ကျွန်တော့်လူတွေကို အကုန်လုံး လွှတ်ပြီး သူတို့ တစ်ယောက်ချင်းစီတိုင်းရဲ့ လှုပ်ရှားမှုတွေကို မျက်စိဒေါက်ထောက်ပြီး ကြည့်ခိုင်းထားတယ်။ ထမင်းစားခန်းထဲမှာလဲ လူချထားပြီးသား။ ကုန်ကုန်ပြောရရင် သူတို့ အဲဒီတိုက်ထဲကနေ အပြင်ထွက်သွားရင်တောင် လူတစ်ယောက်စီတိုင်းကို အနည်းဆုံး လူနှစ်ယောက်ကတော့ စောင့်ကြည့်နေကြလိမ့်မယ်။ အားလုံးကို အဆင်ပြေအောင် ကျွန်တော် စီစဉ်ထားပါတယ်”

ဗိုလ်မှူးမောင်ကိုကလည်း မျက်နှာလိုမျက်နှာရ ဝင်ပြောတယ်။

“မာစတာ၊ စိတ်မပူပါနဲ့။ မုဆိုးကောင်းရဲ့ လက်ထဲမှာ ခွေးညံ့ မရှိသလိုပဲ မာစတာရဲ့ လက်အောက်ငယ်သားတွေ အားလုံးက အံကုန်လုံး အရည်အချင်း ရှိတဲ့ လူတွေချည်းပါပဲ”

ဟိဟာရက စစ်သားတစ်ယောက်ရဲ့ လေသံမျိုးနဲ့ တိုတိုပြတ်ပြတ် ပြောချလိုက်တယ်။

“ဒီမယ် ... ဗိုလ်မှူးမောင်ကို၊ ဟန်ထွန်းက ခင်ဗျားလူ မဟုတ်ဘူးလား။ ဘယ်နယ်ကြောင့် ကျုပ်လက်အောက်ငယ်သား ဖြစ်သွားရတာလဲ”

အစကတော့ မျက်နှာလို မျက်နှာရနဲ့ ဖော်လံဖားဖို့ ရည်ရွယ်လိုက်တာ။ ဒါပေမဲ့ တစ်ဖက်လူက အဖားမခံဘဲ ပြန်ပြီး ပုတ်ထုတ်လိုက်တော့ ဗိုလ်မှူးမောင်ကို လည်း မချိသွားဖြဲ့ လုပ်နေရတော့တယ်။

“ကျွန်တော်တို့အားလုံးက နိုပွန် ဘုရင့်တပ်မတော်ရဲ့ လူတွေချည်းပါပဲဗျာ”

ဦးဟန်ထွန်းက ဟိဟာရရဲ့ အနားကို စွေ့ခနဲ ကပ်သွားပြီး ခွေးလျက်ချင် လောက်တဲ့ မျက်နှာပေးနဲ့ ပြောတယ်။

“ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်တော်တို့ရဲ့ ဗိုလ်မှူးက နိုပွန် ဘုရင့် တပ်မတော်ရဲ့ လူပါ”

သူ့ရဲ့ ရည်ရွယ်ချက်က သူ့အထက်အရာရှိတွေကို ကျေနပ်သွားအောင် မျက်နှာလိုမျက်နှာရ ပြောလိုက်တာပါပဲ။ ဒါပေမဲ့ နှစ်ယောက်စလုံးက အဲဒီစကား ကို သိပ်ပြီး အဖက်လုပ်လိုကြဟန် မတူဘူး။

ပြောရင်းဆိုရင်းနဲ့ သူတို့သုံးယောက်စလုံး တိုက်ထဲကို ဝင်သွားကြတယ်။

mgyoe.com

mgyue.com SAMPLE BOOK

(ခ)

အရှေ့တိုက်ရဲ့ အမိုးက အနောက်တိုက်ထက် သိသိသာသာ အထက်ကို ထိုးထွက်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီဘက်မှာ ရှိတဲ့ ပထဝီမြေကြီးကိုယ်၌ကိုက ဟိုဘက်ထက် ပိုပြီး မြင့်နေလို့ပဲ။ ပြီးတော့ တိုက်ရဲ့ အောက်ခြေ ဖိနပ်ခုံကိုလည်း လှေကားသုံးထစ်စာ ပိုမြင့်ထားသေးတယ်။ အရှေ့တည့်တည့်ကနေ ကြည့်ရင်တော့ တိုက်နှစ်လုံးက တစ်ပုံစံတည်းလိုလိုပဲ။ နှစ်တိုက်စလုံးရဲ့ မျက်နှာစာတွေက တောင်ဘက်ကို လှည့်ထားကြတယ်။ ပြီးတော့ အရှေ့အနောက် အလျားလိုက် ဆောက်ထားကြပြီး နှစ်တိုက်စလုံးက နှစ်ထပ်ခွဲမြင့်တဲ့ တိုက်တွေချည်းပဲ။ အနီရောင် အုတ်ကြွပ်မိုးတွေရယ်၊ အဖြူရောင် အုတ်နံရံတွေရယ်၊ ပြီးတော့ အပေါ်၊ အလယ်နဲ့ အောက်အနားကွပ်တွေမှာ အလှဖော်ထားတဲ့ မီးခိုးရောင် အုတ်ချပ်တွေရယ်။ တစ်ခုတည်းသော ခြားနားချက်ကတော့ အရှေ့တိုက်မှာ ကားဂိုဒေါင် မရှိဘူး။ ဒါကြောင့် အလယ်တည့်တည့်ကနေ ကြည့်မယ်ဆိုရင်တော့ အရှေ့တိုက်က နည်းနည်း ပိုသေးမယ် ထင်ရတယ်။ အဓိကကတော့ ဖြက်ကျဉ်းနေတာ။ ဒါပေမဲ့ သိပ်ကြီးတော့ လည်း မသိသာလှပါဘူး။ ကျဉ်းသယောင်ယောင်ပေါ့။ တိုက်ထဲကို ဝင်သွားလိုက်တော့မှ ပိုကျဉ်းတယ် ဆိုတာ ထင်သာမြင်သာ ဖြစ်သွားတယ်။ ပထမဆုံးအချက်အနေနဲ့ အောက်ထပ်မှာရှိတဲ့ ဧည့်ခန်းဆောင်က အနောက်တိုက်ကလို ကျယ်ကျယ်လွင့်လွင့် မရှိဘူး။ လှေကားခွင်ကလည်း ကရော်ကမည်နဲ့။ မြောက်ဘက်နံရံနားမှာ လူမြင်မခံဝံ့လို့ ပုန်းခိုနေတဲ့ အတိုင်းပဲ။ လှေကားက အချိုးအကွေ့ မပါဘဲ အပေါ်ကို တည့်တည့်တက်သွားတဲ့ ရိုးရိုးလှေကားမျိုး။ သာမန် ရိုးရိုးအိမ်တွေမှာ မြင်ရတတ်တဲ့ ဟာမျိုးပေါ့။

အပေါ်ထပ်က ပိုလို့တောင် ရိုးရှင်းသေးတယ်။ တကယ့်ကို သာမန်ဆင်းရဲသားတွေ နေတဲ့ အိမ်အတိုင်းပဲ။ အပေါ်ထပ် တက်သွားလိုက်ရင် မျက်နှာချင်းဆိုင် တည့်တည့်နဲ့ ညာဘက်အခြမ်းက နံရံပဲ ရှိတယ်။ မျက်နှာချင်းဆိုင်က အနောက်နံရံ၊ ညာဘက်က မြောက်ဘက်နံရံ။ ဘယ်ဘက်အခြမ်းမှာပဲ အတော်လေး ကျယ်ပြန့်တဲ့ စင်္ကြံလမ်းကြီးတစ်ခု ရှိတယ်။ စင်္ကြံလမ်းရဲ့ ညာဘက်က အုတ်နံရံ (အနောက်နံရံ) ဆိုတာတော့ ပြောဖို့ မလိုလောက်ဘူး ထင်တယ်။ အဲဒါဘာကို ဆိုလိုနေသလဲ ဆိုတော့ တိုက်အပြင်ဘက်ကနေ လှမ်းကြည့်လို့ မြင်နေရတဲ့ အနောက်ဘက်က အိပ်ခန်းပြတင်းပေါက် လေးပေါက် ဆိုတာတွေက

mgyue.com

mgyoe.com SAMPLE BOOK

တကယ်တော့ ဟန်ပြထားတာတွေ။ လျှောက်လမ်းတစ်လမ်းပဲ ရှိတယ်။ အခန်းတွေက ကျယ်တော့ ကျယ်ပါရဲ့။ အရည်အသွေးကတော့ မည်မည်ရရ မဟုတ်ဘူး။ သာမန် ရိုးရိုးတုံးတုံးကြီး နေဖြစ်ရုံလောက်ပဲ။ အချုပ်ပြောရရင်တော့ အရှေ့အနောက် တိုက်နှစ်လုံးက အပြင်ပန်းအရ ဆင်တူနေပေမဲ့ အတွင်းပိုင်း အခြေအနေကတော့ မိုးနဲ့မြေလို ကွာခြားနေတယ်။ မြင်ရတဲ့လူအဖို့ ဘယ်လို ထင်သွားနိုင်သလဲ ဆိုတော့ ဒီခြံပိုင်ရှင်က တိုက်ဆောက်နေတုန်း ကံဆိုးမိုးမှောင်ကျပြီး တိုက်တစ်တိုက်ကို လက်စသတ်ဖို့ အခြေအနေ မပေးတော့ဘူးလို့ ထင်သွားနိုင်စရာ အကြောင်းရှိတယ်။ ဒါကြောင့် အရှေ့တိုက်ကို ဖြစ်ကတတ်ဆန်း အကျဉ်းရုံးဆောက်ဖြစ်လိုက်တာများလားပေါ့။

အဖြစ်မှန်က အဲဒီလို မဟုတ်ပါဘူး။

အဲဒီတုန်းက ဆောက်လုပ်ရေးလုပ်ငန်းမှာ ပါဝင်ကြီးကြပ်ခဲ့ရတဲ့ ပုဂ္ဂိုလ်တစ်ဦးရဲ့ ပြောစကားအရ သိရတာက အနောက်တိုက်ကို ဆောက်လို့ ပြီးခါနီး အချိန်လောက်မှ မူလကြံရွယ်ထားခြင်း မရှိဘဲ အရှေ့တိုက်ကို စဆောက်ဖြစ်တယ်လို့ ဆိုတယ်။ အကြောင်းအရင်းကတော့ လမ်းကြုံလို့ မတော်တဆ ရောက်လာတဲ့ ဘိုးတော်တစ်ယောက်ရဲ့ စကားတစ်ခွန်းကြောင့်ပဲ။ ဘိုးတော် ဆိုတာက ဝိဇ္ဇာလိုင်းက ဘိုးတော်ကို ပြောတာ။ အဲဒီဘိုးတော်က အညာဘက်က။ ရန်ကုန်ကို ဘုရားဖူး သွားရင်း ပဲခူးမှာ တစ်ထောက်နားတယ်ပဲ ဆိုပါတော့။ သူက ပဲခူးဘုရားတွေကို လျှောက်ဖူးရင်း ရေဖွေးဖွေးနဲ့ ကန်ကြီးကို မြင်တော့ တာရိုးအတိုင်း လမ်းလျှောက်လာရင်း ဒီခြံထဲကို ချော်တောင်ပြီး ရောက်ချလာခဲ့တာပဲ။ ဆောက်လက်စ အနောက်တိုက်ကြီးက အုတ်ကြွပ်မိုးတွေတောင် မိုးပြီးနေပြီ။ အတွင်းပိုင်းကို ရွှိုင်းတီးပွိုင်းတီး လုပ်နေကြတဲ့ အချိန်ပေါ့။ ဒီတော့ အပြင်ဘက်ကနေ ကြည့်ရင် အုတ်တိုက်ကြီးကို အင်မတန် ခန့်ခန့်ညားညား တွေ့မြင်နေရတယ်။ ထူးဆန်းတဲ့ ညှို့ဓာတ်တစ်စုံတစ်ရာက သူ့ကို ညှို့ငင်နေတဲ့အလား သူက ဆောက်လက်စတိုက်ကြီးကို သုံးပတ်ပတ်ကြည့်ပြီး ပြန်ခါနီးမှာ စကားတစ်ခွန်း ပြောသွားခဲ့တယ်။

"ဒီလောက် ခမ်းနားကြီးကျယ်တဲ့ တိုက်ကြီးမှာ နေနိုင်ဖို့ဆိုတာ တော်ရုံဘုန်းကံနဲ့တော့ မရဘူး။ စုတ်နဲ့ လာဘ်က အမြဲတမ်း ဒွန်တွဲနေတတ်တာကလား။ မထိုက်ရင်တော့ ဒီအိမ်ရှင်အတွက် မစားသာလှဘူး။ စုတ်ဝင်ရင် အရှေ့ဘက်ကနေ ဝင်လာမှာပဲ"

mgyoe.com

mgyee.com SAMPLE BOOK

ခြံပိုင်ရှင်က အဲဒီသတင်းကိုလည်း ကြားရော ပဲခူးတစ်မြို့လုံးပတ်ပြီး အဲဒီအကြောင်းအမြင်ဆရာကို မရအရ ရှာတော့တာပဲ။ အစကတော့ ကောက်ရိုးပုံထဲ အပ်ရှာသလိုများ ဖြစ်နေမလားပေါ့။ စိတ်ပူမိခဲ့သေးတာ။ နောက်တော့ ပျောက်သောသူ ရှာလျှင်တွေ့ ဆိုတဲ့ စကားပုံလိုပဲ ရှာလို့ တွေ့သွားတယ်။ ခြံရှင်က အဲဒီဘိုးတော်ကို တကယ့် ငယ်ဆရာတစ်ယောက်လို တခမ်းတနား ပင့်ဆောင်ပြီး စားသောက်ဆိုင်ကြီး တစ်ဆိုင်မှာ ဧည့်ခံကျွေးမွေးရင်း သူ သိချင်တာတွေကို မေးတော့တာပေါ့။ ဒါနဲ့ ဘိုးတော်က ခြံထဲကို နောက်တစ်ခေါက်ထပ်ပြီး စေ့စေ့စပ်စပ် လိုက်ကြည့်ပေးပြန်တယ်။ နောက်ဆုံးကျတော့ အခု အရှေ့တိုက် ဆောက်ထားတဲ့ မြေကွက်လပ်အရောက်မှာ ဆက်မသွားတော့ဘဲ မြေပြင်ပေါ် ထိုင်ချလိုက်ပြီး ပါးစပ်က ဆီမန်းမန်းသလို ပွစိပွစိ ရွတ်နေတော့တယ်။ ထားတော့။ အချုပ်ပြောရရင် အဲဒီနေရာမှာ နောက်ထပ်တိုက်တစ်လုံး တည်ဖို့ ခြံရှင်ကို အကြံပေးတော့တာပဲ။ အရှေ့ဘက်ကနေ ဝင်လာမယ့် မကောင်းတဲ့ အငွေ့အသက်တွေကို ဒီနေရာကနေ ကာထားရမယ်တဲ့။ ကာတယ် ဆိုမှတော့ မြင့်မြင့် ကာရတော့မှာပေါ့။ ဒါကြောင့် အရှေ့တိုက်နေရာက မြေနေရာအရ ပိုပြီး မြင့်တဲ့အပြင် အောက်ခြေ ဖိနပ်ခုံကိုလည်း အမြင့်ကြီး ဆောက်ထားတယ်။ မားမားမတ်မတ် ကာကွယ်ပေးထားတယ် ဆိုတဲ့သဘောပေါ့။ ဒါကြောင့်လည်း အပြင်ဘက်ကနေ ကြည့်ရင် အရှေ့တိုက်နဲ့ အနောက်တိုက်က အရွယ်အစားအရ ဘာမှ သိပ်မကွာလှဘူး။ နောက်ပြီး ကာဖို့ ရည်ရွယ်ထားတာဆိုတော့ အတွင်းခန်းတွေရဲ့ အကျဉ်းအကျယ်က ဘာမှ အရေးမပါတော့ဘူးပေါ့။ အတွင်းပိုင်းကလည်း သားသားနားနား ရှိနေဖို့ ဘယ်လိုတောင့်မလဲ။ သာမန်လောက်လည်း ဖြစ်နေတာပဲဟာ။ ဒါကြောင့် အခုလို မြင်နေရတာ။

(၈)

ဦးဟန်ထွန်းက ဟိဟာရနဲ့ ဗိုလ်မှူးတို့ကို အပေါ်ထပ်ခေါ်သွားတယ်။

အပေါ်ထပ်မှာက စုစုပေါင်း အိပ်ခန်းသုံးခန်းနဲ့ သန့်စင်ခန်း တစ်ခန်း ရှိတယ်။ အခန်းတွေက တစ်ဆစ်ချိုး L ပုံစံ စီတန်းထားတယ်။ အပေါ်ရောက် ရောက်ချင်း မြင်ရတဲ့ ပထမဆုံးအခန်းမှာ အခု ဦးဟန်ထွန်း နေနေတယ်။ ဒုတိယ အခန်းကိုတော့ ဟိဟာရအတွက် ပြင်ဆင်ပေးထားတယ်။ ဆက်သွားရင်တော့

mgyee.com

mgyoe.com SAMPLE BOOK

နှစ်မျိုးသုံးလို့ရတဲ့ သန့်စင်ခန်းပဲ။ အပြင်ဘက်အခြမ်းက ရေချိုးဖို့နဲ့ အတွင်းပိုင်းက အပေါ့အလေး သွားဖို့။ ရှေ့ဆက်သွားရင် နောက်ထပ် အခန်းတစ်ခန်း ရှိသေးတယ်။ အဲဒီအခန်းက အခြားနှစ်ခန်းထက် ပိုကျယ်တယ်။ အဲဒီအခန်းက စကြံ့လမ်းရဲ့ အဆုံးမှာ ရှိတဲ့ လမ်းဦးတိုက် ထိပ်ပိတ်အခန်းဆိုတော့ အခန်းရဲ့ အကျယ်အဝန်းက စကြံ့လမ်းကိုပါ ပေါင်းထည့်ထားသလို ဖြစ်နေတယ်။ အရင်တုန်းက ဆိုရင် ဗိုလ်မှူးစောလှက ဒီအိပ်ခန်းသုံးခန်းစလုံးကို လူနေအိပ်ခန်းတွေအဖြစ်နဲ့ အသုံးပြုခဲ့တာ ဆိုတော့ ထွေထွေထူးထူး ဘာမှ ပြုပြင်နေစရာ မလိုတော့ဘူး။ တစ်ခုပဲ ရှိတယ်။ ဟိဟာရဲ့ အခန်းကိုတော့ အလယ်ကောင်တည့်တည့်မှာ အပြောက်အမွှမ်းတွေနဲ့ စီခြယ်ထားတဲ့ နံရံရှင်တစ်ခု တပ်ဆင်ပေးထားလိုက်တယ်။ အခန်းကို နှစ်ကန့် ခွဲပေးလိုက်တဲ့ သဘောပေါ့။ အတွင်းပိုင်းက နားနေခန်း၊ အပြင်ပိုင်းက ဆက်တီတွေ ချထားတဲ့ ဧည့်တွေ့ခန်း။

ဟိဟာရက ညအချိန်တွေမှာ ခုတင်ပေါ် လှဲရင်း စာအုပ်ဖတ်တတ်တဲ့ အလေ့အကျင့် ရှိတာကို ဦးဟန်ထွန်းက သိထားသူမို့ သူ့အတွက် စာကြည့်မီးအိမ် တစ်လုံးကို တသီးတသန့် စီစဉ်ပေးထားတယ်။ အတော်လှတဲ့ မီးအိမ်လေးတစ်လုံးပါ။ ခြံအရှေ့ဘက် အရာရှိရိပ်သာမှာ ရှိတဲ့ ဗိုလ်ချုပ်နားနေခန်းထဲကနေ ခဏငှားထားတာ။ ပြီးတော့ကာ အခုချိန်က မိုးတွင်းဆိုတော့ မိုးမရွာရင် နေ့ခင်းဘက်တွေက အတန်အသင့် ပူနေတတ်တယ်။ ဒါကြောင့် ဟိဟာရဲ့ အခန်းထဲမှာ စားပွဲတင် ပန်ကာတစ်လုံး စီစဉ်ပေးထားသေးတယ်။ ပြီးတော့ အလှပန်းအိုးတို့၊ သစ်သီးပန်းကန်တို့ ဆိုတာတွေက အပြင်ဘက် ဧည့်ခန်းမှာ သူ့နေရာနဲ့သူ အစီအရီ ရှိနေကြတယ်။ အလှပန်းအိုးထဲမှာ ထိုးထားတဲ့ ခတ္တာပန်းတွေက ပြွတ်ခဲလို့။

ဟိဟာရ အခန်းထဲ ဝင်ရောက်သွားတော့ ခတ္တာပန်းနံ့တွေရဲ့ ညှို့ငင်ခြင်းကို အရင်ဆုံး ခံလိုက်ရတာပဲ။ ဒါနဲ့ ပန်းအိုးဆီ တိုးကပ်သွားပြီး တစိမ့်စိမ့် ရှုစားနေလေရဲ့။ သူက ပန်းပွင့်တွေရဲ့ ပွင့်ဖတ်လေးတွေကို လက်နဲ့ ပွတ်သပ်နေရင်း ကျန်နှစ်ယောက်ကို လှမ်းပြောလိုက်တယ်။

"ကြည့်စမ်းပါဦး၊ ဘယ်လောက်များ ကဗျာဆန်လိုက်သလဲလို့။ ကျုပ် ကဗျာတစ်ပုဒ်ကိုတောင် အမှတ်ရသွားတယ်။ ဘာတဲ့ ... လေညှင်းငယ်လာ သိဟ်ရာသီမို့၊ ရွှတိုင်းငယ် ဘယ်ညာက၊ ပန်းခတ္တာ ဝတ်မှုံကျင်းတယ်၊ သင်းပျံ့လိုင်လို့"

ဗိုလ်မှူးမောင်ကိုကလည်း စာသမားဟောင်းကြီး ဆိုတော့ သူ အလွတ်

mgyoe.com

mgyoe.com SAMPLE BOOK

ရထားတဲ့ ကဗျာတွေကလည်း နည်းတာမှ မဟုတ်တာ။ ဂျပန်ကြီး ကျောသွားတာကို သူလည်း ဘယ်ခံချင်ပါ့မလဲ။ ဒီတော့ အဲဒီကဗျာတွေက သူ့ဝမ်းခေါင်းထဲကနေ ရုန်းကန်ထွက်ဖို့ တာစူနေရင်း ပါးစပ်ကို ဟဖို့ ကြံကာ ရှိသေးတယ်။ လမ်းဦးတိုက် အခန်းကျယ်ကြီးထဲကနေ ဒေါသတကြီး အော်ဟစ်လိုက်တဲ့ မိန်းမတစ်ယောက်ရဲ့ အသံတစ်သံ ထွက်ပေါ်လာတယ်။

"ကျွန်မ ဗိုလ်မှူးမောင်ကိုနဲ့ တွေ့ချင်တယ်"

မြသန္တာရဲ့ အသံ။

ဓာတ်ကြိုးထဲကနေတစ်ဆင့် ဖြတ်ပြီး စပီကာမှာ လာမြည်နေတယ် ဆိုတာတောင်မှ အသံက သိသိသာသာကို စူးရှနေတယ်၊ တင်းမာနေတယ်၊ ပြတ်သားနေတယ်။ အဲဒီအရှိန်ကြောင့် အခန်းထဲက ပတ်ဝန်းကျင်လေထုတောင် တဆတ်ဆတ် တုန်ခါသွားသလားပဲ။ ဦးဟန်ထွန်း ပြောပြထားသလိုပါပဲ။ ဟိုတက် အခန်းတွေထဲမှာ ဆွဲအားကောင်းတဲ့ အသံဖမ်းစက်တွေ တပ်ထားတာ ဆိုတော့ ဟိုဘက်ကလူတွေရဲ့ စကားအခွန်းတိုင်းကို ဒီဘက်မှာ ရှင်းရှင်းပြတ်ပြတ် ကြားနေရတယ်။

ဟိဟာရက ပန်းကို ချထားလိုက်ပြီး အခန်းကျယ်ဆီကို လျှောက်သွားတယ်။ စပီကာထဲကနေ ထွက်လာနေတဲ့ အသံနှစ်သံကို နားထောင်ရင်းပေါ့။

ဗိုလ်လေး – ခင်ဗျားက ဗိုလ်မှူးနဲ့ တွေ့ပြီး ဘာလုပ်မလို့လဲ။

မြသန္တာ – ဘာလုပ်မလို့လဲ ဟုတ်လား။ အဲဒီမေးခွန်းကို ကျွန်မက မေးရမှာလေ။ ရှင်တို့က ဘာလုပ်ချင်နေကြတာလဲ။

ဗိုလ်လေး – ကျွန်တော် ပြောပြဖို့ လိုသေးလို့လား။ အသိသာကြီးပဲဥစ္စာ။

မြသန္တာ – ကျွန်မက သူပုန်မဟုတ်ဘူး။

ဗိုလ်လေး – အဲဒီလို ပြောလိုက်ရဲနဲ့ ပြီးသွားရောလား။ ဘယ်သူမဆို အဲဒီလို ပြောနိုင်တာပဲ။

မြသန္တာ – ရှင့်လို ရာထူးလောက်နဲ့ ရာရာစစ ကျွန်မကို ယိုးစွပ်ရဲတယ်ပေါ့၊ ဟုတ်လား။ တွေ့ကြသေးတာပေါ့။

အလော်သုံးဆယ် နင်းလျှောက်သွားတဲ့ မြသန္တာရဲ့ ခြေသံတွေကို ဟိဟာရက မြိန်ရေရှက်ရေနဲ့ နားထောင်နေတယ်။ ခြေသံတွေ လုံးဝ တိတ်သွားတော့ သူက ခေါင်းထောင်လာပြီး ဗိုလ်မှူးကို မေးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"သူက ဘယ်သူလဲ။ လေသံက တယ် မာလှချည်လား"

ဗိုလ်မှူးက ပြန်မေးတယ်။

"ဆာဘိုးလွန်း ဆိုတဲ့ နာမည်ကို မာစတာ ကြားဖူးလား။ အင်မတန်မှ ချမ်းသာတဲ့ သစ်ကုန်သည်ကြီး တစ်ယောက်ပဲ။ ဆန်စက်တွေ ဘာတွေလဲ ပိုင်တယ်"

ဟိဟာရက စဉ်းစားကြည့်တယ်။

"မော်လမြိုင်အဆက်တွေ ထင်တယ်။ လွန်ခဲ့တဲ့နှစ်နှစ်က ဗိုလ်ချုပ်ကြီး အိဒကို စစ်တပ်ရိက္ခာအတွက် ဆန်အိတ် တန် ၁၀၀ လှူသွားတဲ့ သူလား"

"ဟုတ်တယ်။ သူပဲ"

ဗိုလ်မှူးက ပြောတယ်။

"အဲဒါ သူ့ရဲ့ သမီးပဲဗျ။ သူ့ဘိုးတော်ရဲ့ အရှိန်အဝါကြောင့် နည်းနည်းမှ ကြောက်ရကောင်းမှန်း သိတာမဟုတ်ဘူး"

ဟိဟာရက သဘောပေါက်သွားသလိုနဲ့ ခေါင်းညိတ်ပြလိုက်တယ်။ စားပွဲနားကို လျှောက်သွားပြီး အသံဖမ်းတဲ့ စက်ကိရိယာတွေကို ကြည့်ရှုနေတယ်။ စက်ပစ္စည်းတွေကို လေးထောင့်သေတ္တာထဲမှာ တန်းစီပြီး ထည့်ထားတယ်။ အဓိက ကတော့ အသံခွဲစက် တစ်လုံးရယ်၊ စပီကာ တစ်လုံးရယ်၊ နားကြပ် နှစ်စုံရယ်၊ မိုက် တစ်လုံးရယ်၊ အသံကြားတာနဲ့ အလိုအလျောက် အသံသွင်းပေးနိုင်တဲ့ အသံဖမ်းစက် တစ်လုံးရယ် စသည်ဖြင့်ပေါ့။ နောက်ပြီး ဂျာမနီလုပ် နှစ်လုံးပြူးမှန်ပြောင်း နှစ်လက်လည်း ရှိသေးတယ်။ သူက မှန်ပြောင်းတစ်လက်ကို ကောက်ယူပြီး ပြတင်းပေါက်နား လျှောက်သွားတယ်။ ဟိုဘက်တိုက်ကို ချိန်ပြီး ပါးစပ်က ရေရွတ်နေတယ်။

"သူက အပေါ်ထပ် အလယ်ခန်းမှာ နေတာပဲ။ အိုး ... တော်တော်ငယ်၊ တော်တော်လှပါလား။ သူ့နာမည်က ဘာတဲ့။ မြသန္တာ ... မြသန္တာ။ အင်း ... သူက အခုထိ စိတ်ဆိုးနေတုန်းပါလား။ ဒေါသက မသေးဘူးပဲ"

ဗိုလ်မှူးက နောက်ထပ် မှန်ပြောင်းတစ်လက်ကို ကောက်ယူပြီး ဟိဟာရရဲ့ နံဘေးကနေ အဝေးကို လှမ်းကြည့်လိုက်တယ်။ မြသန္တာက ရှူးရှူးရှားရှားနဲ့ ခုတင်ပေါ်မှာ ထိုင်လို့၊ ချိုမာကတော့ ပျင်းရိပျင်းတွဲနဲ့ ခေါင်းဖြီးနေတယ်။ တပ်ကြပ်ကြီးမျိုးဇော်က သူ့အခန်းထဲမှာ လျှောက်ချည် ရပ်ချည်နဲ့ သူလည်း စိတ်ကသိကအောက်

mgyoe.com

mg.mgyoe.com SAMPLE BOOK

ဖြစ်နေတာ သေချာတယ်။ ဗိုလ်ကြီးအောင်သူက ဆိုဖာခုံပေါ်မှာ တစ်ယောက်တည်း ထိုင်ပြီး ရှမ်းဖက်ဆေးလိပ်ကြီး ခဲလို့။ အကုန်လုံးက မြင်ကွင်းထဲမှာ အထင်းသားပဲ။ မှန်ပြောင်းထဲမှာ ဘယ်လောက်တောင် ရှင်းရှင်းပြတ်ပြတ် မြင်နေရသလဲဆိုရင် တပ်ကြပ်ကြီးမျိုးဇော်ရဲ့ မျက်ခုံးစွန်းမှာရှိတဲ့ မဲ့နက်ကြီးနဲ့ ဗိုလ်ကြီးအောင်သူရဲ့ ဖက်ကြမ်းဆေးလိပ်ပေါ်က အကြောအမျှင်တွေရယ်၊ ဆေးလိပ်က ထွက်တဲ့ မီးခိုးငွေ့တွေကိုတောင် မြင်နေရတယ်။ အခုမှ ဗိုလ်မှူးမောင်ကိုက ရုတ်တရက် သဘောပေါက် နားလည်သွားတယ်။ ဦးဟန်ထွန်းက ဘာကြောင့် အခန်းတွေကို အဲဒီလို စီစဉ်ထားရသလဲ ဆိုတာကိုပေါ့။ ဆိုလိုတာက အခန်းတစ်ခန်းကို အသေပိတ်ထားပြီး ချိုမာနဲ့ မြသန္တာကို အခန်းတစ်ခန်းထဲမှာ အတူပေါင်းနေခိုင်းရတဲ့ အကြောင်းအရင်းကို ပြောတာ။ ဘာဖြစ်လို့လဲဆိုတော့ အခု လူနေနေတဲ့ အခန်း သုံးခန်းကိုပဲ ဒီဘက်ကနေ လှမ်းကြည့်လို့ ရနေလို့ပဲ။ တကယ်လို့သာ အဲဒီလို မစီစဉ်ဘဲ ချိုမာနဲ့ မြသန္တာကို တစ်ခန်းစီ ပေးနေလိုက်မယ်ဆိုရင် သူတို့ နှစ်ယောက်ထဲက တစ်ယောက်ကို လျှို့ဝှက်ထောက်လှမ်းဖို့ ဘယ်လိုမှ ဖြစ်နိုင်မှာ မဟုတ်တော့ဘူး။

နှစ်ယောက်သား ခဏလောက် ကြည့်နေပြီးတဲ့နောက်မှာ ဟိဟာရက မှန်ပြောင်းကို အရင် အောက်ချလိုက်တယ်။ ဗိုလ်မှူးရဲ့ ပခုံးကို ပုတ်လိုက်ပြီး –

"သွားစို့၊ ကျုပ်တို့ သွားကြည့်ရအောင်။ ဟိုက ခင်ဗျားကို အသည်းအသန် တွေ့ချင်နေတာ မဟုတ်လား"

ဒါနဲ့ ထွက်လာခဲ့ကြရော။

(ဃ)

တိုက်ထဲက လေထုထဲမှာ မရဏာရဲ့ ပုပ်အဲနံဟောင်ပြီး ကြောက်စရာကောင်းတဲ့ ချဉ်စူးစူး ညှီစိုစို့ အနံ့အသက်တစ်ခု ရနေတယ်။ လွန်ခဲ့တဲ့ တစ်နှစ်က ဖြစ်ပျက်ခဲ့တဲ့ သွေးမြေကျရတဲ့ အဖြစ်အပျက်တွေ တစ်ကျော့ပြန် ရောက်လာတော့မယ့် အတိုင်းပဲ။ ဦးဟန်ထွန်းက ဗိုလ်မှူးနဲ့ ဟိဟာရကို ဦးဆောင်ပြီး တိုက်ထဲကို ဝင်လာတယ်။ အဲပါးတော်မြေ ဗိုလ်လေးက အစည်းအဝေးခန်းမထဲကနေ ပြေးထွက်လာပြီး ကြိုဆိုနှုတ်ဆက်လိုက်တယ်။ စောစောကလေးတင်မှ မြသန္တာနဲ့ အချင်းများထားရလို့ ထင်ပါရဲ့။ စိတ်က ကယောက်ကယက်နဲ့ ညှဉ်းကြိုနေတာ ကိုးရိုးကားရားကို

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်လို့၊ ဟိုလူ့ကို နှုတ်ဆက်ရန်းနိုး၊ ဒီလူ့ကို နှုတ်ဆက်ရန်းနိုးနဲ့ ပျာယာခတ်နေတယ်။

ဗိုလ်မှူးက သူ့ကို မျက်လုံးပြူးနဲ့ စိုက်ကြည့်လိုက်တယ်။
"မင်း ဘယ်လို ဖြစ်နေတာလဲ၊ ဆပ်ပြာသည် လင်ပျောက်နေတဲ့အတိုင်းပဲ"
ဗိုလ်လေးက ဆန့်ထားတဲ့ လက်ကို ပိုက်လိုက်ပြီး သွားဖြဲပြတယ်။
"မဟုတ်ပါဘူး၊ ကျွန်တော် ... ကျွန်တော် ... ဟို ... ဟို..."
ဗိုလ်မှူးက သူ့စကားကို ဖြတ်ပြောလိုက်တယ်။
"လူတွေအကုန်လုံး ခေါ်လိုက်ကွာ၊ အစည်းအဝေး စရအောင်"

+++

အစည်းအဝေးက အသုဘအခမ်းအနားထက်တောင် ပိုဆိုးနေတယ်။ အားလုံးက မျက်လွှာချလို့၊ နှုတ်ခမ်းတွေ တင်းတင်းစေ့လို့၊ ကိုယ့်ရဲ့ လျှို့ဝှက်ချက်တွေ၊ ဒါမှမဟုတ် ရိုးသားဖြူစင်မှုတွေ အများသူငါဆီ ပေါက်ကြားသွားမှာကို စိုးရိမ်နေကြသလိုပဲ။ အောင်မျိုးမြချို ဒီလေးယောက်၊ ဘယ်သူ မြွေပွေးလဲ။ ရာထူးအမြင့်ဆုံး ဖြစ်တဲ့ ဗိုလ်ကြီးအောင်သူလား။ သို့တည်းမဟုတ် ဝါရင့်သမ္ဘာရင့်တဲ့ တပ်ကြပ်ကြီး မျိုးဇော်လား။ သို့တည်းမဟုတ် ငယ်ငယ်ချောချော သူဌေးသမီးလေး မြသန္တာလား။ သို့တည်းမဟုတ် ချိုမာလား။ တစ်ယောက်တည်းလား။ ဒါမှမဟုတ် နှစ်ယောက်တွဲလား။ ဒါမှမဟုတ် သုံးယောက်အဖွဲ့လား။ ကွန်မြူနစ်သူပုန်လား။ ဒါမှမဟုတ် အင်္ဂလိပ်သူလျှိုလား။ ဘာကြောင့် သူလျှိုလုပ်နေတာလဲ။ စစ်ရေးသတင်း လိုချင်လို့လား။ ဒါမှမဟုတ် အလုပ်မရှိလို့ ပိုက်ဆံရလိုရငြား ရောင်းစားရအောင် သတင်းဝင်နှိုက်နေတာလား။ လက်စားချေချင်လို့ ဝင်လုပ်တာလား။ ဒါမှမဟုတ် မျိုးချစ်စိတ် ဆိုတဲ့ ခေါင်းစဉ်နဲ့ ဝင်လုပ်နေတာလား။ ဒီတပ်ထဲကို ဝင်တာ မနေ့တစ်နေ့ကလား။ ဒါမှမဟုတ် ဟိုးအရင်ကတည်းက တိတ်တဆိတ် ဝင်ရောက်နေခဲ့တာလား။ ပြစ်မှုက သက်သေအခိုင်အလုံ ရထားပြီလား။ ဒါမှမဟုတ် သံသယဖြစ်နေကြရုံ သက်သက်ပဲလား။ အသတ်ခံရလောက်တဲ့ ပြစ်မှုကြီးမျိုးလား။ ဒါမှမဟုတ် ရာထူးဖြုတ်ခံရရုံ ရိုးရိုးပြစ်မှုလေး တစ်ခုလား။ ပြစ်မှုတရားခံက အလိုလို ဝန်ခံပါ့မလား။ တခြားလူတွေကပဲ ပိုင်းဝန်း ဖော်ထုတ်ရမှာလား။

mgyoe.com

mgyee.com SAMPLE BOOK

အောင်မျိုးမြချို ဒီလေးယောက်၊ ဘယ်သူ မြွေပွေးလဲ။

မင်းမေကလွား။ အဲဒါ ဘယ်ကလာ မေးခွန်းတစ်ခု ဟုတ်ရမှာလဲ။ အဲဒါက မိုင်းဗုံးတစ်လုံးပဲ။ ချေးပုံတစ်ပုံပဲ။ နတ်ဆိုးတစ်ကောင်ပဲ။ ထောင်ချောက် တစ်ခုပဲ။ လုပ်ကြံမှုတစ်ခုပဲ။ အိပ်မက်ဆိုးကြီးတစ်ခုပဲ။ ... အဝတ်အစားတွေ အကုန်လုံး ချွတ်ခံလိုက်ရသလိုမျိုး ... ဓားပြသတ်ပေါ် တက်လိုက်မိသလိုမျိုး ... တစ္ဆေ တစ်ကောင်နဲ့ ပက်ပင်းတိုးမိသလိုမျိုး ... ဆေးမှားသောက်မိသလိုမျိုး ... လိပ်ပြာ လွင့်သွားသလိုမျိုး ... ကားစင်ပေါ် တက်လိုက်ရသလိုမျိုး ...

မင်းမေကလွား။ အားလုံးကို ရှုပ်ယှက်ခတ်နေတာပဲ။ အားလုံးက ဘာ လုပ်လို့ ဘာကိုင်ရမှန်းတောင် မသိကြတော့ဘူး။ ဘာပြောရမှာလဲ ... ဘာပြော ပြော အကြောင်းထူးလာမှာတဲ့လား။ ဘာလုပ်လုပ် အကြောင်းထူးမှာတဲ့လား။ ဖအေ၊ မအေ ကိုင်တုတ်နေတော့ကော ဘာထူးဦးမလဲ ... ဆဲလည်း မဟုတ် ... ငို လည်း မဟုတ် ... ရယ်လည်း မဟုတ် ... ရပ်လည်း မဟုတ် ... ထိုင်လည်း မဟုတ် ... သွားလည်း မဟုတ် ... နေလည်း မဟုတ် ... မျက်လုံးဖွင့်ထားလည်း မဟုတ် ... ဝိတ်ထားလည်း မဟုတ် ... မဟုတ် ... မဟုတ် ... ဘာလုပ်လည်း မဟုတ် ... ဘာမလုပ်လည်း မဟုတ် ... ခြေမကိုင်မိ ... လက်မကိုင်မိ ...

ဗိုလ်မှူးက ဟိဟာရကို ထိပ်ဆုံးထိုင်ခုံမှာ ထိုင်ခိုင်းတော့ သူက ငြင်း ပယ်ပြီး သဘာပတိရဲ့ ထိုင်ခုံနံဘေးက ဘယ်ဘက်ထိုင်ခုံမှာ ဝင်ထိုင်လိုက်တယ်။ သူက ထိုင်ရင်း တခြားလူတွေကိုလည်း နေရာယူကြဖို့ ယဉ်ယဉ်ကျေးကျေးနဲ့ ပြောတယ်။ အားလုံးက နေရာယူပြီးခါစ ရှိသေးတယ်။ ဗိုလ်လေးက သုတ်သီး သုတ်ပျာနဲ့ ဗိုလ်မှူးရဲ့ အနောက်ကို လျှောက်သွားပြီး စကားတိုးတိုး တစ်ခွန်း ပြောပြီး စာရွက်တစ်ရွက် ထိုးပေးလိုက်တယ်။ ဗိုလ်မှူးက စာရွက်ကို တစ်ချက် ကြည့်ပြီး ပြုံးလိုက်တယ်။ ပြီးတော့ ဟိဟာရကို လှမ်းပေးလိုက်တယ်။

"မာစတာ၊ ကြည့်ကြည့်ပါဦး။ ဒါ သူတို့အတွက် ကျွန်တော့် လုပ်ပေးထား တဲ့ ဝှက်စာပါ"

ဟိဟာရက ကြည့်ပြီး စာလုံး တစ်လုံးချင်းစီကို ဖြည်းဖြည်းနဲ့မှန်မှန် အသံထွက် ရွတ်ဖတ်နေတယ်။ ရွတ်နေတာလည်း ပြီးရော ဗိုလ်မှူးက လက်ခုပ် လက်ဝါးတီးပြီး အောင်မျိုးမြချို လေးယောက်ကို ပြောလိုက်တယ်။

"ဝှက်စာဖော်တဲ့ တကယ့် ဆရာကြီးတွေပါလားဗျ။ ကျုပ်ရဲ့ မူရင်း

mgyee.com

mgyoe.com SAMPLE BOOK

စာသားတွေနဲ့ တစ်ထေရာတည်းပဲ။ ဇာ်သည် မယွင်းဘူးဗျို့။ ဒါပေမဲ့ ဒီဟာကို ဖော်ပြီးရုံနဲ့တော့ မလုံလောက်သေးဘူး။ ဒါက ကျုပ် တကယ် ဖော်ချင်နေတဲ့ လျှို့ဝှက်ချက်အစစ် မဟုတ်သေးဘူး။ မာစတာ ကြွရောက်လာတာကို ကြိုဆိုတဲ့ အနေနဲ့ မာစတာအတွက် ကဗျာတစ်ပုဒ် စပ်ပေးလိုက်တဲ့ သဘောပါပဲ။ တကယ့် လျှို့ဝှက်ချက် အစစ်က ...”

ဟိဟာရက စကားကို ဝင်ဆက်လိုက်တယ်။ စာရွက်ပေါ် လက်ညှိုးထောက်လိုက်ပြီး-

“ဒီမှာ ... အောင်မျိုးမြချို ဒီလေးယောက်၊ ဘယ်သူ မြွေပွေးလဲတဲ့။ ဟုတ်တယ်မလား ဗိုလ်မှူး”

ဗိုလ်မှူးက ရယ်ပြီး ပြောတယ်။

“ဟုတ်တယ်။ အဲဒါကမှ ခင်ဗျားတို့ကို ကျုပ် ဖော်စေချင်တဲ့ လျှို့ဝှက်ချက်ပဲ။ တကယ်လို့ ခင်ဗျားတို့ကိုယ်တိုင် ကိုယ့်ဆန္ဒနဲ့ကိုယ် ဖော်မယ်ဆိုရင် အကောင်းဆုံးပေါ့လေ။ ဆန္ဒမရှိဘူး ဆိုရင်လဲ ကိစ္စ မရှိပါဘူး။! ကျုပ်တို့ရဲ့ မာစတာက အဲဒီအပိုင်းမှာ ကျွမ်းကျင်ပညာရှင် တစ်ယောက်ပဲ။ ကျုပ် မနက်တုန်းကလဲ ပြောခဲ့ပြီးပါပြီ။ ဗိုလ်ချုပ်မတ်စုအိုက် ခင်ဗျားတို့ ဖော်ထုတ်ပေးမယ့် အဲဒီ လျှို့ဝှက်ချက်ကို အင်မတန်မှ သိချင်နေတယ်။ မာစတာကို တကူးတက စေလွှတ်လိုက်ရတဲ့ အကြောင်းက အဲဒီလျှို့ဝှက်ချက်ကို ဖော်ထုတ်ဖို့ပဲ”

“ကျွမ်းကျင်ပညာရှင်လို့တော့ မခေါ်ပါနဲ့ဗျာ။ ဒါပေမဲ့ ပဟေဠိ ဖော်ထုတ်ရတာကိုတော့ အင်မတန်မှ ဝါသနာပါတယ်”

ဟိဟာရက ဗိုလ်မှူးရဲ့ စကားကို အလိုက်သင့် ဝင်ပြောတယ်။

“ဝါသနာပါလို့လဲပဲ ဗိုလ်ချုပ်မတ်စုအိုက မနက်ပိုင်း လှမ်းအကြောင်းကြားတာနဲ့ ညနေ တန်းထွက်လာခဲ့တာပဲ”

ဗိုလ်မှူးက သူ့ရဲ့ လက်ဆွဲသားရေအိတ်ကို ဖွင့်ပြီး အထဲကနေ စက္ကူတစ်ထပ်ကို ဆွဲထုတ်တယ်။ ပြီးတော့ ဆက်ပြောတယ်။

“အဲဒီလျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်ဖို့ ဆိုရင် ကျုပ်တို့ဆီမှာ ကုန်ကြမ်းတချို့ ရှိဖို့လိုမယ် မဟုတ်လား။ ကျုပ် ခင်ဗျားတို့ကို တစ်ခုချင်း မိတ်ဆက်ပေးပါ့မယ်။ ဒီမှာ ကြေးနန်းတစ်စောင် ရှိတယ်။ ရော့ ... တပ်ကြပ်ကြီး၊ ရွတ်ပြလိုက်ပါဦး”

mgyoe.com

mgyoe.com SAMPLE BOOK

တပ်ကြပ်ကြီးမျိုးဇော်က ကြေးနန်းစာရွက်ကို လှမ်းယူပြီး ခုနစ်ရက် ထမင်းမစားရတဲ့ အသံနဲ့ ရွတ်ဆိုလိုက်တယ်။

"ရန်ကုန်မှ ကြေးနန်းဝင်သည်။ ယုံကြည်စိတ်ချရသော သတင်းအရင်း အမြစ်မှ လာသည့် သတင်းအရ သခင်ဗိုးသည် အမည်တုက် ဖိုးစီ ဟူသော ကိုယ်စား လှယ်တစ်ဦးအား ပဲခူးသို့ စေလွှတ်ခဲ့သည်။ ယခုလ ၉ ရက်နေ့ည ၁၁ နာရီ အချိန်တွင် ဘုရားကုန်းရပ်ကွက်ထဲမှ xxx စားသောက်ဆိုင်ထဲ၌ တွေ့ဆုံရန် စီစဉ်ထား သည်။ ထို့နေ့တွင် ဂျပန်ကို တော်လှန်ပုန်ကန်ရန် မြေပေါ် မြေအောက်မှ လူပ်ရှား နေကြသူများ စုစည်း၍ တော်လှန်ရေးလုပ်မည့် အစီအစဉ်ကို တိုင်ပင်ကြလိမ့် မည်။ ထို့ကြောင့် ..."

ဗိုလ်မှူးက စကားဖြတ်လိုက်တယ်။

"ရပါပြီ၊ တပ်ကြပ်ကြီး။ ခင်ဗျား ဒီစာကို ဖတ်ရတာ ပထမဆုံးအကြိမ် မဟုတ်ဘူး ထင်တယ်"

တပ်ကြပ်ကြီးမျိုးဇော်က ခေါင်းညိတ်ဝန်ခံလိုက်တယ်။

(c)

ဒီသံကြိုးစာကို တပ်ကြပ်ကြီး ပထမဆုံးအကြိမ် ဖတ်ခဲ့ရတာက မနေ့မွန်းလွဲ သုံးနာရီ ကျော်ကျော်လောက်က။ သံကြိုးကို နှစ်နာရီခွဲလောက်က လက်ခံရခဲ့တယ်။ အဲဒီ တုန်းက ဝှက်စာဖော်တဲ့ အခန်းထဲမှာ တာဝန်ကျနေတဲ့သူက မြသန္တာပါ။ သံကြိုးက အရေးပေါ်အဆင့် ဖြစ်နေတာကြောင့် သူက အချိန်ဆိုင်းမနေတော့ဘဲ ချက်ချင်း စာဖော်ဖို့ လုပ်ဆောင်လိုက်တယ်။ ဒါပေမဲ့ စာတွေက, ဘယ်လိုမှ ဖော်လို့ မရဘူး။ ဖော်လိုက်တဲ့ စကားလုံးတွေကလည်း အဓိပ္ပာယ်မရှိတဲ့ ဖရိုဖရဲ စကားစုတွေ ဖြစ် နေတယ်။ သူ အတော်လေး အံ့သြသွားတယ်။ တော်တော်လည်း စိတ်လောနေပြီ။ ဒါနဲ့ ချိုမာကို သွားရှာပြီး အကူအညီ တောင်းရတော့တယ်။ ချိုမာက ဒီကြေးနန်းရုံး မှာ လုပ်သက်ရင့်နေပြီ ဆိုတော့ အတွေ့အကြုံကလည်း မသေးတော့ဘူးလေ။ အောက်လက်က ဝန်ထမ်းငယ်လေးတွေ ကြေးနန်းဝှက်စာ ဖော်လို့ မရဘူးဆိုရင် သူ့ဆီ ရောက်လာကြတာချည်းပဲ။ သူက မူရင်းသံကြိုးကို ကြည့်ပြီးနောက် မြသန္တာ ဖော်ထားတဲ့ ဖရိုဖရဲ စကားစုတွေကို ကြည့်လိုက်ပြန်တယ်။ ဒါက ဝှက်စာကို ထပ်ဆင့် ဝှက်စာခံထားတဲ့ သံကြိုးပဲ ဖြစ်ရမယ်လို့ ဆုံးဖြတ်လိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကြေးနန်းဝှက်စာကို ဖော်ပြီးတဲ့နောက်မှာ မြသန္တာက လုပ်ရိုးလုပ်စဉ် အတိုင်း တပ်ကြပ်ကြီးဆီ အစီရင်ခံလိုက်တယ်။ သူကမှတစ်ဆင့် ဗိုလ်မှူးမောင်ကို ဆီ ရောက်သွားတယ်။ ဆိုတော့ ... အဲဒီသံကြိုးက ဗိုလ်မှူးဆီ မရောက်ခင်မှာ လူသုံးယောက်ရဲ့ လက်ထဲကို ရောက်သွားခဲ့တယ်။ တပ်ကြပ်ကြီးရယ်၊ ချိုမာရယ်၊ မြသန္တာရယ်။ အဲဒီအချက်ကို သူတို့သုံးယောက်စလုံးက အစည်းအဝေးမှာ မငြင်းမဆိုဘဲ ဝန်ခံခဲ့ကြတယ်။

ဒီမှာ မေးစရာ မေးခွန်းတစ်ခု ရှိလာတယ်။ ဗိုလ်မှူးက မျိုးမြချို သုံးယောက်ကို မေးတယ်။ အဲဒီသံကြိုးကို ဝှက်စာဖော်ပြီးတဲ့ အချိန်ကစပြီး မနေ့ညက အချိန်ထိ သံကြိုးထဲက အကြောင်းအရာတွေကို တခြား စတုတ္ထမြောက်လူ တစ်ယောက်ယောက်ကို ပြောဖြစ်ခဲ့သေးသလား။ တကယ်တော့ အဲဒီမေးခွန်းကို ဗိုလ်မှူးက မနေ့ ညကြီးသန်းခေါင် ဖုန်းဆက်တုန်းကလည်း သူတို့ကို သွယ်ဝိုက်ပြီး မေးခဲ့ပြီးသားပါ။ အခုတစ်ကြိမ် ထပ်မေးတဲ့အခါမှာတော့ ဝေလည်ကြောင်ပတ်လုပ်မနေတော့ဘဲ လေသံပြတ်ပြတ်နဲ့ တဲ့တိုးပဲ မေးလိုက်တော့တယ်။ ဒီတစ်ခါမှာတော့ သူတို့ဆီကနေ စစ်ချက် ယူနေတဲ့သဘော သက်ရောက်သွားတယ်။ မကွယ်မဝှက်ဘဲ ပွင့်ပွင့်လင်းလင်း ဖြေဆိုစေချင်တဲ့ သဘောပဲ။

တပ်ကြပ်ကြီးက ကျိန်ပြီးတော်ဝင် ပြောရဲပါသတဲ့။

မြသန္တာကလည်း ခပ်ပြတ်ပြတ်ပဲ ဟင့်အင်းလို့ ငြင်းလိုက်တယ်။

အဲ ... ချိုမာကတော့ ဗိုလ်ကြီးအောင်သူကို ကြည့်ပြီး တွန့်ဆုတ်တဲ့ လေသံနဲ့ ပြောလာတယ်။

"စိတ်တော့ မရှိပါနဲ့၊ ဗိုလ်ကြီး။ ကျွန်မ အမှန်အတိုင်း ပြောမှပဲ ဖြစ်တော့မှာ မို့လို့ပါ"

ဘာအဓိပ္ပာယ်ပါလိမ့်။

ချိုမာက ပြောတယ်။ အဲဒီကိစ္စကို ဗိုလ်ကြီးအောင်သူကို ပြောပြခဲ့ဖူးတယ်တဲ့။

ဗိုလ်မှူးက သတိထားမိတယ်။ သူတို့ သုံးယောက်ရဲ့ ပြောစကားတွေက မနေ့ညက ပြောခဲ့တာတွေနဲ့ ဆိုလိုရင်း အဓိပ္ပာယ်အရ ဘာမှ ကွဲလွဲတာ မရှိဘူး။ သူတို့ရဲ့ လေသံတွေက ပိုပြီး ပြတ်သားလာတာပဲ ရှိတယ်။

ထင်မထားတဲ့ အချက်က ချိုမာရဲ့စကား ဆုံးသွားပြီ ဆိုတာနဲ့ ဗိုလ်ကြီးအောင်သူက စပရိန်နဲ့ ကန်ထုတ်ခံလိုက်ရသလို ဆတ်ခနဲ မတ်တတ်ထရပ်

mgyoe.com

mgyoe.com SAMPLE BOOK

လိုက်တယ်။ ပြီးတော့ ချိုမာ့ကို ငါနဲ့ကိုင်တုတ်ပြီး ဆဲတော့တာပဲ။ "ငါ့ိုးပဲ၊ နင် ဘယ်တုန်းက ငါ့ကို အဲဒီအကြောင်း ပြောခဲ့ဖူးလို့လဲ"

ဒါနဲ့ ဗိုလ်မှူးက ချိုမာ့ကို မျက်နှာချင်းဆိုင် တဲ့ရှင်းဖို့ တောင်းဆိုလိုက်တယ်။ သူက ဗိုလ်ကြီးကို ဘယ်အချိန်မှာ၊ ဘယ်နေရာမှာ၊ ဘယ်လို အကြောင်းအရင်းကြောင့် ပြောပြရတယ် ဆိုတာကို ရှင်းပြတယ်။ ပြီးတော့ တခြား မျက်မြင်သက်သေ ရှိ၊ မရှိ ဆိုတာကိုရောပေါ့။

ချိုမာရဲ့ အပြောက ဒီလိုပါ။ မနေ့ညနေ သူတို့ ကြေးနန်းဝက်စာကို ဖော်ပြီးသွားတော့ မြသန္တာက ရုံးခန်းထဲမှာ အထက်လူကြီးဆီကို အစီရင်ခံဖို့ သံကြိုးကို အချောပြန်ကူးနေတယ်။ အဲဒီအချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် ဗိုလ်ကြီးအောင်သူက ရုံးခန်းထဲ ဝင်လာပြီး စာရွက်စာတမ်း တစ်စောင်ကို လာရှာတယ်။ အခုဟာက အရေးပေါ်ကြေးနန်း ဖြစ်တာကြောင့် စည်းကမ်းအရဆိုရင် အပြင်လူကို ပေးသိပိုင်ခွင့် မရှိဘူးလေ။ ဒါကြောင့် ချိုမာက ဗိုလ်ကြီး ဝင်လာတာကို မြင်လိုက်တဲ့အခါမှာ သူ မြင်သွားမှာ စိုးလို့ ကြေးနန်းစာရွက်ကို သတင်းစာနဲ့ အုပ်ထားလိုက်တယ်။

ချိုမာက ပြောတယ်။

"အဲဒါကြောင့် ဗိုလ်ကြီးအောင်သူက အတော် စိတ်ဝင်စားသွားတာ ဖြစ်မယ် ထင့်တယ်။ သူက မြသန္တာကို မေးတယ်။ ဘာစာ ရေးနေတာမို့ ဒီလောက်တောင် လျှို့ဝှက်လွန်းနေရတာလဲပေါ့။ မြသန္တာက နောက်သလို ပြောင်သလိုနဲ့ ပြန်ဖြေလိုက်တယ်။ ဗိုလ်ကြီးရယ် သွားပါတော့။ ကျွန်မ ဒီမှာ အရေးကြီးတဲ့ ကြေးနန်းတစ်စောင် ကူးရေးနေတာပါတဲ့။ ဗိုလ်ကြီးကလဲ ရယ်ရယ်မောမောနဲ့ ပြန်ပြောတယ်။ မသွားဘူးဗျာ။ ကြည့်တော့ ဘာဖြစ်သေးလဲ တဲ့။ မြသန္တာက ပြောတယ်။ ဗိုလ်မှူးမှ ကြည့်ဖို့ အခွင့်အာဏာ ရှိတာလေ။ ရှင်ကြည့်ချင်သပ ဆိုရင် ဗိုလ်မှူးဖြစ်အောင် အရင် ကြိုးစားပေါ့ တဲ့။ ဗိုလ်ကြီးက ပြောတယ်။ ဗိုလ်မှူးဖြစ်မှ ဆိုရင် အဲဒီစာရွက်လဲ ဆွေးနေရောပေါ့ တဲ့... သူတို့နှစ်ယောက်က အဲဒီလို တစ်ယောက်တစ်ခွန်း ပြောနေကြတာ တော်တော်ကြာတယ်။ ဘာရယ် မဟုတ်ပါဘူး။ နောက်ပြောင်နေကြတာပေါ့။ နောက်တော့ ဗိုလ်ကြီးက သူ့ကိစ္စ သူ လုပ်ပြီး ပြန်ထွက်သွားခါနီးမှာ ကျွန်မကို ကိစ္စတစ်ခု ပြောစရာ ရှိတယ် ဆိုတာနဲ့ သူ့ကို ကျွန်မ ရုံးခန်းထဲ ခေါ်သွားလိုက်တယ်"

mgyoe.com

mgyoe.com SAMPLE BOOK

ဗိုလ်ကြီးအောင်သူက ဆတ်ခနဲ ကုန်းထပြီး နောက်တစ်ကြိမ် ထပ်ဆဲပြန်ပါရော။

"စောက်ရေးမပါတာ၊ ငါ နင့်ရုံးခန်းထဲကို ဘယ်တုန်းက ဝင်ခဲ့ဖူးလို့လဲ"

ဗိုလ်မှူးက သူ့ကို ပြန်ထိုင်ခိုင်းလိုက်တယ်။

"သူ့ကို အရင် ပြောပါစေဦး၊ မင်းအလှည့် ရောက်မှ မင်း ပြောပေါ့"

ချိုမာက ဆက်ပြောတယ်။ လေသံက ဖြည်းဖြည်းမှန်မှန်ပဲ။ အသံက ကြည်လင် ပြတ်သားနေတယ်။

"ရုံးခန်းထဲ ရောက်တော့ သူက ကျွန်မကို အရေးကြီးတဲ့ ကြေးနန်း တစ်စောင် ရထားတာ တကယ်ပဲ ဟုတ်၊ မဟုတ် မေးတယ်။ ကျွန်မက ဟုတ်ပါတယ်လို့ ပြန်ဖြေလိုက်တယ်။ သူက ကျွန်မကို ဘာအကြောင်းအရာလဲလို့ မေးလာတယ်။ ပြောလို့ မဖြစ်ဘူးလို့ ကျွန်မ သူ့ကို ပြန်ပြောလိုက်တယ်။ ရာထူးခန့်ထားရေးကိစ္စနဲ့ ပတ်သက်တဲ့ စာလားလို့ ကျွန်မကို ထပ်မေးတယ်။ မဟုတ်ဘူးလို့ ဖြေလိုက်တယ်။ သူက ဟိုဟာလား၊ ဒီဟာလား ဆိုပြီး မေးခွန်းတွေ ထပ်မေးနေသေးတယ်။ စည်းကမ်းအရ မပြောသင့်ဘူး ဆိုတာကို ကျွန်မ သိပါတယ်။ ဒါပေမဲ့ ဗိုလ်ကြီးအောင်သူရဲ့ ပင်မတာဝန်က သူပုန်တွေကို ဖမ်းတဲ့အလုပ် ဆိုတော့ ကြေးနန်းထဲ ပါတဲ့ အကြောင်းအရာကို သူ အနှေးနဲ့အမြန် ဆိုသလို တစ်ချိန်ချိန် သိသွားနိုင်တာပဲ ဆိုပြီး ကျွန်မ သူ့ကို ပြောပြလိုက်တယ်"

ဗိုလ်ကြီးအောင်သူက နောက်တစ်ကြိမ် လှုပ်လှုပ်ရွရွ ဖြစ်လာပြန်လို့ ဗိုလ်မှူးက မျက်နှာထားနဲ့ သူ့ကို ပြန်ဖိထားရတယ်။

ဗိုလ်မှူးက မြသန္တာကို မေးတယ်။ ချိုမာ ပြောခဲ့တာတွေက အမှန်တွေလားပေါ့။ မြသန္တာက ပြောတယ်။ ချိုမာရဲ့ အရှေ့ပိုင်းစကားတွေက အမှန်တွေချည်းပဲ။ ဗိုလ်ကြီးက အဲဒီအချိန်တုန်းက သူ့ရုံးခန်းထဲကို တကယ်ပဲ ရောက်လာခဲ့တယ်။ သူ့ဆီကနေ သံကြိုးစာအကြောင်း အစ်အောက်နေတာလည်း အမှန်ပဲ။ သူကလည်း ချိုမာ ပြောတဲ့အတိုင်း ငြင်းဆန်ခဲ့တယ်။ နောက်တော့ ချိုမာက တကယ်ပဲ ဗိုလ်ကြီးအောင်သူနဲ့ သူ့ရုံးခန်းထဲကနေ အတူတကွ ထွက်သွားခဲ့တယ်။

"သူတို့ အခန်းထဲက ထွက်သွားပြီးတဲ့နောက်ပိုင်း ဗိုလ်ကြီးက ဌာနမှူးရုံးခန်းထဲကို လိုက်သွား၊ မသွား ဆိုတာကတော့ ..."

မြသန္တာက ခေါင်းခါရင်း ပြောတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ကျွန်မလဲ မပြောတတ်ဘူး။ ကျွန်မရဲ့ မျက်စိက နတ်မျက်စိမှ မဟုတ်ဘဲ။ အခန်းပြင်က အဖြစ်အပျက်တွေကို ဘယ်လိုလုပ်ပြီး မြင်နိုင်ပါ့မလဲ။ နောက်ပြီး အဲဒီအချိန်တုန်းက ကျွန်မမှာ အဲဒီလို စပ်စုချင်တဲ့ စိတ်လဲ ဘယ်လိုလုပ်ပြီး ရှိနေနိုင်ပါ့မလဲ။ စာတွေကို အချိန်မီအောင် ကူးရေးနေရတာနဲ့တင် ပျာတောက်နေပြီ။ အဲ ... ဒီနေ့လို အခြေအနေမျိုး ဖြစ်လာမယ်မှန်း ကြိုသိထားရင်တော့ ခဏလောက် ထကြည့်လို့လဲ ဖြစ်တာပေါ့လေ ..."

မြသန္တာရဲ့ ပါးစပ်က ဆီသုတ်ထားတဲ့အတိုင်း လွယ်လွယ်နဲ့ ရပ်လို့ ရမယ့်ပုံ မပေါ်တော့ဘူး။ ဒါနဲ့ ဗိုလ်မှူးက သူ့ကို တစ်ချက်ဟန့်လိုက်ရတယ်။

"ကဲ ကဲ၊ တော်ပြီ။ ကျုပ် သဘောပေါက်ပြီ"

ချက်ချင်းပဲ ချိုမာ့ဘက် လှည့်ပြီး မေးခွန်းထုတ်လိုက်တယ်။

"သူက နင့်ရဲ့ ရုံးခန်းထဲကို လိုက်ဝင်ခဲ့တယ်လို့ နင် ပြောတယ်နော်။ အဲဒါကို ဘယ်သူတွေ့လိုက်သေးလဲ"

"ဒါတော့ ကျွန်မလဲ မသိဘူး"

ချိုမာက ပြောတယ်။

"အဲဒီတုန်းက ကျွန်မရဲ့ ရုံးခန်းထဲမှာ ဘုယ်သူမှ မရှိဘူး။ အပြင်ဘက် လျှောက်လမ်းပေါ်မှာ တစ်ယောက်ယောက် ရှိနေတယ်လို့လဲ သတိမထားမိဘူး"

"ကဲ ... မင်း ပြောလို့ရပြီ"

ဗိုလ်မှူးက ဗိုလ်ကြီးအောင်သူဘက် လှည့်လိုက်တယ်။

"မင်းက သူ့ရုံးခန်းထဲကို မဝင်ခဲ့ပါဘူးလို့ ငြင်းနေတယ်။ ဒီတော့ ဘယ်သူက မင်းအတွက် သက်သေခံပေးနိုင်မလဲ"

"အဲ ..."

ဗိုလ်ကြီးအောင်သူ ဘာဖြေရမှန်း မသိတော့ဘူး။ သူ့မှာ သက်သေအထောက်အထားမှ မရှိဘဲ။ ဘုရားစူးရပါစေရဲ့၊ မိုးကြိုးပစ်ခံရပါစေရဲ့ ဆိုတဲ့ ကျိန်စာတွေပဲ သူ့မှာ ရှိနေတယ်။

ဗိုလ်မှူးက သူ့ကျိန်စာတွေ နားငြီးလာတာနဲ့ စားပွဲကို တဒုန်းဒုန်းထုပြီး သူ့ကို ရပ်ခိုင်းလိုက်တယ်။

"သူက မင်းကို လိုက်ဝင်ခဲ့တယ်လို့ ပြောတယ်။ မင်းက မဝင်ပါဘူးလို့ ငြင်းတယ်။ ကျုပ်က ဘယ်သူ့ကို ယုံရမှာလဲ။ သက်သေအထောက်အထား မရှိဘဲ ပြောစကားကို ဘယ်လိုလုပ်ပြီး အတည်ယူရမလဲ"

mgyoe.com

mgyoe.com SAMPLE BOOK

ခဏလောက် ရပ်တန့်သွားပြီးတော့ ဗိုလ်မှူးက ထပ်ဖြည့်လိုက်ပြန်တယ်။

"အတည်ယူလဲ ကိစ္စတော့ မရှိပါဘူး။ တကယ်တမ်းကျတော့ ရုံးခန်းထဲဝင်တော့ကော ဘာအရေးလဲ။ သံကြိုးရဲ့ အတွင်းစာသားကို သိသွားတော့လဲ ဘာမှ မဖြစ်ပါဘူး။ ပြဿနာက အဲဒါ မဟုတ်ဘူး။ ဟုတ်တယ်မလား၊ မာစတာ။ အခြေအနေကို အကြမ်းသဘောလောက်တော့ နားလည်သွားပြီ ထင်တယ်"

ဟိဟာရက ပြုံးပြီး ခေါင်းညိတ်ပြတယ်။

"အဓိကပြဿနာက ဘာလဲဆိုတော့ ..."

ဗိုလ်မှူးက သူသားရေအိတ်ထဲကနေ စီးကရက်ဘူးတစ်ဘူး ဆွဲထုတ်ပြီး ဟိဟာရကို လှမ်းပေးလိုက်တယ်။

"မာစတာ ကြည့်ကြည့်ပါ။ အဲဒါ သူပုန်တစ်ယောက်ရဲ့ လက်ထဲကနေ ဦးဟန်ထွန်း ရထားခဲ့တာပါ။ အထဲမှာ လျှို့ဝှက်ချက်ကြီးတစ်ခု ရှိနေတယ်"

စီးကရက်ဘူးထဲမှာ ဆေးလိပ် ၁၀ လိပ်ကျော်ကျော်လောက် ရှိတယ်။ ဟိဟာရက ဆေးလိပ်တွေ အကုန်လုံးကို သွန်ချပစ်လိုက်တယ်။ နောက်ဆုံးမှာ ခပ်တုတ်တုတ် ဆေးလိပ်တစ်လိပ် ခုန်ထွက်လာတယ်။ ဟိဟာရက အဲဒီ ခပ်တုတ်တုတ်ဆေးလိပ်ကို ကောက်ယူပြီး စူးစိုက်ကြည့်နေတယ်။ ပြီးတော့ စာခွေထဲက စာရွက်လွှာကို ဆွဲထုတ်နေတဲ့အလား လက်ချောင်းလေးတွေနဲ့ ဆေးလိပ်ကို ညှစ်လိုက်၊ ဆွဲလိုက်၊ လိမ်လိုက်၊ လှည့်လိုက် လုပ်နေလိုက်တာ နောက်ဆုံးတော့ စာလိပ်လေး တစ်လိပ်က ဆေးလိပ်ထဲကနေ ဖြည်းဖြည်းချင်း ပြူထွက်လာတယ်။

လက်စသတ်တော့ ဒီဆေးလိပ်ထဲက ဆေးသားတွေကို ဖယ်ထုတ်ပြီး အထဲမှာ စက္ကူလိပ်လေးတစ်လိပ် ထိုးထည့်ထားတာကိုး။

ဟိဟာရက တအံ့တသြ ဖြစ်သွားသလို ဟန်မျိုးနဲ့ အားခနဲ အာမေဋိတ် ပြုပြီး စကားဆိုတယ်။

"တကယ့်ကို လျှို့ဝှက်ချက်ကြီးပါလား"

သူက စက္ကူလိပ်ကို ဖြန့်ပြီး အားလုံးကြားအောင် အသံစာစာနဲ့ ရွတ်ဆိုလိုက်တယ်။

"ကျားကြီးကို ပြော။ ၂၀၁ ရဲ့ လူပ်ရှားမှု ပေါက်ကြား။ ညီလာခံ ရပ်သိမ်းပါ။ – မြွေပွေး"

ရွတ်ဆိုပြီးတော့ ဟိဟာရက ဗိုလ်မှူးကို ခေါင်းထောင်ကြည့်တယ်။

"ဒါကကော နောက်ထပ် ဝှက်စာတစ်စောင်ပဲလား"

mgyoe.com

mgyoe.com SAMPLE BOOK

ဗိုလ်မှူးက ဝမ်းသာအားရ လေသံနဲ့ ပြောတယ်။

"ဒီဝက်စာကိုတော့ ကျွန်တော်မျိုး ဖော်နိုင်ပါတယ်။ စာထဲမှာ ပါတဲ့ ကျားကြီး ဆိုတာက ပဲခူးမြို့ထဲမှာ နေတဲ့ ကွန်မြူနစ်သူပုန် ထွန်းကျော်ကို ပြောတာ။ သူက မြေအောက်ဂိုဏ်းရဲ့ ခေါင်းဆောင်တစ်ယောက်ပဲ။ ဒီနှစ်လအတွင်းမှာ ကျွန်တော်မျိုးတို့ သူ့ကို မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့တယ်။ သူက အင်မတန် မှ ဉာဏ်နီဉာဏ်နက် များလွန်းတာကြောင့် ခဏခဏ လွတ်လွတ်သွားတယ်"

"မလွတ်ဘဲ နေမလား"

ဟိဟာရက ပြောတယ်။

"မြွေပွေးကို ခင်ဗျားတို့က ခါးပိုက်ပိုက်ထားမှကိုး။ အသုံးမကျဘူး ဆိုတဲ့ ကောင်တောင် လွယ်လွယ်နဲ့ လွတ်သွားနိုင်သေးတယ်"

"ဟုတ်ပါတယ်၊ မာစတာ"

ဗိုလ်မှူးက ရိုကျိုးတဲ့ဟန်ပန်နဲ့ ခေါင်းညိတ်ပြတယ်။ ပြီးတော့ ဆက် ပြောတယ်။

"၂၀၁ ဆိုတာက သခင်စိုးကို ရည်ညွှန်းတာပါ။ သူတို့က ကွန်မြူနစ် ခေါင်းဆောင်တွေကို နံပါတ်တပ်ထားကြတယ်။ ဟား ဟား... ငမြောက်ငခြောက် တွေ တွေ့ကြတာကိုများ ညီလာခံ တဲ့။ ရာရာစစ၊ လျှာလဲ ဝဲစွဲနေပါဦးမယ်"

ဟိဟာရက ပြုံးပြီး မှတ်ချက်ချလိုက်တယ်။

"အတော်ဟုတ်တဲ့ မြွေပွေးပဲ"

ခေါင်းမော့လိုက်ပြီးတော့ အင်မတန်မှ ကြင်နာကရုဏာပွားတဲ့ မျက်နှာပေး မျိုးနဲ့ အောင်မျိုးမြချိုတို့ လေးယောက်ကို တစ်ယောက်ချင်း စေ့စေ့ကြည့်ပြီး မေးခွန်းထုတ်လိုက်တယ်။

"မင်းတို့ထဲက ဘယ်သူက မြွေပွေးလဲ။ အောင်မျိုးမြချို ဒီလေးယောက်၊ ဘယ်သူ မြွေပွေးလဲ"

သူ့လေသံက ပျော့ခွဲခွဲကလေး၊ နူညက်ညက်ကလေး။ သူ့ပါးစပ်ထဲက သလိပ်တွေ အလားပဲ။

(စ)

အိုက်တင်တွေ၊ ပလိုက်တင်တွေနဲ့ အတည်လိုလို၊ အရွှတ်လိုလို သရုပ်ဆောင်နေ လိုက်ကြတာ ဒီအခန်း ရောက်တော့မှ အားလုံး အိပ်မက်ကနေ နိုးထလာသလို

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်ကုန်ကြတယ်။ အဲဒါ အိပ်မက်ဆိုးတစ်ခုပဲ။ မကောင်းဆိုးဝါးနဲ့ အတူရှိနေကြရတာ။ ဘယ်သူက မကောင်းဆိုးဝါးလဲ ဆိုတာကိုလည်း မသိရဘူး။ ကံမကောင်းအကြောင်းမလှရင် ကိုယ်ကိုယ်တိုင်က မကောင်းဆိုးဝါးအဖြစ် သမုတ်ခံရနိုင်သေးတယ်။ သတိကြီးကြီး ထားနေကြတာမို့ ဘယ်သူမှ ရွှေနူတ်တော် မဖွင့်ဟဝံ့တော့ဘူး။ အားလုံးက ရေငုံနှုတ်ပိတ် နေနေကြလေရဲ့။ သူက ကိုယ့်ကို ကြည့်လိုက်၊ ကိုယ်က သူ့ကို ကြည့်လိုက်နဲ့။ တစ်ဦးတစ်ယောက်ရဲ့ မျက်နှာပေါ်မှာပဲ မြွေပွေးဆိုတဲ့ စကားလုံးကြီး ပေါ်လာလေမလားရယ်လို့ ပြူးပြဲပြီး ကြည့်နေကြသလိုမျိုး။

ဗိုလ်မှူးက ရေငုံနှုတ်ပိတ် နေကြတာကို သဘောမတွေ့လှဘူး။ သူက သူတို့ကို တစ်ခုခု ပြောစေချင်တယ်။ အပြစ်ကို ဝန်ခံချင် ဝန်ခံ၊ သို့တည်းမဟုတ် ဖော်ကောင်လုပ်ကြပေါ့။ သူ့ရဲ့ စကားတွေထဲမှာ ချော့မော့ပြောဆိုပြီး လမ်းမှန်ရောက်အောင် ညွှန်ကြားနေတဲ့ စကားတွေကလည်း တစ်ခါတစ်ခါ ထွက်လာတတ်ရဲ့။ တစ်ခါတစ်ခါကျတော့ ခြိမ်းခြောက်ဟိန်းဟောက်တဲ့ စကားတွေ ထွက်လာပြန်ရော။ နားဝင်ချိုတဲ့ စကားတွေရော၊ နားခါးတဲ့ စကားတွေရော စုံနဖာစီလို့ ပါပဲ။ သို့ပေမဲ့ ဘယ်သူကမှ နှုတ်ဟဝံ့ခံမလာသလို ဘယ်သူကမှလည်း ဖော်ကောင် မလုပ်ကြဘူး။

တကယ်တမ်းတော့ ဖော်ကောင်လုပ်ချင်တဲ့ လူက မရှိဘူး မဟုတ်ဘူး။ ရှိတယ်။ ဥပမာပြောရရင် ဗိုလ်ကြီးအောင်သူပေါ့။ အစည်းအဝေး ပြီးသွားတော့ သူက ချိုမာကို မြွေပွေးပါပဲလို့ မညာမတာ စွပ်စွဲတော့တာပဲ။ ဒါပေမဲ့ အစည်းအဝေး လုပ်နေတုန်း အချိန်မှာတော့ အိပ်မက်ဆိုးကြီးကနေ နိုးထခါစမို့ ထင်ပါရဲ့။ လှို့ဝှက်ချက်ကြီးက အင်မတန်မှ ဆွဲအ ထိတ်လန့်သွားစေတာမို့ လူက ကြောင်နေခဲ့တယ်။ ပျာတောက်နေခဲ့တယ်။ လိပ်ပြာလွင့်မတတ် လန့်ဖျပ်သွားတာကြောင့် စကားပြောတာတောင် တံတွေးတွေ နင်လို့။

စောင့်ကြည့်လိုက်တာ ပိုကောင်းမယ် ထင်တယ်။ ဘာပဲဖြစ်ဖြစ် လွှင့်သွားတဲ့ လိပ်ပြာလေး ပြန်ရောက်လာအောင်တော့ အချိန်ပေးသင့်တာပေါ့။

အဲဒီအချိန်မှာပဲ မျှော်လင့်မထားဘဲ လူတစ်ယောက် ရောက်လာတယ်။ အလောတကော ပြေးဝင်လာတဲ့ ခြေသံတွေက အခန်းနဲ့ နီးသထက် နီးလာတယ်။ အရေးတကြီး သတင်းပို့စရာ ရှိလို့ ထင်တယ်။

ရောက်လာတဲ့သူက ဗိုလ်ဝတုတ်ပါ။ သူက ဗိုလ်မှူးကို တိုးတိုး တိုးတိုးနဲ့

mgyoe.com

mgyee.com SAMPLE BOOK

ပြောနေတုန်း ဗိုလ်မှူးက ဂနာမငြိမ်ဘဲ ထိုင်ခုံပေါ်မှာ ဖင်တကြွကြွ ဖြစ်လာတယ်။ နောက်တော့ စားပွဲပေါ်ကို လက်ဖဝါးနဲ့ ဖြန်းခနဲ ရိုက်ချပြီး ဒေါကြီးမောကြီး ပြောပါလေရော။

"မပြောချင်ကြဘူးပေါ့ ဟုတ်လား၊ ခင်ဗျားတို့တွေက။ ကောင်းပြီလေ။ ပြောချင်စိတ် ရှိလာပြီ ဆိုရင်တော့ မာစတာနဲ့ ပြောကြပေတော့။ ကျုပ် ခင်ဗျားတို့နဲ့ အချိန်ဖြုန်းနေရလောက်အောင် မအားဘူး"

ပြောပြီး မတ်တတ်ထရပ်လိုက်တယ်။ အပြင်ကို လှည့်ထွက်နေရင်း စကားဆိုလိုက်ပြန်တယ်။

"အကြောင်းတစ်ချက်တော့ ခင်ဗျားတို့ကို ပြောထားရဦးမယ်။ ခင်ဗျားတို့ အထဲမှာ သူလျှိုရှိနေတယ် ဆိုတာကိုတော့ ကျုပ် ယုံကြည်ထားပြီးသား။ ခင်ဗျားတို့ အဲဒီသူလျှိုကို မဖော်ထုတ်နိုင်မချင်း ဒီခြံထဲကနေ ဘယ်မှ ထွက်သွားဖို့ စိတ်မကူးနဲ့တော့။ သွားချင်သပ ဆိုရင် ဘယ်သူ မြွေပွေးလဲ ဆိုတာကို ပြောပြနိုင်မှ သွားရမယ်"

ဟိဟာရလည်း မတ်တတ်ရပ်လိုက်တယ်။ ဒါပေမဲ့ ချက်ချင်း ထွက်မသွားသေးဘူး။ အင်မတန်မှ ခန့်ပါရမီနဲ့ ပြည့်စုံနေတဲ့အလား ချိုသာယဉ်ကျေးတဲ့ အမူအရာနဲ့ ပြောတယ်။

"ဗိုလ်မှူးရဲ့ စကားကို ကျုပ် ယုံတယ်။ အဲဒါအပြင် ကျုပ် ယုံကြည်ထားတာ နောက်တစ်ချက် ရှိသေးတယ်။ ခင်ဗျားတို့ အကုန်လုံးကတော့ သူလျှို မဖြစ်နိုင်ဘူး။ မြွေပွေး မဖြစ်နိုင်ဘူး။ ခင်ဗျားတို့အထဲမှာ အပြစ်မဲ့တဲ့သူတွေ ပါတယ်။ အများစုကတော့ အပြစ်မရှိတဲ့ သူတွေပေါ့။ ဘယ်သူက အပြစ်မဲ့လဲ၊ ဘယ်သူက အပြစ်ရှိလဲ။ ဘယ်သူ သိမှာလဲ။ ကျုပ်တို့ မသိဘူး။ ခင်ဗျားတို့ ကာယကံရှင်တွေ ကိုယ်တိုင်ပဲ သိလိမ့်မယ်။ ကျုပ်တို့အနေနဲ့ အခုချိန်မှာ ခင်ဗျားတို့ကို ဒီလိုလုပ်ထားရုံက လွဲပြီး တခြား ဘာနည်းလမ်းကိုမှ စဉ်းစားလို့ မရတော့ဘူး။ ခင်ဗျားတို့ကို တစ်နေရာမှာ စုထားရမယ်။ စောင့်ကြည့်နေရမယ်။ ပိတ်လှောင်ထားရမယ်။ မတရား စွပ်စွဲခံရပါတယ်လို့ ခင်ဗျားတို့ ထင်ချင်လဲ ထင်တော့။ အရှက်ခွဲစော်ကားခံရပါတယ်လို့ ပြောချင်လဲ ပြောတော့။ လက်ရှိအချိန်မှာတော့ ဘာမှ မတတ်နိုင်ဘူး။ ခင်ဗျားတို့လဲ နားလည်ထားမှာပါ။ အခုလို အခြေအနေမျိုးမှာ သံသယရှိလာပြီ ဆိုရင် ဘယ်သူ့ကိုမှ ညာနေမှာ မဟုတ်ဘူး။ အဲ ... ခင်ဗျားတို့

mgyee.com

mgpoe.com SAMPLE BOOK

အပြင်ထွက်ချင်သပ ဆိုရင်လဲ ခက်လှတဲ့ ကိစ္စတော့ မဟုတ်ပါဘူး။ မြေပွေးကို ဖော်ထုတ်ပေးလိုက်ရုံပဲ။ ဖော်ကောင်ပဲလုပ်လုပ်၊ အပြစ်ဝန်ခံတာပဲ ဖြစ်ဖြစ်၊ ဖော်ထုတ်ပေးနိုင်ရင် ရပြီ"

ဗိုလ်မှူးက ဟိဟာရ ပြောနေတဲ့ ကာလတစ်လျှောက်လုံး အပေါက်ဝမှာ ရပ်ပြီး နားထောင်နေတယ်။ အခုတော့ သူ အခန်းထဲ ပြန်ဝင်လာပြီး ရှေ့က စားပွဲကို ထုရင်း အားလုံးကို သတိပေးစကား ပြောတယ်။

"မှတ်ထားကြ။ ၉ ရက်နေ့ မတိုင်ခင်၊ အဲဒီအချိန် မတိုင်ခင်ထိတော့ အားလုံးမှာ လွတ်ဖို့ အခွင့်အရေး ရှိတယ်။ အဲဒီထက် လွန်သွားရင်တော့ မင်းတို့ အားလုံး ဒူးနဲ့ မျက်ရည်သုတ်ခွင့်တောင် ရမှာ မဟုတ်တော့ဘူး"

ဟိဟာရက ပြောတယ်။

"ဟုတ်တယ်၊ သေချာ မှတ်ထားကြနော်။ ၉ ရက်နေ့ မတိုင်ခင်ထိပဲ။ အဲဒီနောက်ပိုင်းကျရင်တော့ ခင်ဗျားတို့ ဘာတွေပဲပြောပြော ခင်ဗျားတို့ရဲ့ ကံကြမ္မာကို ပြုပြင်နိုင်စွမ်း ရှိမှာ မဟုတ်တော့ဘူး။ ခင်ဗျားတို့ရဲ့ ကံကြမ္မာက ဘယ်အပေါ်မှာ မူတည်နေသလဲ သိလား"

သူက ပိတ်ထားတဲ့ စာအိတ်တစ်လုံးကို ဆွဲထုတ်လိုက်ပြီး အဲဒီစာအိတ်ကို ပုတ်ပြတယ်။

"ဟောဒီမှာ၊ ကျုပ် ဒီကို လာခါနီး ဗိုလ်ချုပ်မတ်စုအိုက ကျုပ်ကို ထည့်ပေးလိုက်တာ။ အထဲမှာ ဘာပြောထားသလဲ ဆိုတော့ ... အမှန်အတိုင်းပြောရရင် ကျုပ်လဲ မသိဘူး"

တစ်ခဏာရယ်ပြီး ဆက်ပြောတယ်။

"ဒီမယ်၊ ဒါကလဲ ဝှက်စာတစ်စောင်ပဲ။ ဒီစာကို ကျုပ်ကိုယ်တိုင် မီးရှို့ပစ်ချင် ရှို့ပစ်နိုင်တယ်။ ဒီအထဲက အကြောင်းအရာတွေက ထာဝရ တည်တံ့တဲ့ လျှို့ဝှက်ချက်တစ်ခု ဖြစ်သွားလိမ့်မယ်။ ဒါပေမဲ့ ကျုပ်ကိုယ်တိုင် မဖြစ်မနေ ဖတ်ကြည့်ရမယ့် အခြေအနေမျိုးလဲ ဖြစ်သွားနိုင်သေးတာပဲ။ ဒီအထဲမှာ ခင်ဗျားတို့ရဲ့ အနာဂတ်ကို ပြဋ္ဌာန်းထားတယ်။ ကျုပ်က ဒီစာကို မီးရှို့ပစ်ရမှာလား၊ ဒါမှမဟုတ် ဖတ်ကြည့်ရမှာလား ဆိုတဲ့ကိစ္စက ခင်ဗျားတို့အပေါ်မှာ မူတည်နေတယ်။ အဲဒါ ခင်ဗျားတို့ရဲ့ ရွေးချယ်ပိုင်ခွင့်ပဲ။ တကယ်လို့ ခင်ဗျားတို့က ကျုပ်ကို စာဖော်ဖတ်ခွင့် ပေးလိုက်မယ် ဆိုရင် ခင်ဗျားတို့ရဲ့ အနာဂတ်၊ ခင်ဗျားတို့ရဲ့ ကံကြမ္မာကို

mgpoe.com

mgyoe.com SAMPLE BOOK

ပြုပြင်ပြောင်းလဲနိုင်ခွင့် ခင်ဗျားတို့မှာ တစိုးတစိမ့ ရှိမှာ မဟုတ်တော့ဘူး။ ဗိုလ်မှူးနဲ့ ကျုပ်ကိုယ်တိုင်တောင် ဘယ်လိုမှ ပြုပြင်ပြောင်းလဲပေးနိုင်မှာ မဟုတ်ဘူး။ ဒါကြောင့် ခင်ဗျားတို့ ဒီစာကို ကပြက်ကချော် ပေါ့တီးပေါ့ဆ မလုပ်ဖို့ တောင်းဆိုပါရစေ။ သူ့ကို ကပြက်ကချော် လုပ်မိရင် ခင်ဗျားတို့ရဲ့ ကံကြမ္မာကို ကပြက်ကချော် လုပ်သလို ဖြစ်သွားလိမ့်မယ်”

အဲဒီစကားကို ပြောနေတဲ့ အချိန်အတွင်းမှာ ဟိဟာရရဲ့ အမူအရာက သိပ်ကို လေးနက်တည်ကြည်နေတယ်။ လေသံက ညက်ညက်ညောညော၊ ဖြည်းဖြည်းမှန်မှန်နဲ့ နူးညံ့သိမ်မွေ့တဲ့ အရိပ်အယောင် ထင်ပေါ်နေတယ်။ ကရဏာရှေ့ထားပြီး ချော့မော့နေတဲ့ ပုံစံမျိုးပဲ။ သူက လူတစ်ယောက်ချင်းစီရဲ့ အနောက်ကို ဖြတ်လျှောက်သွားရင်း စားပွဲကိုတောင် တစ်ပတ်ပတ်ပြီး အရေးမပါလှတဲ့ ထွေရာလေးပါးစကားတွေ တစ်ခွန်းစ နှစ်ခွန်းစ ပြောပြီးမှ အခုန်းထဲက ထွက်ခွာသွားတယ်။ အဲဒီလို ဆိုပေမဲ့လဲ အောင်မျိုးမြချို လေးယောက်စလုံးရဲ့ စိတ်ထဲမှာ ဇရာမကျောက်ဖျာကြီး တစ်ချပ် ဖိခံထားရသလို ရင်လေးပြီး၊ မျက်ပြူးဆန်ပျာ ဖြစ်ပြီး၊ ခြေအစုံ ချည့်နဲ့ယိမ်းထိုးပြီး၊ ဦးနှောက်တစ်ခြမ်းကို ဓားနဲ့ လှီးထုတ်ခံထားရသလို ခေါင်းထဲ ဟာလာဟင်းလင်း ဖြစ်ပြီး၊ နှလုံးထဲက သွေးတွေ ပွက်ပွက်ဆူပြီး၊ အမြင်အာရုံတွေ ပြာနှမ်းသွားပြီး အသက်မရှိတော့တဲ့ အသေကောင်ပုပ်လို ငုတ်တုတ်ကြီး အခုန်းထဲ ကျန်ရစ်ခဲ့တော့တယ်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

အခန်း (၃)

(က)

ဘယ်သူက မြွေပွေးလဲ။

ဘယ်အကောင်က မြွေပွေးလဲ။

ဒီကနေ့ ညနေခင်းမှာ အာကာပြင်က ပြာလွင်နေတယ်။ ပန်းရနံ့တွေက မွှေးကြိုင်နေတယ်။ ခြံရှေ့က အရာရှိရိပ်သာရဲ့ လှပျိုဖြူတွေက မှန်ရှေ့မှာ ထိုင်ရင်း ညဉ့်အမှောင် ရောက်အလာကို စောင့်မျှော်နေကြတယ်။ တစ်နည်းပြောရရင် ညနေချိန်ရဲ့ မိနစ် စက္ကန့်တွေက ပုံမှန်အတိုင်း ရွေ့လျားနေတယ်။ တိတောက် တိတောက်နဲ့ ရှေ့သို့ တူရူချီတက်နေကြတယ်။ ညဉ့်အသစ်တစ်ခုဆီကို စီးမျော နေကြတယ်။ သို့ပေမဲ့ အနောက်တိုက်မှာကျတော့ အချိန်က လွန်ခဲ့တဲ့နှစ်ဝက်ကို ပြန်ရောက်သွားသလိုပဲ။ သွေးမြေကျခဲ့ရတဲ့ အဲဒီညကို ပြန်ရောက်သွားတဲ့ အတိုင်း ပဲ။ တိုက်ထဲက လူတွေရဲ့ ကံကြမ္မာက အမည်မသိတဲ့ လျှို့ဝှက်လူတစ်ယောက်၊ လက်မည်းကြီး တစ်စုံ၊ မကောင်းဆိုးဝါးတစ်ကောင်ရဲ့ ထိန်းချုပ်မှု၊ ဆော့ကစားမှု၊ ကလူကျီစယ်မှုကို ခံစားနေရတယ်။ လည်ချောင်းကို ဖမ်းညှစ်ခံထားရသလို၊ နှလုံး ကို ဆုပ်ကိုင်ခံထားရသလို ဖြစ်နေတယ်။

ဗိုလ်မှူးက အလုပ်ရှိတာကြောင့် တပ်ထဲကို ပြန်သွားရမယ်။ ဟိဟာရနဲ့ ဦးဟန်ထွန်းက သူ့ကို ကားဆီအရောက် လိုက်ပို့ကြတယ်။ ကားထွက်သွားတော့

mgyoe.com

mgyee.com SAMPLE BOOK

ဦးဟန်ထွန်းက တိုက်ထဲ ပြန်ဝင်ဖို့ အလုပ်မှာ ဟိဟာရက သူ့ကို လှမ်းတားလိုက်တဲ့။

"သူတို့ကို ပစ်ထားလိုက်တော့။ လာ... ကျုပ် ခင်ဗျားကို မေးစရာ ရှိတယ်"

အမေးက ... ဆေးလိပ်ထဲက စာရွက်အပိုင်းလေးကို ဘယ်လို ရခဲ့တာလဲ။

အဖြေက ... လိပ်ကြီးလို့ နာမည်ရတဲ့ မြေအောက်ဆက်သား တစ်ယောက်က အပြင်ကို သယ်ထုတ်သွားခဲ့သတဲ့။

(ခ)

လိပ်ကြီး ဆိုတာက လူမွဲတစ်ယောက်ပဲ။ အသက်က ၆၀ လောက် ရှိပြီ။ လူက ပိန်ကပ်ကပ်၊ ခြေထောက်နှစ်ဖက်က ရှည်မျောမျောနဲ့၊ လမ်းလျှောက်ရင် ခါးမတ်မတ် လျှောက်တတ်တယ်။ အောက်ပိုင်းက လေထဲမှာ ဝဲနေသလိုပဲ။ ပြီးခဲ့တဲ့နှစ် ဆောင်းအဝင်လောက်ကနေ စပြီး လိပ်ကြီးက ဆက်သွယ်ရေးရုံးချုပ်မှာ သန့်ရှင်းရေးဝန်ထမ်းတစ်ယောက်အနေနဲ့ အလုပ်ဝင်တယ်။ နေ့ခင်းပိုင်းတွေမှာ ရုံးတွင်း၊ ရုံးပြင်ရဲ့ သန့်ရှင်းရေးကို တာဝန်ယူ ရှင်းလင်းပေးရပြီး ညပိုင်းရောက်ရင်တော့ လူနေရပ်ကွက်တွေထဲ သွားပြီး အမှိုက်သိမ်းလေ့ ရှိတယ်။ သခင်ကျော်စိန် ခေါင်းဆောင်တဲ့ ကွန်မြူနစ်အဖွဲ့ထဲက ကေဒါတချို့ အဖမ်းခံရပြီးတဲ့နောက်မှာ အဲဒီလူတွေက ဘက်ပြောင်းသစ္စာဖောက်ပြီး ဂျပန်တွေရဲ့ အလိုတော်ရိတွေ၊ လက်သုံးတော်တွေ၊ ပုဆိန်ရိုးတွေ ဖြစ်လာခဲ့ကြတယ်။ တစ်နေ့တော့ သူတို့ထဲက ကွန်မြူနစ်ဟောင်း တစ်ယောက်က ဆက်သွယ်ရေးရုံးချုပ်ကို ပေါက်ချလာပြီး အဲဒီအချိန်မှာပဲ လိပ်ကြီးကို သူ တွေ့မြင်သွားတယ်။ လိပ်ကြီးဆိုတဲ့ လူက တစ်ချိန်တုန်းက ကွန်မြူနစ်တစ်ယောက်ပဲ ဆိုတာကို သူ မပြန်ခင် လက်ထောက်ချသွားခဲ့တယ်။ အခုချိန်မှာ သူ့အကြောင်း ဘာမှ ရေရေရာရာ မသိရသေးဘူး ဆိုပေမဲ့ မသက်ာစရာတော့ ကောင်းနေတော့တာပေါ့။

တော်တော်ကြီးကို သက်ာမကင်း ဖြစ်ကြတာပါ။

ဒါနဲ့ ဦးဟန်ထွန်းက လူလွတ်ပြီး လိပ်ကြီးရဲ့ သွားလာလှုပ်ရှားမှုမှန်သမျှကို မျက်စိဒေါက်ထောက် ကြည့်ခိုင်းထားတယ်။ နှစ်ရက်ကြာသွားတဲ့ အခါမှာ သူတို့ ဘာထူးခြားတာကိုမှ မတွေ့ခဲ့ကြရဘူး။ လိပ်ကြီးက ရုံးဝင်းထဲမှာ ဘယ်သူ့ ဘယ်သူနဲ့မှ စကားမပြောဘူး။ သံသယဖြစ်စရာ လှုပ်ရှားမှုမျိုးကိုလည်း မတွေ့ရဘူး။ သူ လုပ်ရမယ့် အလုပ်တာဝန်အတိုင်း ရုံးတွင်း၊ ရုံးပြင်မှာ တံမြက်စည်း

mgyee.com

mgyoe.com SAMPLE BOOK

လည်း၊ အမှိုက်သိမ်းနေတတ်တယ်။ ညရောက်တော့လည်း လူနေရပ်ကွက်ထဲမှာ တစ်အိမ်တက်ဆင်း အမှိုက်သိမ်းနေတတ်တယ်။ မနေ့ည ၇ နာရီကျော်အချိန် အမှိုက်သိမ်းပြီး အမှိုက်တွန်းလှည်းကို ရုံးဝင်းထဲကနေ တွန်းထုတ်ပြီး စည်ပင် အမှိုက်ပုံမှာ အမှိုက်သွားပစ်တယ်၊ လမ်းတစ်လျှောက်လုံးမှာလည်း သူ ဘယ်သူနဲ့မှ အဆက်အသွယ် မလုပ်ဘူး။ အမှိုက်ပုံကနေ ပြန်ထွက်လာတော့မှ စောင့်ကြည့် နေတဲ့ လူတွေက ထူးခြားမှုကို တွေ့လိုက်ကြရတယ်။ လိပ်ကြီးက ထူးထူးခြားခြား ပန်းခြံထဲကို ဝင်သွားတယ်။

ဒီနေရာက လမ်းသုံးခွ ဆုံတဲ့ နေရာ။ ညရောက်ပြီဆိုရင် ဒီနေရာမှာ ညစျေးအဖြစ်နဲ့ ပျုံကျစျေးသည်လေးတွေ စျေးရောင်းတတ်ကြတဲ့ယ်။ စားစရာ ရောင်းတဲ့ သူက ရောင်း၊ အရုပ်ရောင်းတဲ့သူက ရောင်းနဲ့။ လိပ်ကြီးက ပန်းရောင်း တဲ့ ကောင်မလေးရဲ့ နံဘေးမှာ အမှိုက်လှည်းကို ရပ်ထားပြီး နောက်တော့ လည်ပင်းမှာ သေတ္တာတစ်လုံး ဆွဲလျက်နဲ့ ဆေးလိပ် ရောင်းနေတော့တယ်။ တိုက်ဆိုင်တာက သိပ်မကြာလိုက်ခင်မှာပဲ မာဇဒါကားပေါ်က မိန်းမတစ်ယောက် က သူ့ကို လှမ်းခေါ်ပြီး သူ့ဆီက ဆေးလိပ် ဝယ်တယ်။ မိန်းမပျိုလေးက အတော် ငယ်သေးတယ်။ ပြင်ထား ဆင်ထားတာကလည်း အလွန်ကြီး။ ပါးစပ်မှာလည်း ဆေးလိပ်တစ်လိပ် ခဲလို့။ ကြည့်ရတာ ညဉ့်ဂွက်တစ်ကောင်နဲ့ တူလှတယ်။ ညဉ့် ဂွက်တစ်ကောင်ရဲ့ ပါးစပ်ထဲမှာ ဆေးလိပ်တစ်လိပ် ခဲထားတဲ့ ကိစ္စကတော့ ဘာမှ ထူးဆန်းမနေပါဘူး။ ထူးဆန်းတာက သူ ပေးတဲ့ ပိုက်ဆံက အတန်ကြီးမို့ အကြွေ ပြန်အမ်းဖို့ လိုပါလျက်နဲ့ သူက သူ့လက်ထဲ ဆေးလိပ်ဘူး ရောက်တာနဲ့ တစ်ကြိုး တည်း လစ်တော့တာပဲ။ အကြွေပေးတာတောင် စောင့်မနေတော့ဘူး။ လိပ်ကြီး လား။ သူက ပိုက်ဆံအချောင် ရလိုက်တာတောင် နည်းနည်းလေးမှ ဝမ်းသာရိပ် မပြဘူး။ သူ့အတွက်တော့ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ကိစ္စတစ်ခုကို ကြုံလိုက်ရသလိုပဲ။

ဦးဟန်ထွန်းက ပြောတယ်။

"ဘယ်ကလာ ဖြစ်သင့်ဖြစ်ထိုက်ရမှာလဲဗျာ။ တကယ်တမ်း ဖြစ်သင့် ဖြစ်ထိုက်တာက ကြက်မတစ်ကောင်က အကြွေပဲဖြစ်ဖြစ်၊ အနုပ်ပဲဖြစ်ဖြစ် ပိုက်ဆံ မှန်ရင် ကျစ်ကျစ်ပါအောင် ဆုပ်ထားမှာပဲ၊ ဩတော့ လမ်းဘေးစျေးသည် တစ်ယောက် ကလဲ အခုလို အချိုအချောင် ရလိုက်တဲ့ ပိုက်ဆံအတွက် ဝမ်းမသာဘဲ နေမှာ မဟုတ် ဘူး"

mgyoe.com

mgyee.com SAMPLE BOOK

ဟိဟာရဲ့က သဘောတူတဲ့အနေနဲ့ ခေါင်းညိတ်ပြတယ်။ သူ့ခြေလှမ်းတွေကတော့ ရပ်တန့်မသွားဘူး။ သူ့မျက်လုံးတွေကလည်း ရှေ့တည့်တည့်ကိုပဲ ကြည့်နေတယ်။ အရေးတကြီးကိစ္စ ရှိလို့ သွားနေတဲ့ အတိုင်းပဲ။ စောစောက သူတို့နှစ်ယောက် ဗိုလ်မှူးကို ကားဆီ လိုက်ပို့ပြီးတဲ့အခါမှာ အနောက်တိုက်ကို ပြန်မဝင်ကြတော့ဘူး။ အရှေ့တိုက်ကို သွားတာလည်း မဟုတ်ဘူး။ ကားအနောက်ကနေ လိုက်ပြီး ခြံအပြင်ဘက်ကို ဦးတည်နေကြတယ်။ သွားရင်း ပြောရင်းပေါ့။ အခုချိန်မှာ သူတို့နှစ်ယောက်စလုံး ခြံပြင်ကို လွန်ပြီး ကန်ဘေးကို ရောက်လာကြလို့ ဖြောင့်တန်းနေတဲ့ တာရိုးလမ်းအတိုင်း လျှောက်နေကြတယ်။ ကန်ပတ်ပတ်လည်မှာ အလှေကျ ပေါက်ရောက်နေကြတဲ့ သစ်ပင်၊ ပန်းပင်တွေမှာ ပန်းပေါင်းစုံ ပွင့်ဖူးဝေဆာနေတာမို့ အခုချိန်ဟာ ကန်ပေါင်ဘေး လမ်းလျှောက်လို့ အကောင်းဆုံး အချိန်ပဲ။ ပုံမှန်ဆိုရင် မိုးလေကင်းလွတ်တဲ့ အချိန်မျိုးမှာ ငါးရှာ ဖားရှာ၊ နွားကျောင်း ဆိတ်ကျောင်း စတဲ့ သူငယ်သူငှတ်တွေ ဒီအနားဝန်းကျင်မှာ ရှိနေ၊ တတ်ကြွေပေမဲ့ အခုလို နိုင်ငံရေးမတည်ငြိမ်တဲ့ ကာလမျိုးမှာတော့ ပေါ်တာအဆွဲခံရမှာ ကြောက်လို့လားတော့ မသိဘူး။ ခြေနှစ်ချောင်းနဲ့ သတ္တဝါဆိုလို့ တစ်ကောင်တစ်မြီးမှ မတွေ့ရဘူး။ တကယ်ဆိုရင် ရေပြင်တဖွေးဖွေး၊ လေညင်းတဖြူးဖြူး၊ ပန်းနံ့တသင်းသင်းနဲ့ လမ်းလျှောက်ရင်း စကားပြောရတာ အတော်နေရာကျတယ်။ သူတို့ ပြောနေကြတဲ့ စကားတွေက လေးနက်တဲ့ စစ်ရေးလျှို့ဝှက်ချက်တွေ ဖြစ်ချင် ဖြစ်နေပါစေပေါ့။

ဦးဟန်ထွန်းက ဆက်ပြီး ပြောပြနေတယ်။ အဲဒီ ပြန်အမ်းငွေကိစ္စမှာ မသက်ဆိုးစရာ ဖြစ်နေတာကြောင့် လိပ်ကြီးနဲ့ သူ့အပေါင်းပါက ထောက်လှမ်းရေးအဖွဲ့ရဲ့ အာရုံစိုက်မှုကို ပိုပြီး ခံခဲ့ကြရတယ်။ ဒါနဲ့ ထောက်လှမ်းရေးအဖွဲ့ထဲက တချို့လူတွေက စောစောက မိန်းမဆီ အပြေးလိုက်ပြီး သူ့ကို ဖမ်းဆီးလိုက်ကြတယ်။ အသေးစိတ် စစ်ဆေးလိုက်တော့ ဆေးလိပ်ဘူးထဲမှာ အဲဒီစာရွက်ပိုင်းကလေးကို တွေ့ရတော့တာပဲ။

"အဲဒီလို ဖမ်းပစ်လိုက်တယ် ..."

ဟိဟာရက ရုတ်တရက် ခြေလှမ်းတွေကို တုံ့ခနဲ ရပ်ပစ်လိုက်တယ်။

"ဘာဖြစ်လို့ သူ့ကို ဒီလောက် အလောသုံးဆယ် ဖမ်းပစ်လိုက်ရတာလဲ။

mgyee.com

mgnboe.com SAMPLE BOOK

သူနောက်ကနေ တိတ်တဆိတ် လိုက်ချောင်းသင့်တာလေကွာ။ သူက မင်းလူတွေကို သူတို့ရဲ့ ခေါင်းဆောင်ဆီ ခေါ်ချင် ခေါ်သွားပေးမှာ"

"ဟုတ်တယ်ဗျ"

ဦးဟန်ထွန်းက ဟိဟာရထက်တောင် နှမြောတသ ဖြစ်နေသလိုပဲ။ ခေါင်းကို ယမ်းနေလိုက်တာများ နတ်ပူးနေတဲ့အတိုင်းပဲ။

"ကျွန်တော်လဲ အဲဒီလို တွေးမိတာပဲ။ တကယ့် အခွင့်ရေးကောင်းကြီးဗျာ။ ဒါပေမဲ့ ... ဟူး ... အခင်းဖြစ်တဲ့ နေရာမှာ ကျွန်တော်ကိုယ်တိုင်မှ ရှိမနေနိုင်ဘဲ ဥစ္စာ"

တော်သေးတာက လိပ်ကြီးကို မဖမ်းသေးဘဲ ဒီအတိုင်း ဥထားတုန်းပဲ။ အဲဒီလိုမှမဟုတ်ရင် ဦးဟန်ထွန်းက သူ့လည်ပင်းကို ပြတ်ထွက်သွားတဲ့အထိ တောင် ယမ်းနေမလား မဆိုနိုင်ဘူး။

လိပ်ကြီးကို ဥထားသေးတဲ့ အတွက်ကြောင့် ဟိဟာရကလည်း ဦးဟန်ထွန်းကို အပြစ်မဆိုတော့ဘူး။ ဟိဟာရက တွေးတယ်။ တကယ်လို့သာ လိပ်ကြီးကို ဖမ်းလိုက်ရင် ကြိုးပေါက လူသုံးယောက်စလုံး (မြွေပွေး အပါအဝင်) တစ်ပြိုက်နက်တည်း စုပ်စမြုပ်စ ပျောက်သွားနိုင်တယ်။ အဆက်အသွယ် လုံးဝ ပြတ်သွားတော့မှာ။ တခြားသူပုန်တွေကလည်း သူတို့ ပြဿနာတက်နေပြီ ဆိုပြီး သံသယဝင်လာကြလိမ့်မယ်။

"မဟုတ်တာ လုပ်ထားရင် ကြောက်စိတ်ဆိုတာ ရှိစမြဲပဲ"

ဟိဟာရက ပြောတယ်။

"ကြောက်စိတ်ဝင်ရင် အမြီးကုပ်နေလိမ့်မယ်။ လေကလေး ဝေ့တာကို တောင်မှ သူတို့ ကြောက်နေကြမှာ။ တကယ်လို့ မြွေပွေး ဒုက္ခရောက်နေပြီ ဆိုတာကို အပြင်က မြေအောက်သူပုန်တွေ အနံ့ခံမိသွားရင် ဒီမှာ ဖမ်းပြီး စစ်ကြောလို့ ဘာသတင်းအစအနမှ မရရင်လဲ သူတို့က ကျူပ်တို့ရဲ့ လှုပ်ရှားမှုတွေကို သံသယဝင်နေကြမှာပဲ။ အဲဒီလိုသာ ဆိုရင်တော့ ခင်ဗျား အရိုးအရင်းတောင် ကိုက်ဖို့ ရမှာ မဟုတ်တော့ဘူး"

ဒါကြောင့် ဟိဟာရက ဦးဟန်ထွန်းကို သတိပေးစကား ဆိုတယ်။ လူတွေ ဆွဲစေ့ထားတဲ့ ကိစ္စကို သတင်းမပေါက်ကြားအောင် လျှို့ဝှက်ထားနိုင်ရမယ်။ လိပ်ကြီးကိုလည်း ကြိုးရှည်ရှည်နဲ့ လှန်ထားမှ ဖြစ်မယ်။ ပြီးတော့ ဖမ်းထားတဲ့ ဟိုမိန်းမ ကိစ္စကိုလည်း ဟာကွက်လစ်ကွက် မရှိအောင် အကြံအစည်တစ်ခုခု

mgnboe.com

mgyee.com SAMPLE BOOK

တွေးထားသင့်တဲ့ယ်။ သူ အဖမ်းခံထားရပါတယ်လို့ သူ့အပေါင်းအပါတွေ သိသွားလို့ မဖြစ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မနေ့ညကမှ လိပ်ကြီး သူနဲ့ တွေ့ထားခဲ့တာ။ ပြီးတော့ သူ့ကိုလည်း သတင်းစကား ပါးထားသေးတယ် မဟုတ်လား။ အဲဒီ ဟာကွက်ကိုသာ အချိန်မီ မဖာထေးနိုင်လို့ လိပ်ကြီးက သူ့အဖွဲ့ကို အဲဒီကိစ္စ သတင်းပို့လိုက်ရင် အားလုံး ဘူးပေါ်သလို ပေါ်ကုန်လိမ့်မယ်။

ဟိဟ်ာရက ပြောတယ်။

"ကျုပ်တို့က ရန်သူကို လှည့်စားထားရမယ်။ ပထမဆုံးအနေနဲ့ လစ်ဟာနေတဲ့ နေရာတွေကို စုံစမ်းစစ်ဆေးပြီး သတင်းမပေါက်ကြားအောင် ဆို့ပိတ်ထားရမယ်။ ကျုပ်တို့ ဒီအထဲမှာ ဘာလုပ်နေသလဲ ဆိုတာကို အပြင်က လူတွေကို လုံးဝ အသိခံလို့ မဖြစ်ဘူး။ ကျုပ်တို့ ဒီနေရာမှာ ဘာလုပ်နေတယ်လို့ ခင်ဗျား ထင်လဲ။ မြွေပွေးကို ဖမ်းဖို့ လုပ်နေတာလား။ မဟုတ်ဘူး။ မြွေပွေးကို ဖမ်းထားပြီးပြီ။ ကျုပ်တို့ရဲ့ လက်ခုပ်ထဲမှာ ရောက်နေပြီ။ ပြေးလို့ လွတ်ဦးမယ်တဲ့လား။ မြွေပွေး ဆိုတဲ့လူ ဇာတိမပြမှာကိုလဲ ခင်ဗျား စိတ်ပူမနေနဲ့။ ဒီနေ့ မဟုတ်ရင် မနက်ဖြန်ပဲ။ အဲဒါမှမဟုတ်ရင်လဲ သန်ဘက်ခါပေါ့။ အချိန်က မြွေပွေးကို အစွယ်တွေ ပြူထွက်လာအောင် လုပ်ပေးပါလိမ့်မယ်။ အနှေးနဲ့ အမြန်ပဲ"

တစ်ခဏာ ရပ်တန့်လိုက်ပြီးတော့ ဆက်ပြောတယ်။

"နှေးနှေးမြန်မြန် ကိစ္စတော့ မရှိဘူး။ လက်ခုပ်ထဲမှာ ရှိနေတဲ့ အကောင်က မိုးမြေကို ချောက်ချားသွားအောင် လုပ်နိုင်သေးတယ်လို့ ခင်ဗျား ထင်နေသေးတာလား။ အတွင်းသတင်းကို အပြင် ထုတ်နိုင်ဦးမယ်လို့ ထင်နေသေးတာလား။ မဖြစ်နိုင်တော့ဘူး။ အခုချိန် အရေးအကြီးဆုံး အလုပ်က သတင်းအမှောင် ချထားဖို့ပဲ။ အပြင်က မြေအောက်သူပုန်တွေကို ကျုပ်တို့ ဒီအထဲမှာ ဘာလုပ်နေသလဲ ဆိုတာ လုံးဝ မသိစေနဲ့။ မသက်ာ ဖြစ်နေတာမျိုးကိုတောင် အဖြစ်မခံနိုင်ဘူး။ သေချာ မှတ်ထား။ မြွေပွေးက ဒီမှာလာပြီး စစ်ကြောခံနေရတာ မဟုတ်ဘူး။ ဒီမှာလာပြီး အဲ ... ဘာလုပ်နေတာလဲ ဆိုတော့ ..."

ဟိဟာရက် စဉ်းစားပြီး သင့်တော်တဲ့ စကားလုံးကို ရှာမတွေ့တာနဲ့ စကားကို ဝါးချပစ်လိုက်တယ်။

"သူတို့ ဒီမှာ တာဝန်တစ်ခု ထမ်းဆောင်နေတယ်လို့သာ ပြောလိုက်။ သူတို့ကို ခေါ်ထုတ်လာပြီး တစ်နေရာတည်းမှာ စုထားရတဲ့ အကြောင်းအရင်းက

mgyee.com

m.g yoe . c o m SAMPLE BOOK

အင်မတန်မှ အရေးကြီးတဲ့ အလုပ်တာဝန်တစ်ခုကို ထမ်းဆောင်စရာ ရှိနေလို့ပဲ။ အဲဒီအတိုင်း အားလုံးကို အသိပေးထားမှ ဖြစ်မယ်။ အထူးသဖြင့် လိပ်ကြီးကိုလဲ အဲဒီအတိုင်း အမြန်ဆုံး သိသွားအောင် လုပ်ထားရမယ်။ အပြင်လူတွေဆီကိုလဲ များများ သိနိုင်သမျှ သိအောင် အဲဒီအတိုင်း သတင်းဖြန့်ထားရမယ်။ သိတဲ့သူ များလေ ကောင်းလေပဲ။ သူတို့ရဲ့ အိမ်သူအိမ်သားတွေ၊ အထက်အရာရှိတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ စသည်ဖြင့်ပေါ့။ ပြီးတော့ ခင်ဗျားရဲ့ လုံခြုံရေးတပ်သားတွေကိုလဲ အဲဒီအတိုင်း အသိပေးထားဦး။ သူတို့ကို လိမ့်ထားနိုင်ရင် မြေအောက်သူပုန်တွေကို လိမ့်ထားနိုင်တာနဲ့ အတူတူပဲ။ အဲဒီလိုမှ ကျုပ်တို့က ဖိုးစီ ဆိုတဲ့ ငါးကြီးကို အမိအရ ဖမ်းနိုင်မှာ။ နောက်ဆုံးကျမှ အဲဒီ ငါးသေးငါးမွှားတွေ အကုန်လုံးကို အမိအရ ဖမ်းပစ်လိုက်မယ်။ အခု လက်ရှိအခြေအနေအရ ဆိုရင် ဟာကွက်တချို့ ရှိနေတယ်။ ခင်ဗျားက လူတစ်ယောက်ကို ဖမ်းထားလိုက်ပြီ။ ကံကောင်းသွားတာက လိပ်ကြီးကိုပါ ဆွဲစေ့မထားရသေးဘူး။ ဖမ်းများ ဖမ်းလိုက်ရင်တော့ ဘာမှ ဆက်လုပ်လို့ရမှာ မဟုတ်တော့ဘူး”

အခုချိန်မှာတော့ ဇာတ်လမ်းက မဲသန်း ဖြစ်နေတုန်းပဲ။ လိပ်ကြီးကို ကြိုးရှည်ရှည်နဲ့ လှန်ထားတုန်းပဲ မဟုတ်လား။ လိပ်ကြီးသာ ရှိနေသေးရင် ကျရောက်လာနိုင်တဲ့ အခြေအနေဆိုးတွေကို တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားအောင် လုပ်နိုင်သေးတယ်။ အခွင့်လမ်းကောင်းတွေ မရှိဘူး ဆိုရင်တောင် အခွင့်ကောင်း လမ်းကောင်းတွေ ကိုယ်တိုင် ဖောက်ယူ၊ ဖော်ယူလို့ ရနိုင်သေးတယ်။ ဟိဟာရက ယုံကြည်ချက်အပြည့်နဲ့ ပြောလိုက်တယ်။

“ခင်ဗျား သိထားဖို့က လိပ်ကြီးက အခုချိန်မှာ ကျုပ်တို့ရဲ့ ငါးစာပဲ။ သူ့ကို ကျုပ်တို့ ကောင်းကောင်း အသုံးချနိုင်မှ ဖြစ်မယ်။ သူ့ရဲ့ အကူအညီနဲ့ ကျုပ်တို့ ငါးကြီးကို မျှားနိုင်မှ ဖြစ်မယ်။ နည်းလမ်းကတော့ လွယ်လွယ်လေးပါပဲ။ မြွေပွေးက အပြင်တစ်နေရာမှာ တာဝန်တစ်ခု ထမ်းဆောင်နေပါတယ် ဆိုတဲ့ သတင်းမှားတစ်ခုကို လိပ်ကြီးဆီ အရောက်ပို့ပေးလိုက်ရင် သူက သူ့အဖွဲ့ဆီကို အဲဒီသတင်းအလိုအလျောက် ပို့ပေးလိမ့်မယ်။ မြွေပွေး ကျန်းမာချမ်းသာစွာ ရှိနေပါသေးကြောင်းပေါ့”

တစ်နည်းပြောရရင် လတ်တလော အရေးပေါ် လုပ်ရမယ့် အလုပ်က လိပ်ကြီးကို ကိုယ့်ရဲ့ ဆက်သားအဖြစ် အသုံးချနိုင်ဖို့ပဲ။ သူနဲ့ သူ့အပေါင်းပါတွေကို

mgyoe.com

mgyoe.com SAMPLE BOOK

မြွေပွေး ဘာလုပ်နေသလဲ ဆိုတာ သိသွားအောင် လုပ်ပေးဖို့ လိုတယ်။ အဖမ်းခံထားရတာ မဟုတ်ဘူး။ စစ်ကြောရေး ရောက်နေတာ မဟုတ်ဘူး။ ပြန်ပေးဆွဲခံထားရတာ မဟုတ်ဘူး။ တာဝန်တစ်ခု ထမ်းဆောင်နေတာသာ ဖြစ်တယ်။

"စိတ်ချပါ၊ မာစတာ"

ဦးဟန်ထွန်းက အားရပါးရ လက်မထောင်ပြီး ပြောတယ်။

"ကျွန်တော် အမြန် လုပ်လိုက်ပါ့မယ်"

"ဒါဆိုလဲ အခုပဲ သွားလုပ်တော့လေ"

ဟိဟာရက ပြောတယ်။

"မြန်လေ ကောင်းလေပဲ။ သွားတော့"

ဒါနဲ့ ထွက်သွားရော။

(၈)

အနီးကနေ ထွက်ခွာသွားတဲ့ ဦးဟန်ထွန်းကို ငေးကြည့်နေရင်း ဟိုးအဝေး တစ်နေရာမှာ ရှိတဲ့ မှုန်ပျပျ တိုက်မြင့်တစ်လုံးရဲ့ အုတ်ကြွပ်မိုးတွေက ဟိဟာရရဲ့ အမြင်အာရုံထဲကို ဝင်ရောက်လာတယ်။ အဲဒါက ပဲခူးမှာ နာမည်အင်မတန်ကြီးတဲ့ ပျော်ပွဲစားရုံတစ်ရုံပဲ။ သူ သိပ်သဘောကျတဲ့ စားသောက်ဆိုင်ပဲပေါ့။ ညကျရင် အဲဒီမှာ ထမင်းသွားစားရမယ်လို့ သူ ချက်ချင်း စိတ်ကူးလိုက်မိတယ်။ မစားရတာ အတော်ကြာသွားပြီ ဆိုတော့ အဲဒီမှာ စားဖိုမှူးကြီး ဝမ်ရှူးကော ရှိသေးရဲ့လား မသိဘူး။ ဟိဟာရက ဒီမြို့ကို ရောက်တိုင်း အဲဒီပျော်ပွဲစားရုံပေါ် တက်ပြီး စားဖိုမှူးကြီး ဝမ်ရှူးရဲ့ လက်ရာတွေကို အမြဲတမ်း မြည်းစမ်းနေကျပဲ။ ဝတုတ်ပြကြီး ဝမ်ရှူးကို မျက်လုံးထဲ မြင်ယောင်လာတော့ ဒီည အဲဒီမှာ ထမင်းသွားစားမယ် ဆိုတဲ့ စိတ်ကူးက ပိုပြီး တော့တောင် ခိုင်မာလာတယ်။ ဒါပေမဲ့ ဘယ်သူနဲ့ သွားရရင် ကောင်းမလဲ။ သူ့ စိတ်ကူးထဲမှာ အထူးညှော့သည်တော် တစ်ဖွဲ့ကို မြင်ယောင်လာတယ်။ ဒါနဲ့ ချက်ချင်းပဲ "ဟော့ ဟော့" ဆိုပြီး အဝေးရောက်သွားပြီ ဖြစ်တဲ့ ဦးဟန်ထွန်းကို လှမ်းခေါ်လိုက်တော့တယ်။ ဒီည အဲဒီပျော်ပွဲစားရုံမှာ ညစာစားပွဲ ရှိလို့ ဗိုလ်မှူးကို သူနဲ့ အတူ ညှော့ခံပေးဖို့ ဗိုလ်မှူးဆီကိုပါ သွားအကြောင်းကြားခိုင်းလိုက်တယ်။

ဦးဟန်ထွန်းက မေးတယ်။

"ဘယ်သူ့ကို ညှော့ခံမှာလဲ"

mgyoe.com

mgyoe.com SAMPLE BOOK

ဟိဟာရက ပြုံးပြီး ပြောတယ်။ "သူတို့ရဲ့ မိသားစုတွေလေ"

ဦးဟန်ထွန်းက သူ့စကားကို ချက်ချင်း သဘောမပေါက်သေးဘူး။

ဟိဟာရက သူ့ကို မေးလိုက်တယ်။

"ခင်ဗျားက ဒီလူတွေကို ဒီမှာ လာဖမ်းထားတာ သူတို့မိသားစုတွေ သိထားပြီးပြီလား"

ဦးဟန်ထွန်းက မသိသေးဘူးလို့ ဖြေတယ်။ ဟိဟာရက ပြောတယ်။

"ဘယ်ဖြစ်မလဲကွ။ လူတွေကို ဒီမှာ ပိတ်လှောင်ထားပြီး အပြင်လဲ ပေးမထွက်ဘူး။ ဖုန်းလဲ ပေးမဆက်ဘူး။ ဒီတော့ သူတို့ ဒုက္ခတွေ့နေကြပြီလို့ ကြေညာလိုက်တာနဲ့ တူမနေဘူးလား။! အခု သူတို့က အရေးပေါ် တာဝန်တစ်ခု ထမ်းဆောင်နေတာပါလို့ ကျုပ်တို့က ပြောထားမှတော့ သူတို့ရဲ့ မိသားစုတွေကို ထမင်းလေး ဖိတ်ကျွေးပြီး နှစ်သိမ့်စကားလေး ဘာလေး ပြောတာမျိုး မလုပ်သင့်ပေဘူးလား"

တဟားဟား ရယ်လိုက်ပြီး ဆက်ပြောတယ်။

"ခင်ဗျား မိန်းမကိုပါ ခေါ်လာခဲ့ဗျာ။ သူပါ ဝင်ပြီး နှစ်သိမ့်စကားလေး၊ အားပေးစကားလေး၊ နားလည်မှုလေး ဝင်ပေးခိုင်းလိုက်ပေါ့"

ဦးဟန်ထွန်းက ချက်ဆို နားခွက်က မီးတောက်တဲ့ လူစားမျိုးပါ။ သူ ဟိဟာရရဲ့ ရည်ရွယ်ချက်ကို ချက်ချင်း သဘောပေါက်သွားတယ်။ နှစ်သိမ့်တယ် ဆိုတာက လံကြုပ်ပဲ။ ကောလာဟလ ဖြန့်ဖို့ရာကမှ အမှန်။ ကြွက်တွေက အစုလိုက် အပြုံလိုက် နေတတ်ကြတယ်လို့ ဆိုကြတယ် မဟုတ်လား။ သူပုန်တွေကလည်း အဲဒီလို အပြုံလိုက် နေတတ်ကြတာပဲ။ သူက စဉ်းစားကြည့်တယ်။ မြွေပွေးရဲ့ မိသားစုဝင်တွေကလည်း မြေအောက်သူပုန်တွေပဲ ဖြစ်ရမယ်လို့ ဟိဟာရက သံသယဝင်နေတာ ဖြစ်ရမယ်။ ဒါကြောင့်လည်း သူတို့ကို ထမင်းစား ဖိတ်ချင်နေတာပေါ့။ အပြင်ပန်းအရတော့ သူတို့ကို အားပေးနှစ်သိမ့်တဲ့ သဘော။ တကယ်တမ်းကျတော့ သူတို့ဆီ လံကြုပ်သတင်းတွေ ဖြန့်ပေးဖို့ ကြံစည်ထားတာ။

ဟိဟာရက ပြောတယ်။

"အေး ... တကယ်လို့သာ မြွေပွေးရဲ့ မိသားစုဝင်တွေကလဲ မြေအောက် သူပုန်တွေ ဆိုရင်တော့ သူတို့က လိပ်ကြီးနဲ့အတူ တစ်ချိန်တည်း တစ်ပြိုင်တည်းမှာ

mgyoe.com

mgyue.com SAMPLE BOOK

သူတို့ရဲ့ အဖွဲ့ကို အကြောင်းကြားကြမှာပဲ။ မြွေပွေးက အပြင်မှာ တာဝန်ကျနေတယ် ဆိုတဲ့ လုပ်ကြံသတင်းက သူတို့ဆီ ရောက်သွားမှာ သေချာတယ်။ အဲဒီလို ဆိုရင်တော့ နှစ်ထပ်ကွမ်း စိတ်ချရသွားတာပေါ့။ ဖိုးစိရယ်၊ ကျားကြီးရယ်က ဘယ်လောက်ပဲ သံသယကြီးတယ်ပဲ ဆိုစေဦး။ ဒီသတင်းကို မယုံဘဲ နေမှာတော့ မဟုတ်ဘူး"

ပိုင်လိုက်လေ။

ဦးဟန်ထွန်းက ပါးစပ်ဖျားလေးနဲ့ ပြောလိုက်တာ မဟုတ်ဘူး။ စိတ်ထဲကနေပါ အဲဒီလို ပြောနေမိတာ။

နောက်တော့ ဟိဟာရက သူ့ရဲ့ အစီအစဉ်ကို အနည်းအကျဉ်း ပြင်ဆင်မှု လုပ်လိုက်တယ်။ ပိုပိုပြီး အချက်ပိုင်သွားတော့တာပေါ့။ ညစာစားပြီးတဲ့ နောက်မှာ သူက ရောက်လာကြတဲ့ မိသားစုဝင်တွေ အားလုံးကို စားသောက်ဆိုင်ကနေ နေလစံအိမ်ကို ခေါ်လာခဲ့တယ်။ ကားက ခြံထဲ တစ်ပတ်ပတ်ပြီး အနောက်ခြံဘက်ကို ဝင်သွားလိုက်တယ်။ ကားကို အရှေ့တိုက်ရှေ့မှာ ရပ်လိုက်တော့ ကားပေါ်က မိသားစုဝင်တွေက သူတို့ကိုယ်တိုင် မျက်မြင်ဒိဋ္ဌ တွေ့သွားကြတယ်။ သူတို့ တွေ့ချင်တဲ့သူကို သူတို့မျက်စိနဲ့ တပ်အပ်မြင်ခွင့် ရသွားကြတယ်။ မျက်နှာချင်းဆိုင်က အဆောက်အအုံထဲမှာ (မီးရောင်ထိန်လင်းနေတဲ့ အစည်းအဝေးခန်းမထဲမှာ) စားပွဲရှေ့မှာ တစ်ခုခုကို စိတ်ဝင်စားဟန်နဲ့ မလှုပ်မယှက် ထိုင်လို့၊ အင်မတန်မှ အရေးကြီးတဲ့ အရေးပါတဲ့ အစည်းအဝေး တစ်ခုကို ပြုလုပ်နေကြတဲ့ အလားပဲ။

မျက်မြင်ကိုယ်တွေ့ ဆိုတော့ကာ မယုံချင်လို့လည်း မရတော့ဘူး။ အကုန် ယုံသွားကြတယ်။ ပြီးတော့ ဘဝင်တောင် လေဟပ်သွားကြလေရဲ့။ ကိုယ့် ဆွေမျိုးသားချင်း တစ်ယောက်က ရတနာတစ်ပါးလို စစ်တပ်အခြံအရံနဲ့ လုံလုံခြုံခြုံ ကာကွယ်စောင့်ရှောက်ပေး ခံထားရပြီးတော့ ဒီလောက် လုံခြုံတဲ့နေရာမှာ လျှို့ဝှက်အစည်းအဝေးတစ်ခု လာတက်နေရတာ မဟုတ်လား။ မြင်တော့ မြင်နေရတာပဲ။ အနီးကပ်သွားခွင့် မရှိဘူး။ စကားပြောခွင့် မရှိဘူး။ အဝေးကနေ တိတ်တဆိတ် ရှုစားနေခွင့်ပဲ ရတယ်။ ကြည့်နေရင်းနဲ့ ပီတိတွေ ဖြာလို့၊ ဘဝင် လေဟပ်လို့။

မှန်းထားသလောက် အဆင်ပြေမသွားတာ တစ်ခုပဲ ရှိတယ်။ မြသန္တာက အိမ်ထောင်မကျသေးတော့ သူ့ကိုယ်ပိုင် မိသားစုရယ်လို့ မရှိသေးဘူး။ ပြီးတော့

mgyue.com

mgyoe.com SAMPLE BOOK

သောက်ကြိုးသောက်ကျယ်နိုင်တဲ့ သူ့အဖေ သူဌေးမင်းက ဗိုလ်မှူးရဲ့ ဖိတ်ကြား ချက်လောက်ကိုတော့ အဖက်လုပ်တတ်တာ မဟုတ်ဘူး။ ဒီတော့ ကိုယ်တိုင် မလာဘဲ သူ့အိမ်က အိမ်စေတစ်ယောက်ကိုပဲ လွှတ်လိုက်တယ်။ ပြောရရင် အဲဒီ အိမ်စေက မြသန္တာကို ငယ်ငယ်ကတည်းက အချိုအချော့ လုပ်လာတဲ့သူ ဆိုတော့ အမြင်မတော် ဆင်တော်နဲ့ခလောက် ဆိုသလို ဒီပွဲမှာ နည်းနည်းတော့ ကိုးရိုး ကားရား နိုင်နေတာပေါ့။ တကယ်လို့သာ သူ့ကို တခြားမိသားစုတွေ အကြားမှာ ထည့်ထားလိုက်ရင် သူလည်း နေတတ်မှာ မဟုတ်သလို တခြားသူတွေအတွက် လည်း စိတ်ကသိကအောက် ဖြစ်သွားနိုင်စရာ ရှိတယ်။ ဒါကြောင့် သူ ရောက်လာ တော့ သူ့ကို မိသားစုထမင်းဝိုင်းထဲ အဝင်မခံတော့ဘဲ သီးခြားဧည့်ခံပြီး အခြေအနေ ပြောပြ၊ လက်ဆောင်ပေးပြီး ပြန်လွှတ်လိုက်တော့တယ်။ ကိစ္စတွေအားလုံး ပြီးပြတ် သွားတော့ ဟိဟ်ာရက တွေးကြည့်တယ်။ သိပ်တော့လည်း ပြဿနာ မရှိပါဘူး ပေါ့။ နို့ထိန်းဘွားတော်ကြီးက အိမ်ပြန်ရောက်သွားရင် သူ့သခင်ကို အကျိုး အကြောင်း ပြောပြလိမ့်မယ်။ သူတို့ အိမ်ဖော်အချင်းချင်း သတင်းဖြန့်ကြမှာ သေချာတယ်လေ။ လိုချင်တာ ဒါပဲ မဟုတ်လား။ သတင်းက များများပြန့်လေ ကောင်းလေပဲ။ မြသန္တာရဲ့ ပတ်ဝန်းကျင်မှာ ရှိတဲ့ လူတွေအနေနဲ့ အမှန်အတိုင်း သိမသွားဖို့ လိုတယ်။ ကြံစည်ထားတဲ့အတိုင်း သူတို့ရဲ့ မြေအောက်အဖွဲ့ဝင်တွေ အလှိမ့်ခံရဖို့ပဲ လိုတာ မဟုတ်လား။

အဲဒီလို တွေးကြည့်တော့ မြသန္တာကပဲ မြွေပွေး ဖြစ်နေသလိုလို၊ သူ့ ဆွေမျိုးသားချင်းတွေကပဲ မြေအောက်သူပုန်တွေ ဖြစ်နေသလိုလိုနဲ့။

လက်ရှိ ရထားတဲ့ သတင်းအချက်အလက်တွေအရ ဆိုရင် တကယ်လို့ သာ ဒီလူအုပ်ထဲက တစ်ယောက်ယောက်ကို သံသယစာရင်းထဲကနေ ဖယ်ထုတ် ပစ်ရမယ် ဆိုပါတော့။ ဟိဟ်ာရက မြသန္တာကို ဖယ်ထုတ်ပစ်လိုက်မှာပဲ။ အကြောင်း ပြချက်က သူ့အိမ်က လွှတ်လိုက်တဲ့ လူက အတော်ကို ကိုးရိုးကားရား နိုင်လွန်းနေ လို့ပဲ။ မြသန္တာရဲ့ အဖေက ညစာစားပွဲ တက်ဖို့ နို့ထိန်းတစ်ယောက်ကို လွှတ်လိုက် တယ် ဆိုတဲ့ အချက်ပေါ် မူတည်ပြီး ဒီမိသားစုက အတော်ကို မာနကြီးတယ်၊ ပြီး တော့ ရိုးသားတယ်လို့ ဟိဟ်ာရ ကောက်ချက်ချလိုက်ချင်တယ်။ စဉ်းစားကြည့် လေ။ တကယ်လို့သာ မြသန္တာက မြွေပွေး ဆိုရင်၊ သူ့မိသားစုဝင်တွေထဲမှာ အပေါင်းပါ တွေ ရှိနေခဲ့မယ် ဆိုရင် အခုလို နို့ထိန်းတစ်ယောက်ကို လွှတ်လိုက်မှာ မဟုတ်ဘူး။

mgyoe.com

mgyb e.com SAMPLE BOOK

ဒါပေမဲ့ သူ့မိသားစုက မြေအောက်အဖွဲ့ဝင် မဟုတ်တာနဲ့ပဲ မြသန္တာကို သူလျှို မဟုတ်ပါဘူး လို့တော့ ယတိပြတ် ပြောလို့ မရသေးဘူး။ ဘယ်သူက မြွေပွေးလဲ ဆိုတာကို အခုချိန် မှန်းဆကြည့်နေဖို့ မသင့်သေးဘူး။ ဟိဟာရက တွေးတယ်။ အခုမှ ခွန်းထောက်ဆိုနေတုန်းပဲ ရှိသေးတယ်လေ။ ဇာတ်က က,ရသေးတာ မဟုတ်သေးဘူး။ ဇာတ်ကပြီ ဆိုတော့မှ ဘယ်သူက ရာမ လဲ၊ ဘယ်သူက ဒသဂီရိ လဲ ဆိုတာ အလိုလို ရှင်းလင်းသွားနိုင်တာပဲဥစ္စာ။

ညက ပြဇာတ်ကလည်း အတော်ကို ပီပြင်တယ် ပြောရမယ်။ ဗိုလ်မှူးကလည်း သရုပ်ဆောင်သွားလိုက်တာ အပေါက်အကြားကို မရှိဘူး။ အကယ်ဒမီ ရှော့ပဲ။ ဟိဟာရကလည်း ရုတ်တရက် အကြံတစ်ခု ပေါ်လာတာနဲ့ အဲဒီလူအုပ်ကြီးကို နေလစံအိမ်ထဲ ခေါ်သွားလိုက်တော့ မျက်စိနဲ့ တပ်အပ် မြင်သွားကြရော။ ထပ်ပြီး အားဖြည့်ပေးတဲ့သူက ဦးဟန်ထွန်းပဲ။ သူ ညနေက အဲဒီ လံကြုပ်သတင်းကို လိပ်ကြီးဆီ မလိမ့်တပတ်နဲ့ အရောက် ပို့ထားပြီးပြီ။ ပြီးတော့ ဟိုညဥ့်နက် မလေး ကိစ္စကိုလည်း အလစ်အဟာ မရှိအောင် လုပ်ထားဖို့ မှာထားလိုက်သေးတယ်။ ဟိဟာရရဲ့ စိတ်ထဲမှာ ဗုံသံ၊ ဆိုင်းသံတွေ ကြားလာရလို့ ကိုယ့်တိုင် တက်ပြီး ဇာတ်ကနေသလားလို့တောင် အောက်မေ့လာမိတယ်။

(ဃ)

မနက် အိပ်ရာနိုးလာတော့ ဦးဟန်ထွန်းက အသံဖမ်းခန်းထဲကို တန်းဝင်သွားပြီး မနေ့ညက ဟိုလူတစ်စုရဲ့ စကားပြောမှတ်တမ်းကို ဖတ်ရင်း ဟိဟာရရဲ့ အရိပ်အခြည်ကို စောင့်ကြည့်နေတယ်။ မှတ်တမ်းက တစ်မျက်နှာတောင် မပြည့်ချင်ဘူး။ ဆိုလိုတာက သူတို့တစ်တွေ စကားမပြောဖြစ်ကြဘူးပေါ့။ ဒါပေမဲ့ အခြေအနေနှစ်ရပ် ဖြစ်ပေါ်လာတယ်။

၁။ ပွဲပြီးသွားတော့ (သူတို့မိသားစုကို ဖော်ရွှီးလုပ်ပြတဲ့ ပွဲ) ဗိုလ်ကြီးအောင်သူက မြသန္တာကို သူ့အခန်းထဲ သီးသန့်ခေါ်သွားပြီး မြသန္တာကို အသေအချာ ပြန်စဉ်းစားပေးဖို့ တောင်းဆိုခဲ့တယ်။ သူ့စကားက ဘာအဓိပ္ပာယ်လဲ ဆိုတော့ ချိုမာရဲ့ ရုံးခန်းထဲကို သူ တကယ် မဝင်ခဲ့ပါဘူး ဆိုတဲ့အကြောင်း သူ့အစားသက်သေခံပေးဖို့ မြသန္တာကို အကူအညီ တောင်းနေတာပဲ။ ဒါပေမဲ့ သူ မျှော်မှန်းထားသလို ဖြစ်မလာခဲ့ဘူး။ မှတ်တမ်းအရဆိုရင် မြသန္တာက စကားတစ်ခွန်းပဲ

mgyb e.com

mgyoe.com SAMPLE BOOK

ပြန်ပြောလိုက်တယ်။ "ဗိုလ်ကြီး၊ ကျွန်မကို ယုံပါ။ အထက်လူကြီးတွေကို ကျွန်မ အမှန်အတိုင်းပဲ တင်ပြပါ့မယ်။ တစ်လုံးတစ်ပါဒမှ လုပ်ကြံလိုဆယ်ထားတာ မပါစေရဘူး။ အရှိကို အရှိအတိုင်း တင်ပြပေးပါ့မယ်"

၂။ တစ်ခဏကြာတော့ (မှတ်တမ်းထဲမှာတော့ တစ်မိနစ်နဲ့ ၄၁ စက္ကန့် အကြာလို့ အတိအကျ ဖော်ပြထားတယ်) မြသန္တာက သူ့အခန်းထဲ ပြန်ရောက်လာတယ်။ စောစောက ဗိုလ်ကြီးအောင်သူ ခေါ်တွေ့ရတဲ့ အကြောင်းအရင်းကို ချိုမာ့ကို အမှန်အတိုင်း ပြောပြလိုက်တယ်။ ချိုမာရဲ့ မျက်နှာအမူအရာက ဘယ်လိုများ ဖြစ်သွားမှာပါလိမ့်လို့ ဦးဟန်ထွန်း အရမ်း သိချင်သွားတယ်။ ဒါပေမဲ့ မှတ်တမ်းထဲမှာ ချိုမာရဲ့ ပြောစကားတွေ တစ်ခွန်းတစ်ပါဒမှ ပါမလာဘူး။ အောက်မှာ မှတ်ချက်တစ်ကြောင်းပဲ ရေးထားတယ်။ ချိုမာ ဘာမှ ပြန်မပြောပါတဲ့။ တာဝန်ကျ ရဲဘော်က ရှင်းပြတယ်။ အဲဒီတုန်းက ချိုမာက တကယ့်ကို ဘာမှ ပြန်မပြောခဲ့ဘူး။ အင်း အင်း... ဆိုပြီး တစ်ခွန်း နှစ်ခွန်း ပြောပြီး စကားစကို ဖြတ်ချလိုက်တယ်။ ကျေးဇူးတင်စကားတောင် ပြောဖော်မရဘူး။

ဒီမှာ ထူးခြားနေတဲ့ အချက်တချို့ ရှိတယ်။ (၁) က မြသန္တာဟာ ဘာဖြစ်လို့ ချိုမာ့အပေါ် ဒီလောက်တောင် ကောင်းနေရတာလဲ။ ချိုမာ့အတွက်နဲ့ သူ့ထက် ရာထူးအများကြီး ကြီးတဲ့ ဗိုလ်ကြီးအောင်သူကို အာခံဝံ့နေတယ်။ (၂) က မြသန္တာက ချိုမာ့အပေါ် ကောင်းပြနေတာကို သိသာထင်ရှားနေပါလျက်နဲ့ ချိုမာက ဘာဖြစ်လို့ ကျေးဇူးတင်စကားကိုတောင် မပြောနိုင်ရတာလဲ။ သူတို့နှစ်ယောက်က သိပ်ပြီးတော့ကို ရင်းနှီးခင်မင်နေကြသလိုပဲ ခံစားရစေတယ်။ ကျေးဇူးတင်စကားတောင် တကူးတက ပြောနေစရာ မလိုတဲ့ အဆင့်မျိုးပေါ့။ သွေးသောက်တွေလောက် ခင်မင်နေကြတာမျိုး ဖြစ်မလား။ ဒါပေမဲ့ မြသန္တာရဲ့ အေးတိအေးစက် အမူအရာ၊ ဂျစ်ကန်ကန် ရွတ်တွတ်တွတ် အပြုအမူနဲ့ မာနတစ်ခွဲသား သူ့ပုံပန်းသဏ္ဌာန်ကို ပြန်မြင်ယောင်လာမိတော့ ဦးဟန်ထွန်းအနေနဲ့ အလောတကြီး မဆုံးဖြတ်မိဖို့ ကိုယ့်ကိုယ်ကိုယ် ဘရိတ်ပြန်အုပ်လိုက်ရတယ်။ သူတို့ အားလုံးက တိုက်တစ်တိုက်ထဲမှာ အလုပ်လုပ်နေကြရတာ ဆိုတော့ တစ်ယောက်နဲ့ တစ်ယောက်က ထင်းခွေမကြဲရင် ရေခပ်တော့ ကြုံနေကြရတာပဲ။ ဒီတော့ ဦးဟန်ထွန်းက သူတို့ရဲ့ အကျင့်စရိုက်တွေကို အကြမ်းအားဖြင့်တော့ နားလည် သဘောပေါက် ထားပြီးသားပါ။ အထူးသဖြင့်တော့ မြသန္တာပေါ့။

mgyoe.com

mgyi.com SAMPLE BOOK

သူတို့နှစ်ယောက် ဟိုးအရင်က ကတောက်ကဆတ်လေးတွေ တစ်ကြိမ်မက ဖြစ်ထားခဲ့ဖူးလေတော့ မြသန္တာရဲ့ နာမည်ကျော်တဲ့ သူဌေးသမီးစရိုက်ကို သူကောင်းကောင်းကြီး ကြုံကြိုက်ခဲ့ဖူးပြီးသား ဖြစ်နေတယ်။ တစ်ခေါက်ကပေါ့။ တစ်နှစ်လောက်တော့ ရှိသွားပါပြီ။ ပြောရရင် အတော်တော့ ရယ်စရာကောင်းသား။ တစ်နေ့မှာ သူနဲ့ မြသန္တာတ ကားတစ်စီးထဲ အတူစီးပြီး အပြင်ထွက် အလုပ်လုပ်ကြရတယ်။ မြသန္တာက ရုံးအတွက် လိုအပ်တဲ့ စာရေးကိရိယာတွေကို ဝယ်ရတာပေါ့။ သူက ကူပြီး ကားပေါ် တင်ပေးလိုက်တယ်။ ဘာရယ် မဟုတ်ပါဘူး။ လယ်ဂျာစာအုပ် တစ်အုပ်တည်းပါပဲ။ ဘာများ ကြီးကျယ်တာလိုက်လို့။ နှစ်ယောက်သားအတူတူ အလုပ်ထွက်လုပ်ရတာ ဆိုတော့ တစ်ယောက်ကို တစ်ယောက် ကူညီရိုင်းပင်းကြတာ သဘာဝပဲ မဟုတ်လား။ ဘာမှ အပန်းကြီးတာမှ မဟုတ်ဘဲ။ သိပ်လည်း ရေးကြီးခွင်ကျယ် လုပ်နေစရာမှ မလိုဘဲ ဥစ္စာ။ ဒါပေမဲ့ မြသန္တာကတော့ အဲဒီလို ယူဆပုံ မရဘူး။ သူပစ္စည်းကို လက်နဲ့တောင် အထိမခံချင်တော့ ဦးဟန်ထွန်းခမျာ စေတနာက ဝေဒနာဖြစ်သွားရတာပေါ့။

အဲဒီလို သူမျိုးနဲ့ဆိုရင် လက်ရှိရထားတဲ့ အချက်အလက်တွေလောက်နဲ့တော့ ဘာကိုမှ ကောက်ချက်ချလို့ မရနိုင်သေးဘူးလို့ ဦးဟန်ထွန်းက ယူဆမိတယ်။ သူတို့နှစ်ယောက်အကြားမှာ ရှိခဲ့ဖူးတဲ့ ကတောက်ကဆတ် ဖြစ်ရပ်အပေါ် အခြေခံပြီး သူတို့ အရင်က ရန်ငြိုးရှိခဲ့ကြဖူးမှာပဲလို့ ကောက်ချက်ဆွဲလို့ မရသလို မျိုးပေါ့။ တကယ်လည်း သူတို့နှစ်ယောက်က ဘာရန်ငြိုးမှ၊ ဘာပဋိပက္ခမှ ရှိခဲ့ဖူးကြတာ မဟုတ်ဘူး။ ကောင်းတာလည်း မဟုတ်သလို ဆိုးတာလည်း မဟုတ်ဘူး။ ရင်းနှီးတာလည်း မဟုတ်သလို ရန်လိုတာလည်း မဟုတ်ဘူး။ အနေနီးတာလည်း မဟုတ်သလို အနေဝေးတာလည်း မဟုတ်ဘူး။ စိမ်းတာလည်း မဟုတ်သလို ကျက်တာလည်း မဟုတ်ဘူး။ ပုံမှန် လုပ်ဖော်ကိုင်ဖက် ဆက်ဆံရေးမျိုးပါပဲ။ ဓမ္မဓိဋ္ဌာန်ကျကျ ပြောရရင် ကတောက်ကဆတ် မဖြစ်ခင်တုန်းက ဦးဟန်ထွန်းဟာ မြသန္တာအပေါ်မှာ အကောင်းမြင်ခဲ့ဖူးတယ်။ အနည်းဆုံးတော့ အဆိုးမြင်တဲ့ စိတ်ထက် အကောင်းမြင်တာ ပိုလွန်တယ်လို့ ဆိုရမှာပဲ။ နောက်တော့မှ ဦးဟန်ထွန်းက မြသန္တာအပေါ် တဖြည်းဖြည်း အမြင်ပြောင်းလာတယ်။ မြသန္တာရဲ့ ကွယ်ရာမှာ သူ့ကို အသားလွတ် ဂိုက်ပေးနေတာလို့တောင် မကြာခဏ ပြောဖြစ်သေးတယ်။ အဲဒီလို ပြောလိုက်တာ ဆိုပေမဲ့ အဲဒီအချက်ပေါ် မူတည်ပြီး တစ်ခုခုကို ယတိပြတ်

mgyi.com

mgyoe.com SAMPLE BOOK

ဆုံးဖြတ်ရမယ် ဆိုရင်တော့ အဲဒီလို လက်လွတ်စပယ် ပြောရဲမှာ မဟုတ်တော့ဘူး။ အခုချိန် ပြောရဲတာတော့ တစ်ခုပဲ ရှိတယ်။ ဘာလဲဆိုတော့ မြသန္တာက ချိုမာ့ကို မျက်နှာလိုက်နေတယ်၊ စေတနာပိုနေတယ် ဆိုတဲ့ အချက်ပဲ။

ဦးဟန်ထွန်းက အဲဒီအချက်ကို ဟိဟာရဆီ သတင်းပို့ဖို့ ဆုံးဖြတ်လိုက်တယ်။ ကျန်တာ သူ့ဘာသာသူပဲ ဆုံးဖြတ်ပါလေစေပေါ့။

ဟိဟာရက စကားတောင် ဆုံးအောင် အပြောမခံဘဲ လက်ပြပြီး ရပ်ခိုင်းလိုက်တယ်။ သူ စိတ်မဝင်စားဘူး။ ဟိဟာရက ပြောတယ်။

"ခင်ဗျား ကျုပ် ပြောတာကိုသာ နားထောင်စမ်းပါဗျာ။ ကျုပ်ပြောတဲ့ အတိုင်းသာ လုပ်ပါ"

သူက အချက်သုံးချက် ပြောတယ်။ (၁) ဦးဟန်ထွန်းကို ဟိုဘက်တိုက် ချက်ချင်းသွားခိုင်းတယ်။ သူတို့ကို ခေါ်ပြီး နံနက်စာ သွားစားပါ။ (၂) သူတို့ကို ပြောလိုက်ပါ။ သူ – ဟိဟာရက မြို့ထဲကို မနေ့ညက ထွက်သွားခဲ့တယ်။ အခုထိ ပြန်မရောက်သေးဘူး။ ဘယ်အချိန် ပြန်ရောက်မလဲ ဆိုတာလည်း မသိဘူး။ (၃) အပါးတော်မြဲ မိုလ်လေးကို အကြောင်းကြားပါ။ နံနက်စာ စားပြီးတာနဲ့ သူတို့ အားလုံးကို အစည်းအဝေးခန်းထဲမှာ ခေါ်တွေ့ပြီး စကားပြောခိုင်းပါ။ တစ်ယောက်ချင်းစီ ပြောကြ။

ဘာပြောရမှာလဲ။

မြွေပွေး အကြောင်းပေါ့။ ဘယ်သူက မြွေပွေးလဲ ဆိုတာပေါ့။

ဟိဟာရက ပြောတယ်။

"အပြစ် ဝန်ခံတာပဲဖြစ်ဖြစ်၊ အပြန်အလှန် စွဲချက်တင်တာပဲ ဖြစ်ဖြစ်၊ မြွေပွေးတစ်ကောင် ပြူထွက်လာအောင်တော့ လူတိုင်း မဖြစ်မနေ ဖော်ထုတ်ပေးရမယ်"

ဒါက တောင်းဆိုချက်ပဲ။ အမိန့်လို့ ခေါ်ချင်လဲ ခေါ်လို့ ရတယ်။ ငြင်းဆန်ပိုင်ခွင့် လုံးဝ မရှိဘူး။ သူက ဆက်ပြောတယ်။

"ကြိုက်သလို ပြောကွာ။ မှားသွားလဲ ဘယ်သူ့ကိုမှ ဗွေမယူဘူး။ မှတ်တမ်းထဲမှာ ထည့်မမှတ်ဘူး။ ဘယ်သူ့ကိုမှလဲ ထပ်ဆင့် ဖောက်သည်ချမှာ မဟုတ်ဘူး။ နောင်တစ်ချိန်မှာ လက်တုံ့ပြန်ခွင့်လဲ လုံးဝ မရှိဘူး။ ဒါပေမဲ့ ဘယ်လို အကြောင်းပြချက်၊ ဘယ်လိုနည်းလမ်းနဲ့မှ မပြောဘဲ နေလို့ မရဘူး"

mgyoe.com

mgyoe.com SAMPLE BOOK

အနှစ်ချုပ်ရရင် အဓိကအချက်က ဘာပြောရမလဲ ဆိုတာ မဟုတ်ဘူး။ ဘာဖြစ်ဖြစ် ပြောကို ပြောရမယ်။ ကိုယ့်စိတ်နဲ့ကိုယ် လူတိုင်း ပါးစပ်ဟပြီး ပြောနေရမယ်။ တစ်ယောက်ယောက်ကို စွပ်စွဲနေရမယ်။

သိသာပါတယ်။ ဟိဟာရက ဗိုလ်လေးထွန်းမြင့်ကို စင်ပေါ် တွန်းတင်ပေးလိုက်ပြီးတော့ သူက စင်နောက်ကနေ တိတ်တဆိတ် အကဲခတ်နေမယ်ပေါ့။ သွေးအေးအေးနဲ့ ရှုစားနေမယ်ပေါ့။

❑

mgyoe.com

mgyoe.com SAMPLE BOOK

အခန်း (၄)

(က)

မြွေပွေးခမျာ မနေ့ညက တစ်ညလုံး အိပ်မပျော်ခဲ့ဘူး။ တစ်နေ့လုံး စိတ်တွေလှုပ်ရှားနေတာနဲ့ပဲ ညရောက်တော့ အိပ်ချင်စိတ်က လုံးလုံးကို ရှိမနေတော့တာ။ သတင်းပလင်းတွေကို သူ တစ်ညလုံး နားထောင်နေခဲ့တယ်။ ငန်းကြီးရဲ့ မျက်ဝန်းတစ်စုံက ကားရှေ့ဘတ်သီး နှစ်လုံးလို သူ့မျက်စိထဲမှာ လင်းလက်ဝင်းပနေတယ်။ သူ့မျက်လုံးတွေကို မူးဝေမှုန်ဝါးသွားစေတဲ့ အထိပဲ။ သူ့ဝိညာဉ်ကို အရည်ပျော်သွားစေတဲ့ အထိပဲ။ သူ့ခန္ဓာကိုယ်က မြူခိုးငွေ့လို လေတိုက်တာနဲ့ လွင့်ပါးပျောက်ကွယ်သွားတော့မယ့် အလားပဲ။

ငန်းကြီးဆိုတာက ဆေးလိပ်ဝယ်တဲ့ ညဉ့်ဌက်မလေးကို ပြောတာ။ ဦးဟန်ထွန်းက သူ့ကို အစည်းအဝေးခန်းမထဲ ခေါ်ချလာတော့ ပြဿနာရဲ့ ဇာစ်မြစ်ကို မြွေပွေးက ချက်ချင်း သဘောပေါက်သွားတယ်။ ငန်းကြီးကို အစည်းအဝေးခန်းမထဲ ခေါ်ထုတ်လာတယ် ဆိုတာကလည်း မြွေပွေးကို လက်ညှိုးညွှန်ပြခိုင်းဖို့ပဲ ဖြစ်မှာပေါ့။ ငန်းကြီးက သူ့ကို ဖော်ကောင်လုပ်သွားမှာပဲ လို့တော့ သူ မစိုးရိမ်ပါဘူး။ သူ့ကို မှတ်မိတယ် ဆိုရင်တောင် ငန်းကြီးက အဲဒီလို သစ္စာဖောက်တတ်တဲ့ လူစားမျိုး မဟုတ်ဘူးလို့ သူ ယုံကြည်တယ်။

သူ့ဘော်ဒါတွေက ငန်းကြီးအကြောင်း မကြာမကြာ ချီးကျူးနေကြတာ။

mgyoe.com

mgyoe.com SAMPLE BOOK

တော်လှန်ရေးအတွက်၊ ဖက်ဆစ်ဂျပန်တွေကို တိုက်ထုတ်ဖို့အတွက်ဆိုရင် အသက်အိုးအိမ် စည်းစိမ် ဆိုတာတွေက သူ့အတွက် အပယိကတွေ။ ဒါတွေကို ပမာန ထားတတ်တာ မဟုတ်ဘူး။ မိန်းမသားတစ်ယောက်အတွက် အရေးကြီးဆုံး ဖြစ်တဲ့ ဂုဏ်သိက္ခာကိုတောင် တော်လှန်ရေးအတွက် စတေးခံရဲတဲ့ မိန်းမစားမျိုးပါ။ ဆိုတော့ လွတ်လပ်ရေးသည်သာ အဓိက၊ တော်လှန်ရေးသည်သာ ပမာန ဆိုတဲ့ စိတ်ဓာတ်မျိုးပေါ့။

အဲဒါ ပြဿနာ မဟုတ်ဘူး။ သူ ငန်းကြီးကို ယုံတယ်။ ပြဿနာက သူ ဘယ်လိုနည်းလမ်းနဲ့ အပြင်ထွက်နိုင်အောင် လုပ်ရမလဲ။ အပြင်ကို သတင်းပို့ပေးရဦးမယ် မဟုတ်လား။ အဲဒီမေးခွန်းက ငန်းကြီးရဲ့ မျက်ဝန်းတစ်စုံလိုပဲ သူ့မျက်စိအရှေ့မှာ တွဲလဲခိုနေတယ်။ ဘယ်လိုမှ ခါထုတ်ပစ်လို့ မရနိုင်ခဲ့ဘူး။ မျက်စိမှိတ်ထားရင်တောင် မျက်ခွံနောက်ကွယ်မှာ တွေ့မြင်နေရသေးတယ်။ သူ အဲဒီလိုနည်းနဲ့ တစ်ညတာကို ဖြတ်ကျော်လာခဲ့ရတာ။ အရုဏ်ဦးရဲ့ လင်းရောင်ခြည် တစ်စက မှန်ပြတင်းပေါက်ကို လာတောက်တဲ့အချိန်မှာ သူ မချိတရို ပြုံးလိုက်မိတယ်။

နောက်ထပ် အခွန့်ရှည်ကြာတဲ့ နေ့တစ်နေ့ကို ဖြတ်သန်းရဦးမှာပါလား။

(ခ)

ဗိုလ်ကြီးအောင်သူက ပထမဆုံး အခေါ်ခံရတဲ့ လူပဲ။ တစ်နေရာရာကနေ ခိုးနားထောင်နေလိမ့်မယ်လို့ သူခမျာ မသိရှာခဲ့ဘူး (ဗိုလ်လေးထွန်းမြင့်လည်း သိတာ မဟုတ်ဘူး)။ ဒီတော့ ရောက်တာနဲ့ အရင်ဆုံး ပတ်ဆဲနေတော့တာပေါ့။ ဟိုးအောက်ဆုံးကနေ ဆဲသွားလိုက်တာ သူ့အထက်အရာရှိတောင် အလွတ်မပေးဘူး။ ချိုမှာကိုတော့ ထိပ်ဆုံးကပေါ့။ ကွန်မြူနစ်တွေကိုရော၊ မြေအောက်သူပုန်တွေကိုရော၊ ပြီးတော့ ဗိုလ်မှူးမောင်ကို ကိုရောပဲ။ ဗိုလ်မှူးကို ထည့်ဆဲရတဲ့ အကြောင်းအရင်းက သူ့ကို မယုံကြည်ဘဲ ဘေးလူစကားကို ယုံလွယ်နေလို့တဲ့။ အင်မတန်မှ စိတ်တိုနေတာ ဆိုတော့ ဘယ်သူဘယ်ဝါရယ်လို့ ဂရုစိုက်မနေဘဲ သာတူညီမျှ ပတ်ဆဲပစ်လိုက်တာ အကုန်ကုန်ရော။ ဒါက သဘာဝကျပါတယ်။ ခက်တာက သူ ဟန်ဆောင်နေတာလား၊ ဘာလား ဆိုတာကိုတော့ ဘယ်သူမှ အတပ် ပြောနိုင်မှာ မဟုတ်ဘူး။ ကံကောင်းတဲ့အချက်ကတော့ ဗိုလ်မှူး ရှိမနေခြင်းပဲ။ သူ မကြားနိုင်တော့ဘူးပေါ့လေ။

mgyoe.com

mgyoe.com SAMPLE BOOK

ဟိဟာရနဲ့ ဦးဟန်ထွန်းကတော့ ရှင်းရှင်းပြတ်ပြတ်ကြီးကို ကြားနေရတယ်။ ရာသီဥတုက သာယာပြီး နေလုံးကြီးက အနှောင့်အယှက် ကင်းနေတယ်။ မိုးမရွာဘူး။ လေမတိုက်ဘူး။ ဓာတ်ကြိုးပေါ်မှာ ဘာအထစ်အငေါ့မှ မရှိလေတော့ ဂျစ်ဂျစ်ဂျိုက် ဆိုတဲ့ ဆူညံသံတောင် လုံးဝ မကြားရဘူး။ စကားလုံး တစ်လုံးချင်း စီက အလုံးလိုက် အလုံးလိုက် သူတို့ဆီ ရောက်ရှိလာကြတယ်။ တကယ့်ကို ပြစ်မှုိးမဲ့ မထင်ပါပဲ။ ကောက်ကျစ်ယုတ်မာတဲ့ လူ့ဘီလူးနှစ်ကောင်က မီတာ တစ်ရာအကွာမှာ ရှိနေကြတယ် ဆိုပေမဲ့ အနားနားထိုင်ပြီး နားထောင်နေကြ ရသလို၊ မျက်နှာချင်းဆိုင်ပြီး နားထောင်နေကြရသလို အသံတွေ အားလုံးကို နှာမှုတ်သံကအစ ကြားနေရတယ်။

ဗိုလ်လေးထွန်းမြင့်က အခါခါ အထပ်ထပ် ချော့မော့ ပြောဆိုတော့မှ ဗိုလ်ကြီးအောင်သူလည်း တဖြည်းဖြည်းနဲ့ စိတ်တည်ငြိမ်လာတယ်။ အဲဒီအခါ ကျမှ မနေ့ညနေတုန်းက ချိုမာနဲ့အတူ မြသန္တာရဲ့ အခန်းထဲကနေ ဘယ်ပုံ ဘယ်နည်း ထွက်ခွာလာခဲ့ကြတယ် ဆိုတာကို အသေးစိတ် ရှင်းပြလာနိုင်တယ်။ ပြီးတော့ သူတို့နှစ်ယောက် လျှောက်လမ်းပေါ်မှာ အာလာပသလ္လာပ ပြောဖြစ်ခဲ့ ကြတဲ့ အကြောင်းနဲ့ ပြောပြီး လမ်းခွဲခဲ့ကြလို့ ချိုမာ့ရဲ့ ရုံးခန်းဘက်ကို မရောက် ဖြစ်ခဲ့တဲ့အကြောင်း ဆက်ပြောတယ်။ နောက်ဆုံး သူက လေးပင်တဲ့ လေသံနဲ့ ဗိုလ်လေးကို ပြောတယ်။

"ခင်ဗျားပဲ စဉ်းစားကြည့်ဗျာ။ ကျုပ်က သူ့ရုံးခန်းထဲကိုတောင် ခြေချခဲ့ တာ မဟုတ်ဘူးလေ။ ဘယ်ကလာပြီး ကြေးနန်းဝှက်စာအကြောင်း သိရမှာလဲ။ အဲဒါ အကုန်လုံး လိမ်ပြောနေတာဗျ။ ချောက်ချနေတာ။ တခြား ဘာသက်သေ အထောက်အထားမှ ထပ်မလိုဘူး။ အဲဒီအချက် တစ်ချက်တည်းနဲ့တင် ကျုပ် အပိုင်ပြောလို့ ရတယ်။ သူက ကျုပ်ကို ချောက်ချနေတယ် ဆိုမှတော့ သူက မြွေပွေးပဲ ဆိုတာ သိပ်ကို သေချာလွန်းနေပြီ။ သူက ဘာဖြစ်လို့ ကျုပ်ကို ချောက်ချ ချင်ရတာလဲ။ ရှင်းရှင်းလေးပါ။ ပြဿနာကို မရှုပ်ရှုပ်အောင် လုပ်ပြီး ကိုယ်လွတ် ရုန်းသွားချင်လို့ပဲပေါ့"

ဆိုတော့ ... မြွေပွေးက ဘယ်သူလဲ ဆိုတဲ့ အဓိကမေးခွန်း၊ အထိမခံတဲ့ မေးခွန်းကို ဗိုလ်ကြီးအောင်သူက နည်းနည်းလေးမှ မတွန့်ဆုတ်ဘဲ၊ နည်းနည်း လေးမှ မငဲ့ကွက်ဘဲ ချိုမာပါလို့ ယတိပြတ် ပြောချလိုက်တယ်။ အကြောင်းအရင်း

mgyoe.com

mgyee.com SAMPLE BOOK

က ဘာလဲ ဆိုတော့ ချိုမာက အမှန်တရားကို ပုံပျက်အောင် လုပ်ပြီး သူ့ကို ချောက်ချခဲ့လို့။

ဟိဟာရက အသံဖမ်းခန်းထဲမှာ ဗိုလ်ကြီးအောင်သူရဲ့ စကားကို နားထောင်ပြီးတဲ့နောက် အနားမှာ ရှိတဲ့ ဦးဟန်ထွန်းကို လေးနက်တဲ့ လေသံနဲ့ စကားဆိုတယ်။

"သူ ပြောတာ အင်မတန်မှ အဓိပ္ပာယ်ရှိတယ်။ တကယ်လို့သာ သူ ချိုမာရဲ့ ရုံးခန်းထဲကို မဝင်ခဲ့ပါဘူးလို့ သက်သေထွက်ဆိုပေးမယ့် လူတစ်ယောက်. ယောက်ကိုသာ ရှာနိုင်ခဲ့မယ် ဆိုရင် ချိုမာက မြွေပွေးပဲ ဖြစ်ရမယ်လို့ ကျုပ် အခိုင်အမာ ယူဆလို့ ရပြီ"

"ဒါပေမဲ့ အဲဒီလို သက်သေခံပေးနိုင်မယ့် သူကို သူ ရှာမတွေ့ဘူးလေ"

ဦးဟန်ထွန်းကလည်း လေးလေးနက်နက် ထုတ်ပြောလိုက်တယ်။ သူ့ သခင်က အဲဒီအမှန်တရားကို မေ့နေလို့ ပြန်သတိပေးနေတဲ့ အတိုင်းပဲ။

"ဟုတ်တယ်"

ဟိဟာရက ပြောတယ်။

"ဒါကြောင့် သူ့စကားက အလကားပဲပေါ့"

လက်စသတ်တော့ သူ့ကို လှောင်နေတာကိုး။

ဦးဟန်ထွန်းက တဟီးဟီး ရယ်ရင်း ပြောတယ်။

"ဗိုလ်မှူးကို ဆဲထားတာတွေလဲ အဲဒီလိုပဲ ယူဆရတော့မှာပေါ့"

ဟိဟာရက အားရပါးရ ပြုံးလိုက်ပြီး-

"ဟုတ်တယ်၊ ကျုပ်တို့ စကားပလွှင့် ခံထားပြီးသားနော်။ ဒီစကား ဒီမှာပဲ ပြီးစေတော့ ..."

(၈)

မျက်နှာချင်းဆိုင်က တိုက်ထဲမှာ အူမြူးဝမ်းမြောက်နေပေမဲ့လို့ ဒီဘက်မှာတော့ ပတ်ဝန်းကျင်လေထုက သေချင်စေခဲ့ နံနေတယ်။ ဗိုလ်ကြီးအောင်သူ ဝုန်းဒိုင်းကြဲပြီး ထွက်ခွာသွားတော့ တပ်ကြပ်ကြီးမျိုးဇော်က လေးလံတဲ့ ခြေလှမ်းတွေနဲ့ ရောက်ချလာတယ်။

တပ်ကြပ်ကြီးမျိုးဇော်က ဝက်မျက်နှာနဲ့လူ၊ ကုပ်က တိုတို၊ ပါးစပ်က

mgyee.com

mgyoe.com SAMPLE BOOK

ပြပြ၊ မျက်လုံးက မှေးမှေး၊ နှာခေါင်းက လန်လန်၊ ဗိုက်က ရွဲရွဲ၊ တကယ့်ကို ဘီယာဗိုက်။ အပြင်ပန်းကြည့်ပြီး ပြောကြေးဆိုရင်တော့ သူက တကယ့်ကို ဝက်တစ်ကောင်သာသာပဲ။ ဒါပေမဲ့ စိန်ကဲ့ ကျောက်ကဲထက် လူကဲခတ်ရတာ ပိုခက်တယ်လို့ အဆိုရှိတယ် မဟုတ်လား။ ဒီတော့ ရုပ်ရည်ကိုကြည့်ပြီး လူတစ်ယောက်ရဲ့ အဆင့်အတန်းကို သာမန်ကာလျှံကာ မသတ်မှတ်လိုက်တာပဲ ပိုကောင်းပါလိမ့်မယ်။ ဒီလူတွေထဲမှာတော့ သူက အသက်အားဖြင့် အကြီးဆုံးပဲ။ အဲဒီခေတ် လူ့သက်တမ်းနဲ့ တွက်ရင် သေခါနီးအရွယ်လို့တောင် ပြောလို့ ရနေပြီ။ လုပ်ငန်းအတွေ့အကြုံပိုင်းမှာလည်း သူက ဝါအရင့်ဆုံး။ သူတို့ဌာနထဲမှာ သမ္မာအရင့်ဆုံး ပုဂ္ဂိုလ်လို့တောင် ပြောနိုင်တယ်။ ပုံမှန်အားဖြင့်တော့ သူက အရှုပ်အရှင်း ကင်းတယ်။ ပြဿနာအများစုကို ပါးပါးနပ်နပ်နဲ့ ရှောင်ရှားတတ်တဲ့ လူစားမျိုးပဲ။ ဒါကြောင့် အထက်လူကြီးတွေနဲ့ လုပ်ဖော်ကိုင်ဖက်တွေက သူ့ကိုဆိုရင် သိပ်ပြီး တွန်းတွန်းတိုက်တိုက် မလုပ်တတ်ကြတာ သဘာဝကျပါတယ်။ သူက ဘယ်သူ့ကိုမဆို အလိုက်အထိုက် ဖားရင်ဖား၊ မဖားရင်လည်း မြှောက်ပြောဖို့ ဝန်လေးတဲ့သူ မဟုတ်ဘူး။ သူက ဝက်ဖြစ်နေရတာကို အတော်လေး အသားကျနေပြီလား မဆိုနိုင်ဘူး။ အစည်းဝေးခန်းထဲ ရောက်ပြီဆိုတာနဲ့ ဗိုလ်လေးကို တအီအီ ညည်းပြနေသံတွေ ဟိဟာရတို့ ကြားလိုက်ကြရတယ်။

တပ်ကြပ်ကြီး - အောင်မယ်လေးဗျာ။ ဘယ်ဘဝက ဝဋ်ကြွေးတွေလဲ မသိပါဘူး။ ဒီလို ဒီလိုပြဿနာမျိုးနဲ့ လာကြုံနေရတာ အတော်ကို ကံဆိုးတာပဲ။ ကျွန်တော့်ထိုင်ခုံလဲ မမြဲတော့ဘူး ထင်ပါတယ်ဗျာ။

ဗိုလ်လေး - အဲဒီလိုလဲ ပြောလို့ မရသေးပါဘူး။ တကယ်လို့ ဆရာကြီးက မြွေပွေးကို အမှောင်ထဲကနေ ကော်ထုတ်ပေးနိုင်ခဲ့ရင် ရာထူးတောင် တက်ချင် တက်နေဦးမှာ။

တပ်ကြပ်ကြီး - ဗိုလ်လေးရာ၊ ကျွန်တော် မေးပါရစေဦး။ ဘယ်သူက မြွေပွေးလဲဆိုတာကို အခုထိ ခင်ဗျားတို့ သဲလွန်စ မရကြသေးဘူးလား။

ဗိုလ်လေး - အဲဒါကို ကျွန်တော်က မေးရမှာလေဗျာ။

တပ်ကြပ်ကြီး - အောင်မယ်လေးဗျာ။ ကျွန်တော်က ဗိုလ်လေးတို့လို အဆက်အသွယ် ကောင်းတာမှ မဟုတ်တာ။ ဗိုလ်လေးတို့လို အဝေးကြီးဘယ်မြင်နိုင်ပါ့မလဲ။

mgyoe.com

mgyoe.com SAMPLE BOOK

ဗိုလ်လေး – ဆရာကြီး၊ ခင်ဗျား မှားနေပြီဗျ။ အခုဟာက အဝေးကြီး မြင်စရာ မလိုဘူး။ ရှင်းရှင်းလင်းလင်း မြင်ဖို့ပဲ လိုတာ။ စုစုပေါင်း လေးယောက် ရှိတယ်ဗျာ။ တစ်ယောက်ကတော့ ခင်ဗျားကိုယ်တိုင်ပေါ့။ နှစ်ယောက်က ခင်ဗျားရဲ့ လက်အောက်က။ ဒီတော့ ခင်ဗျားနဲ့ ကျွန်တော် ဘယ်သူက ပိုမြင်နိုင်မယ် ထင်လဲ။ ဘယ်သူ့အမြင်က ပိုရှင်းမယ် ထင်လဲ။

တပ်ကြပ်ကြီး – အောင်မယ်လေး... ဗိုလ်လေးရယ်။ ဗိုလ်လေးက ကျွန်တော့်ကို တောင် မယုံကြည်တော့ဘူးပေါ့။

ဗိုလ်လေး – ဆရာကြီးရေ၊ ခင်ဗျားကို ကျွန်တော် မယုံကြည်တာ မဟုတ်ပါဘူး၊ အရှိအရှိအတိုင်း ပြောပြရတာပါ။ ဘယ်နေရာမှာပဲဖြစ်ဖြစ် သူ့တာဝန်၊ ကိုယ့်တာဝန် ဆိုတာ ရှိကြစမြဲပဲ မဟုတ်လား။

တပ်ကြပ်ကြီး – အဲဒါ ခက်နေတာပေါ့၊ ဗိုလ်လေးရယ်။ မိုးကြိုးပစ်ရပါစေရဲ့ဗျာ။ ကျွန်တော့်စိတ်ထဲမှာသာ တရားခံကို ဘယ်သူဘယ်ဝါမှန်း ရိပ်စားမိနေရင် ကျွန်တော် ဗိုလ်လေးတို့ကို ဖွင့်မပြောဘဲ ဘယ်နေပါ့မလဲ။ ခက်တာက ...

သူအားရပါးရ ခေါင်းခါလိုက်တဲ့အသံကိုတောင် ဟိဟာရကြားလိုက်ရတယ်။

ခေါင်းခါတယ် ဆိုတာက ဘာမှ မတတ်နိုင်လို့ အပြစ်မရှိလို့ စိတ်သောက ရောက်နေလို့၊ ဗိုလ်လေးရဲ့ မေးခွန်း (ဘယ်သူက မြွေပွေးလဲ) အတွက် ပြောစရာ စကား မရှိလို့၊ သူ့ဦးနှောက်ခွံကြီးထဲ ဟာလာဟင်းလင်း ဖြစ်နေတယ်။ မျက်နှာက မချိတင်ကဲ ပြုံးနေတာမျိုး မဟုတ်ဘူးဆိုရင် အင်းအဲ အင်းအဲနဲ့ ဘာမှ ပြန်မပြောတော့ဘူး။ ဘာမှ မတုံ့ပြန်တော့ဘူး။ မတုံ့ပြန်ဘူး ဆိုတာကလည်း သိလျက်နဲ့ တမင် ဖုံးကွယ်ထားတာမျိုး မဟုတ်ပြန်ဘူး။ မသိလို့ကို မတုံ့ပြန်နိုင်တဲ့ အဖြစ်မျိုး။ နောက်တော့ သူမျက်နှာက ငိုမဲ့မဲ့တောင် ဖြစ်လာတယ်။ သူ့အတွင်းစိတ်မှာ ဖြစ်ပေါ်နေတဲ့ မသိမှု၊ ခိုကိုးရာမဲ့မှုနဲ့ မလုပ်တတ် မကိုင်တတ် ဖြစ်နေမှုတွေကို ထင်ဟပ်ပြလိုက်တာ ဖြစ်မယ်။ အပါးတော်မြကများ သူ့ကို သနားလာမလားပေါ့။ သူ့ကို ကူညီပေးလာမလားပေါ့။ သူ့ကို ဒီဒုက္ခပင်လယ်ထဲကနေ ကယ်ထုတ်ပေးနိုင်မလားပေါ့။

အမှန်အတိုင်းပြောရရင် မျက်နှာချင်းဆိုင်မှာ ထိုင်နေတဲ့ ဗိုလ်လေးပဲဖြစ်ဖြစ်၊ အသံဖမ်းစက်ရဲ့ အခြားတစ်ဖက်စွန်းမှာ ရှိနေတဲ့ ဦးဟန်ထွန်းပဲ ဖြစ်ဖြစ်

mgyoe.com

mgyoe.com SAMPLE BOOK

ငိုမဲ့မဲ့ ဖြစ်နေတဲ့ သူ့ရဲ့ မျက်နှာအမူအရာနဲ့ စကားသံကို မြင်ရ ကြားရတော့ သူ့ကို မြွေပွေး မဟုတ်ပါစေနဲ့လို့ စိတ်ထဲကနေ တိတ်တဆိတ် မျှော်လင့်နေမိကြတယ်။ သူ့ကို ဒီဒုက္ခတောထဲကနေ လွတ်မြောက်သွားပါစေလို့လည်း ဆုတောင်းပေးမိပါရဲ့။ ဒါပေမဲ့ လွတ်မြောက်ချင်သပ ဆိုရင်တော့ ကိုယ့်ကိုယ်ကိုယ် မြွေပွေးပါလို့ ဝန်ခံချင် ဝန်ခံလိုက်။ အဲဒီလိုမှ မဟုတ်ရင်လည်း ကျန်တဲ့ လူသုံးယောက်ထဲက တစ်ယောက်ယောက်ကို လက်ညှိုးထိုးနိုင်မှ ဖြစ်မယ်။ ရမ်းသန်းပြီး စွပ်စွဲတာမျိုး ဖြစ်ချင် ဖြစ်နေပါစေပေါ့။ အဲဒါ ဟိဟာရ သတ်မှတ်ထားတဲ့ နည်းဥပဒေသပဲ။ ဒါကြောင့် နောက်ဆုံးမှာ ဗိုလ်လေးက သူ့ကို အခုလို ပြောလိုက်တယ်။

"ဒီလိုလုပ်ဗျာ ဆရာကြီး၊ သုံးယောက်ထဲက တစ်ယောက်ရွေးဗျာ။ တစ်ယောက် ရွေးပေးလိုက်ရင် ရပြီ"

ဒါ သူ့ကို သနားစာနာရာ ရောက်သွားပြီ။

အခုလို အခြေအနေမျိုးမှာ ဆုပ်လည်းစူး၊ စားလည်းရူးမို့ တပ်ကြပ်ကြီးက မြသန္တာကို ရွေးချယ်လိုက်တယ်။ အကြောင်းပြချက်က ဘာလဲဆိုတော့ အရင်က မြသန္တာရဲ့ ပြောစကားတွေထဲမှာ အနီဆန်တဲ့ စကားလုံးတွေ ပါလာတတ်ပြီး ရုံးပြင်ထွက်ခွင့်ရတဲ့ အကြိမ်အရေအတွက်က အတော်လေး များနေလို့ပါတဲ့။

ဗိုလ်လေးက သူ့ကို ဒီထက်ပိုပြီး အသေးစိတ်ပြောဖို့ တောင်းဆိုတယ်။ အချိန်၊ နေရာ၊ အကြောင်းအရာ ...။ တပ်ကြပ်ကြီးမျိုးဇော်က ဦးခေါင်းကို တဗျင်းဗျင်း မြည်အောင် ကုတ်ပြီး အသည်းအသန် စဉ်းစားလိုက်တယ်။ နောက်တော့ ထစ်အထစ်အနဲ့ ပြောလာတယ်။

တပ်ထဲက လူပျိုလူလွတ်တွေက ပုံမှန်အားဖြင့် တပ်အပြင်ကို ထွက်ခွင့် မရှိဘူးလို့ စည်းကမ်းသတ်မှတ်ထားပေမဲ့ သူက အမြဲတမ်းလိုလို တစ်ယောက်တည်း ထွက်ထွက်သွားတတ်တယ်။

တစ်ခါတလေ သူ ပြောတဲ့ စကားတွေက ကျွန်တော်တောင် နားမထောင်ရဲဘူး။ မတော်တဆ နားထောင်မိရင်လည်း ကျောချမ်းသွားတယ်။

သူက ရုံးခန်းထဲမှာတောင် နိပ္ပန်တပ်မတော်ကို ဆဲနေတတ်တယ်။ နိပ္ပန်တပ်မတော်က တပ်သားတွေကို ဂျပန်ငပုတွေ ဘာညာနဲ့ တခြား အဆဲပေါင်းစုံနဲ့ မိုးမွန်အောင် ဆဲနေတတ်တယ် ...

သူက အလုပ်ကိုလည်း စိတ်ပါလက်ပါ မလုပ်ဘူး။ မနှစ်ကဆိုရင် သူက

mgyoe.com

mgjoe.com SAMPLE BOOK

သူပုန်သတင်း ပါတဲ့ ကြေးနန်းတစ်စောင်ကို လက်ထဲ ကိုင်ထားပြီး အချိန်ဆွဲနေလို့ ဒုက္ခရောက်ဖို့ တဲတဲလေးပဲ လိုတော့တယ် ...

တကယ်လို့သာ သူက ကွန်မြူနစ်သူပုန် ဆိုရင် အတော်ကို ကြောက်စရာ ကောင်းမှာပဲ။ သူက သူ့အဖေနဲ့ လိုက်ပြီး ရန်ကုန်မှာ ရာထူးကြီးကြီးတွေနဲ့ တွေ့ဆုံ တတ်တယ်။ ကြားရသလောက်ဆိုရင် အဓိပတိ ဒေါက်တာဘမော်ရဲ့ အိမ်တော်ကို တောင် သူ ရောက်ဖူးတယ်တဲ့ ...

ပြောနေတဲ့သူတော့ မသိဘူး။ နားထောင်နေရတဲ့ သူတောင် အတော် ပင်ပင်ပန်းပန်း နားထောင်ယူနေရတယ်လို့ ဟိဟာရ ခံစားနေရတယ်။ ခွေးအကြီး လှည်းနင်းခံထားရသလို အထစ်ထစ် အငေါ့ငေါ့၊ ပြီးတော့ ပွစိပွစိနဲ့ တောင်စဉ် ရေမရ လျှောက်ပြောနေလိုက်တာများ အပြစ်ပေးခံရတာကို မကျေနပ်လို့ မြည်တွန် တောက်တီးနေတဲ့ ကလေးတစ်ယောက် ကျနေတာပဲ။ ပြောနေတဲ့ စုကားတွေ ကလည်း အခုတစ်မျိုး တော်ကြာတစ်မျိုး၊ အရှုးစကား နားထောင်နေရသလို ဟိုရောက် ဒီရောက်နဲ့။ အချုပ်ပြောရရင်တော့ သူ ဘာကို ပြောချင်လို့ ပြောချင် နေမှန်းကို မသိတော့တဲ့ အဆုံးမှာ ဟိဟာရလည်း ရယ်ရယ်မောမောနဲ့ ပစ်ထား လိုက်ရတော့တယ်။

(ဃ)

နောက်တစ်ယောက် အလှည့်ကျတဲ့သူကတော့ ချိုမာ။

ဗိုလ်ကြီးအောင်သူက သူ့ကို မြွေပွေးပါလို့ ဦးအောင် စွဲချက်တင်ထား ခဲ့လို့ ဖြစ်မယ် ထင်တယ်။ ဗိုလ်လေးထွန်းမြင့်က ချိုမာနဲ့ စကားစတဲ့အခါမှာ စစချင်းမှာတင် အင်မတန်မှ အားမာန်ပြည့်နေသလိုပဲလို့ ဟိဟာရ ခံစားနေရ တယ်။ မျက်နှာပေါ်မှာလည်း ကျေနပ်အားရတဲ့ အပြုံးမျိုး တွဲခိုနေလိမ့်မယ် ထင် တယ်။

ဗိုလ်လေး – ဒေါ်ချိုမာက အကင်းပါးသူတစ်ယောက်ပါ။ ဒီတော့ ကျွန်တော် ခင်ဗျားကို ဘာအတွက်နဲ့ ဒီကို ခေါ်ရသလဲဆိုတာ သိထားပြီး ဖြစ် မှာပေါ့။

ချိုမာ – ...

ဗိုလ်လေး – ဒေါ်ချိုမာက ကြေးနန်းဝှက်စာ ဖော်တဲ့အပိုင်းမှာ ဆရာကြီးတစ်ဆူ လေ။ ဝှက်စာတွေ ဆိုတာက ခင်ဗျားအတွက်တော့ ထမင်းစား

mgjoe.com

mgyoe.com SAMPLE BOOK

ရသောက်ပဲ မဟုတ်လား။ မနေ့က ပကာသနိုဂ်က်စာကိုလဲ ဖော်လိုက်တာ ဘယ်လောက်မှ ကြာတာ မဟုတ်ဘူး။ အဲဒါ ခင်ဗျားရဲ့ အစွမ်းအစပဲ ဖြစ်ဖို့ များတယ်။ ဒီတော့ ဒီနေ့စကားဝုက် ဖြစ်တဲ့ မြွေပွေးစကားဝုက်ကိုလဲ ခင်ဗျား မြန်နိုင်သမျှ အမြန်ဆုံး ဖြေပေးရင် ကောင်းမယ်။

ချိုမာ - ...

ဗိုလ်လေး - ဘယ်လိုလဲဗျ၊ မပြောချင်တာလား။ ဒါမှမဟုတ် ပြောစရာ မရှိတာလား။

ချိုမာ - ...

ဗိုလ်လေး - ခင်ဗျားက စကားနည်းတဲ့ လူတစ်ယောက် ဆိုတာ ကျွန်တော် သိပါတယ်။ တချို့က ပြောကြတယ်။ ခင်ဗျားက ဒီကမ္ဘာမှာ အလုပ်တာဝန် အကျေပွန်ဆုံး ကြေးနန်းရုံး ဝန်ထမ်းတစ်ယောက်ပဲတဲ့။ ပြီးတော့ ပါးစပ်ကလဲ သိပ်လုံတာ။ ဒါပေမဲ့ ဒီနေ့၊ အခု၊ ဒီအချိန် ဒီအခါမှာ ခင်ဗျားက ကြေးနန်းရုံးဝန်ထမ်းတစ်ယောက် မဟုတ်ဘူး။ မြွေပွေးနဲ့ ပတ်သက်တဲ့ သံသယတရားခံတစ်ယောက် ဖြစ်နေတယ်။ ခင်ဗျား အခုလို ရေငုံနှုတ်ပိတ်နေလို့ မရဘူး။ တစ်ခုခု ပြောကို ပြောရမယ်။

ချိုမာ - ...

ဗိုလ်လေး - ကဲ ... ဘာအဓိပ္ပာယ်လဲ၊ ဒေါ်ချိုမာ။ စကားပြောဦးလေဗျာ။ ဆွဲချလုပ်မလား၊ အပြစ်ဝန်ခံမလား။ တစ်ခုခုတော့ ခင်ဗျား လုပ်မှ ဖြစ်မယ်။

ဗိုလ်လေးထွန်းမြင့်က အတင်းကာရော မရမက မေးနေရင်းနဲ့ စပီကာထဲကနေ ဘာလူသံကိုမှ မကြားရတော့ဘူး။ လူသံ ကြားရမယ့်အစား ဗလစ် ဗလစ် ဆိုတဲ့ အသံတွေပဲ စည်းချက်ကျကျ ထွက်ပေါ်လာတယ်။ ဗိုလ်လေးက တိုင်ကပ်နာရီကြီး တစ်လုံးနဲ့ စကားပြောနေတဲ့ အဲ့တိုင်းပဲ။

"အဲဒါ ဘာအသံလဲ"

ဟီဟာရက မေးတယ်။

"ကျွန်တော်လဲ မသိဘူး"

ဦးဟန်ထွန်းက ဖြေတယ်။

ခေါင်းဖြီးနေတဲ့ အသံပါ။ သူက မေးတာကို မဖြေဘဲ ခပ်တည်တည်နဲ့ ခေါင်းဖြီးနေတယ်။ အတော်ဟုတ်တဲ့ ဟာမပဲ။

mgyoe.com

m gyoe.com SAMPLE BOOK

ဗိုလ်လေးက သည်းမခံနိုင်တော့ဘဲ အသံက မာထန်လာတယ်။

"ဒီမယ် ဒေါ်ချိုမာ၊ ကျုပ် ပြောမယ်။ ခင်ဗျားကို မြွေပွေးပါလို့ တိုင်ချက် ဖွင့်ထားတဲ့သူ ရှိတယ်၊ ခင်ဗျား နှုတ်ဆိတ်နေရတဲ့ အကြောင်းအရင်းက ကိုယ့်ကိုယ် ကိုယ် မြွေပွေးပါလို့ ဝန်ခံနေတဲ့ သဘောလား"

အခုတော့ ချိုမာ ခေါင်းထောင်လာပြီ။ သူက ဗိုလ်လေးကို ကြည့်ပြီး အေးတိအေးစက် လေသံနဲ့ ပြောလိုက်တယ်။

"ဗိုလ်လေး၊ ကျွန်မလဲ ရှင့်ကို ပြောပြရဦးမယ်။ လွန်ခဲ့တဲ့ ၁၅ နှစ်က ကျွန်မရဲ့အဖေကို အင်္ဂလိပ်နယ်ချဲ့တွေက ဘက်နက်နဲ့ ထိုးသတ်ခဲ့တယ်။ လွန်ခဲ့တဲ့ သုံးနှစ်က ကျွန်မရဲ့ အစ်ကိုလတ်ကို ကွန်မြူနစ်တွေက ရေနှစ်သတ်ခဲ့တယ်"

ဗိုလ်လေး – အဲဒီတော့ ဘာဖြစ်လဲ။

ချိုမာ – ကျွန်မ ကွန်မြူနစ် မဟုတ်သလို အင်္ဂလိပ်နယ်ချဲ့ရဲ့ လက်ပါးစေလဲ မဟုတ်ဘူး။

ဗိုလ်လေး – ကွန်မြူနစ်လဲ မဟုတ်ဘူး၊ နယ်ချဲ့လက်ပါးစေလဲ မဟုတ်ဘူး ဆိုရင် ဘာဖြစ်လို့ ဗိုလ်ကြီးအောင်သူကို ချောက်တွန်းချင်ရတာလဲ။

ချိုမာ – တကယ်လို့ကျွန်မက သူ့ကို ချောက်တွန်းတာပါ ဆိုရင်တော့ ကျွန်မက အကြားအမြင်ရထားလို့ပဲ ဖြစ်ရတော့မှာပေါ့။

ဗိုလ်လေး – ခင်ဗျား ဘာပြောချင်တာလဲ။ အူကြောင်ကြောင်နဲ့ ...

ဟိဟာရကလည်း ချိုမာရဲ့ စကားကို အူကြောင်ကြောင်နိုင်တယ်လို့ ယူဆနေမိတယ်။ ဒါပေမဲ့ သူ ရှင်းပြပြီးတဲ့နောက်မှာတော့ မျက်နှာချင်းဆိုင်က ဗိုလ်လေးရော၊ အကွယ်တစ်နေရာမှာ ရှိနေကြတဲ့ ဟိဟာရနဲ့ ဦးဟန်ထွန်းရော သူ့ပြောစကားကို အဓိပ္ပာယ်ရှိတယ်လို့ သဘောပေါက်လာကြတယ်။ သူက အရင်ဆုံး ဗိုလ်လေးကို မေးခွန်းထုတ်လိုက်တယ်။ မနေ့ညက သူတို့ ဒီကို ဘာကိစ္စ အတွက်နဲ့ လာကြရသလဲ ဆိုတာကို ဗိုလ်လေး သိ၊ မသိ မေးလိုက်တယ်။

ဘယ်သိပါ့မလဲ။

ဘယ်သူမှ မသိကြဘူးလေ။

ချိုမာက ပြောတယ်။

"ရှင် မသိဘူး။ ကျွန်မလဲ မသိဘူး။ ဒီတော့ ရှင်ပဲ စဉ်းစားကြည့်ပေါ့။ ကျွန်မက ဒီကို ဘာအတွက် ရောက်နေရသလဲ ဆိုတာကို နားကန်းတစ်လုံးမှ မသိပါဘဲနဲ့ ဗိုလ်မှူးဆီမှာ ဘယ်လိုလုပ်ပြီး သူ့ကို ချောက်တွန်းနိုင်ပါ့မလဲ"

mgyoe.com